


အခန်းကြီး – ၁

# အစကနဦး


ဒီအကြောင်းအရာတွေကို ဟိုးနှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက စာအုပ်တစ်အုပ်မှာ ရေးထားတယ်။ အခုပြောမယ့်အရာအားလုံးက အမှန်တွေချည်းဘဲ။ တစ်ချို့ဟာတွေကတော့ ယုံရခက်တယ်။ ဒါပေမယ့်
တစ်ခါ တစ်လေမှာ အဖြစ်မှန်တွေဟာ စိတ်ကူးယဉ်တာထက်တောင်မှ ပိုဆန်းကြယ်တယ်။


အစကနဦးတုန်းက .....
မဟုတ်သေးဘူး၊ အစကနဦးမတိုင်ခင်တုန်းက၊
အရင်ဆုံးလူသားတစ်ဦး ဖန်ဆင်းခြင်း မခံ
ရမှီအချိန်၊ ကမ္ဘာမြေကြီး၊ နေ၊ ကြယ်တွေ ပြီးတော့
အလင်းတန်းတွေတောင်မှ
မဖြစ်လာသေးတဲ့အချိန်တုန်းက
ဘုရားသခင်ဟာရှိနေတယ်။
ဒါပေမယ့်ဘုရားသခင်ဟာ သူ့
ရဲ့ဘဝကိုဝေမျှချင်တယ်။ သူငယ်ချင်းတွေ၊
အပေါင်းအပါတွေကို သူလိုချင်တယ်။
အစကနဦးမဖြစ်မီကတည်းက
သူရှိနေတယ်။ ဒါပေမယ့်သူဟာ
အထီးမကျန်ပါဘူး။
သူဟာချစ်ခြင်းမေတ္တာပြည့်ဝတဲ့
သုံးပါးတစ်ဆူဘုရားအနေနဲ့
တည်ရှိနေတာဖြစ်တယ်။


ကျမ်းစာကတော့ပြောတယ်၊ ဟိုးမဆုံးနိုင်တဲ့အတိတ်ကာလတုန်း
ကဘုရားသခင်က သူ့ရဲ့ ပလ္လင်ကို ဝန်းရံပြီး ဂုဏ်တော်ကိုချီးမွမ်းဖို့အ
တွက် ကောင်းကင်တမန်တွေကိုဖန်ဆင်းခဲ့တယ်။ ဒါပေမယ့် လူစီဖာက
သူတို့ထဲက သုံးပုံတစ်ပုံကိုဦးဆောင်ပြီး ပုန်ကန်ခဲ့တယ်။ ဘုရားသခင်က
သူတို့အားလုံးကို ကောင်းကင်ဘုံကနေ မောင်းထုတ် လိုက်ပြီး၊
အဲဒီကတည်းက လူစီဖာလည်း စာတန်ဖြစ်သွားခဲ့တယ်။




စာတန်မာရ်နတ်၏ရာဇဝင်နှင့် သူ၏အနာဂတ်ကိုဖော်ပြထားသောကျမ်းပိုဒ်များမှာ– ဟေရှာယ ၁၄:၁၂–၁၄၊ ၄၅:၁၈၊ ယေဇကျေလ ၂၈:၁၃–၁၉၊ မဿဲ ၂၅:၄၁၊ လုကာ ၁၀:၁၈၊ ဗျာဒိတ် ၁၂:၄၊ ၂၀:၂

အစအဦးက ဘုရားသခင်ဟာ ကောင်းကင်နဲ့
မြေကြီးကိုဖန်ဆင်းတော်မူတယ်။ ကမ္ဘာကြီးဟာ သဏ္ဍာန်မ
ရှိဘဲ အချီးအနှီးသက်သက်ဖြစ်ပြီး ဖန်ဆင်းရှင်ဟာ
ရေပေါ်မှာဘဲ သွားလာလပ်ရှားတယ်။



ရုတ်တရက် ဘုရားသခင်ဟာ
အမှောင်ထုကိုအမိန့်ပေးလိုက်တယ်။




ပြီးတော့ လူသားတွေ နားလည်ထားတဲ့
အချိန်ဆိုတာ စတင်ဖြစ်ပေါ်လာတယ်။



‘ါတွေဟာ အခုခေတ်လူသားတွေ ယူဆထားသလို ဖြစ်လာတာမဟုတ်ဘူး။
ဖန်ဆင်းရှင်ဟာ တဖြေးဖြေးဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်ကို အသုံးမပြုခဲ့ဘူး။
ဖန်ဆင်းခြင်းအရာအားလုံးတွေဖြစ်လာဖို့ သူဟာရိုးရိုးလေးဘဲအမိန့်
ပေးတာဖြစ်တယ်။ နှစ်ဆယ့်လေးနာရီ ရက်ခြောက်ရက်အတွင်း ဘုရားသခင်ဟာ
ကမ္ဘာမြေကြီးအတွက် အပင်နဲ့တိရိစ္ဆာန်တွေကို ဖန်ဆင်းခဲ့တယ်။


(ခန့်မှန်းခြေအရ ဘီစီ ၄၀၀၄) ကမ္ဘာဦးကျမ်း ၁း၂–၃


ခြောက်ရက်မြောက်တဲ့နေ့မှာ
ဘုရားသခင်ဟာ မြေမန့်ကနေပြီး
ဖန်ဆင်းခြင်းအသစ်တစ်ခုကို လုပ်ခဲ့တယ်။
‘ါနဲ့ လူ့ရဲ့ခန္ဓာဟာမြေကြီးကဖြစ်လာပြီး
အသက်ကိုတော့ ဘုရားသခင်ဆီက
တိုက်ရိုက်ရရှိခဲ့တယ်။




ကမ္ဘာဦးကျမ်း ၁း၃၁၊ ၂း၇


ဘုရားသခင်က အာဒံနဲ့နေ့တိုင်းစကား ပြောပြီး
အရာရာဟာ လွန်စွာမှအားရဖို့ကောင်းတယ်။
ဘုရားသခင်ဟာတိရစ္ဆာန်တွေအားလုံးကို အာဒံ
ဆီယူဆောင်လာပြီးတစ်ကောင်ချင်းစီအတွက်
နာမည်ပေးစေတယ်။အဲ့ဒီတိရစ္ဆာန်တွေကိုကြည့်ပြီး
အာဒံဟာသူတို့လိုကြင်ဖော်မရှိတာကို
သတိပြုမိလာတယ်။


၍ တငူ ၁ငှန
ေ ၁အေနာ အသ
့နူစ ဗိ၁ေ၏
ဘုရားသခင်ဟာ အာဒံကိုနှစ်ခြိုက်စွာအိပ်မောကျစေပြီး
သူ့ဘေးက သူ့ရဲ့နံရိုးတစ်ချောင်းကို ထုတ်ယူ
လိုက်တယ်။ အဲဒီနံရိုးနဲ့ဘဲ ဘုရားသခင်ဟာ
အာဒံအတွက်ကြင်နာမအပြည့်နဲ့အကူအညီဖြစ်စေမယ့်
မိန်းမချောလေးတစ်ယောက်ကို ဖန်တီးလိုက်တယ်။


ဘုရားသခင်ဟာ အာဒံ ကိုနှိုးလိုက်ပြီး အမျိုးသမီးကိုလည်း သူ့ဆီကိုခေါ်ဆောင်လာတယ်။ သူတို့ကိုလည်း ကမ္ဘာလောကကြီးအတွက် ကလေးတွေမွေးဖို့လည်းပြောလိုက်တယ်။
သူတို့နှစ်ယောက်စလုံးဟာ ကိုယ်လုံးတီးတွေဘဲ။ ဒါပေမယ့် ကလေးတွေလိုဘဲ ဒါတွေကိုသူတို့သတိမပြုမိကြဘူး။
သူမဟာငါ့ရဲ့အရိုးထဲကအရိုး၊ အသားထဲကအသားဘဲ။
စာတန်မာရ်နတ်ကတော့စောင့်ကြည့်နေတယ်။

သူတို့ဟာ ဥယျာဉ်ထဲမှာ ပျော်ကြတယ်။
အပြစ်တွေ၊ ဆာလောင်မတွေမရှိဘူး။
ပူလွန်း၊ အေးလွန်းတာတွေလည်း မရှိဘူး။




ကမ္ဘာဦးကျမ်း ၁း၂၈၊ ၂း၂၊ ၁၆–၂၂၊ ၂၅

စာတန်ဟာဘုရားသခင်ကိုမုန်းတီးတဲ့အတွက်သူလုပ်တဲ့အရာတွေကို ဖျက်ဆီးချင်တယ်။ ဒါပေမယ့်ဧဝနဲ့စကားပြောနိုင်မယ့်နည်းလမ်းကိုလိုအပ်တယ်။ ဒါကြောင့် စာတန်ဟာ လှပတဲ့အကောင်တစ်ကောင်ရဲ့အထဲကို ဝင်ပူးပြီး ဧဝနဲ့စကားပြောတယ်။




ဒါကိုကြည့်လို့လည်းလှတယ်၊
စားလို့လည်းတော်တော်ကောင်းမှာဘဲ။
ဒါကိုစားရင်လည်း အမျှော်အမြင်ရှိလာ
လိမ့်မယ်။ ဒါပေမယ့် ဒီအသီးကိုမစားဖို့
ဘုရားသခင်ပြောထားတယ်။
ကောင်းမြတ်ခြင်းနဲ့ ဆိုးယုတ်ခြင်းတွေဟာ
ဘာလဲဆိုတာကို ဧဝမသိဘူး။


သူလှည့်ဖျားခြင်းခံရတယ်ဆို
တာကိုဝေကနောက်ကျမှ
သိရတယ်။
ကောင်းမြတ်ခြင်းနဲ့ ဆိုးယုတ်ခြင်းကို
ကောင်းတဲ့ဘက်က မဟုတ်ဘဲ
ဆိုးတဲ့ဘက်က သူသိမြင်ခဲ့ရတယ်။





ကမ္ဘာဦးကျမ်း ၃း၁–၆။ ဗျာဒိတ် ၂၀း၂



သူတို့ရဲ့အမြင်ပွင့်လင်းလာမတို့ကြောင့် သူတို့ကိုယ်လုံးတီး နေရတဲ့အဖြစ်ကိုရှက်နေကြတယ်။
ဟားဟားဟား အခုနင့်ကိုသတ်လိမ့်မယ်။ ကျုပ်အပေါ် ဘာလုပ်ခဲ့တာလဲ?
ကျွန်မတို့ ဘာလုပ်မိခဲ့တာလဲ?
ဘုရားသခင်ရဲ့စကားက ငါတို့နားမထောင်ခဲ့ဘူး။ သူမကြာခင်လာလိမ့်မယ်။ ငါတို့ကိုယ်ကို ငါတို့ဖုံးအုပ်ထားရမယ်။


အာဒံ သင်ဘယ် မှာလဲ?
ဘုရားအသံကို ကျွန်ုပ်ကြားပါတယ်။ ကျွန်ုပ်ကိုယ်လုံးတီးဖြစ်နေတဲ့အတွက်ရှက်လို့ပါ။
သင်တို့ကိုယ်လုံးတီးဖြစ်တယ်လို့ ဘယ်သူကသင်တို့ကိုပြောလဲ ကျုပ်စကားကိုနားမထောင်ဘဲ တားမြစ်ထားတဲ့သစ်သီးကို စားခဲ့တယ်မဟုတ်လား?




ကမ္ဘာဦးကျမ်း ၃း၆–၁၂


မြွေဆိုးက ကျွန်မကိုလှည့်ဖျားတာပါ။ ကျွန်မ မသေဘဲ ဘုရားလိုဖြစ်လာလိမ့်မယ်လို့ သူပြောတယ်။ ‘ါပေမယ့် ကျွန်မဘုရားလိုလည်း မဖြစ်ဘူး။ အရမ်းဝမ်းနည်းတာဘဲ။


သင် ါကိုပြုမှားခဲ့တဲ့အတွက် သင့်ကိုဝမ်းနဲ့တွားသွားစေပြီး မြေမန့်တို့ကိုစားစေမယ်။
သင့်ကလေးနဲ့ အမျိုးသမီးရဲ့ကလေးကို ရန်ဘက်ဖြစ်စေမယ်။ သင့်ကလေးက သူ့ကလေးရဲ့ခြေဖနောင့်ကို အနာတရ ရစေပြီး၊ သူ့ကလေးက သင့်ကလေးရဲ့ဦးခေါင်းကို ကြိတ်ချေလိမ့်မယ်။
အနာဂါတ်အတွက်လည်း ကျုပ်ကတိပေးထားမယ်။ အမျိုးသမီးကဖွားမြင်လာမယ့် မျိုးဆက်ကကယ်တင်ရှင်ဟာ စာတန်ကိုအောင်နိုင်မယ့်နေ့ တချိန်ချိန်မှာ ကျရောက်လာလိမ့်မယ်။




ကမ္ဘာဦးကျမ်း ၃း၁၃–၁၅



အာ ံ သင်ဟာ သင့်မိန်းမရဲ့ဆွဲဆောင်မနောက်ကိုလိုက်ပြီး
ငါ့စကားကိုနားမထောင်ခဲ့တဲ့အတွက် ဤမြေကြီးကို ဟင်းရွက်တွေထက်
ဆူးပင်ပေါင်းပင်တွေပေါက်ဖို့ ငါကျိန်လိုက်ပြီ။ ဤ့နောက် ဤမြေကြီးမှ
စားစရာတွေကိုရရှိဖို့
သင်အလုပ်ကြိုးစားလုပ်ရလိမ့်မယ်။
သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင် သင်၏မျက်နှာမှ
ချွေးထွက်လျက် အစာကိုရှာစားရမယ်။


အခုဟာ ဘုရားသခင်ကတိပြုခဲ့တဲ့အတိုင်း အာဒံနဲ့ ဧဝသေဖို့အချိန်တန်ကျရောက်ပြီ။ ဒါပေမယ့် သူတို့ကိုသတ်မယ့်အစားဘုရားသခင်ဟာတိရိစ္ဆာန်တွေကို သူတို့ကိုယ်စားသတ်ပြီးအရည်ခွံကိုခွာကာအာဒံနဲ့ ဧဝအတွက် ခြုံထည်ကိုပြုလုပ်ပေးတယ်။


သူကငါတို့ကိုမသတ်ဘူး။ ငါတို့အသက်ရှင်နေတုန်းပဲ။
သူကငါတို့ကိုယ်စား တိရိစ္ဆာန်များကိုသတ်တယ်။
အာဒံနဲ့ ဧဝဟာ အဲဒီနေ့မှာမသေဘဲ အပြစ်မဲ့တိရိစ္ဆာန်တွေကသူတို့ကိုယ်စားအသေခံခဲ့ရရှာတယ်။ ဒါပေမယ့်သူတို့အပေါ်သေဒဏ်ကျရောက်ခဲ့ပြီး တနေ့နေ့မှာတော့သူတို့လည်း သေရမှာပါဘဲ။ အပြစ်ရဲ့အဖိုးအခဟာ သေခြင်းဖြစ်လို့ဘဲ။





ကမ္ဘာဦးကျမ်း ၃း၁၇-၂၄။ ယေဇကျေလ ၁၈း၄


အာံ နဲ့ ဝေမှာကလေးအများကြီးရှိတယ်။
နောက်ပိုင်းမှာ သူတို့ရဲ့သားသမီးတို့အချင်းချင်း
လက်ထပ်ကြပြီး ကလေးတွေလည်း ရှိကြတယ်။


သူတို့ရဲ့သားဦး ကာဣန ကဥယျာဉ်ခြံလုပ်တယ်။ သူတို့ရဲ့ဒုတိယသားအာဗေလကမွေးမြူရေးလုပ်တယ်။ ဘုရားသခင် ကတိပေးထားခဲ့တဲ့ အတိုင်းအဲဒီထဲကတစ်ယောက်ယောက်ကစာတန်ကို ချေမန်းသောသူဖြစ်ပါ့မလား။
ကာဣန နဲ့ အာဗေလ ဟာဘုရားသခင်နဲ့ ဥယျာဉ်တော်ထဲကဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကိုသိထားကြတယ်။ ဒါပေမယ့်ဘုရားသခင်က လူတွေနဲ့ကိုယ်တွေ့ စကားမပြောတော့ဘူး။ ဘုရားသခင်ရဲ့စကားကို နာမခံခြင်းကြောင့်အာဒံနဲ့သူ့မျိုးဆက်တွေဟာဘုရားသခင်နဲ့စည်းခြားခြင်းခံလိုက်ရတယ်။ ဘုရားသခင် မပါရှိတဲ့ဘဝဟာ တော်တော်ခက်ခဲလှတယ်။


အို … ဘုရားသခင် ကျွန်တော်မျိုးဟာအပြစ်သား ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့သေခြင်းအစား ဤသိုးသူငယ်ကိုသတ်ပြီးသင့်အား ပူဇော်ပါတယ်။
တနေ့မှာတော့ ဘုရားသခင်ကို သားနှစ်ယောက်က ဝတ်ပြုဖို့အချိန်ကျလာတယ်။ သူဟာအပြစ်သားဖြစ်ပြီး ၎င်းအပြစ်အတွက် သေခြင်းခံရသင့်ကြောင်းကို အာဗေလက သိထားတယ်။ ဥယျာဉ်တော်ထဲက ဘုရားသခင် လုပ်ခဲ့တဲ့ ယဇ်ပူဇော်မကို သူ့အဖေကသူ့ကိုပြောထားတယ်။ ၎င်းကြောင့် ယုံကြည်ခြင်းဖြင့် သူဟာ တိရိစ္ဆာန်တစ်ကောင်ကိုသတ်ပြီး ဘုရားသခင်ကို သူယဇ်ပူဇော်တယ်။

ကာဣနှ လည်းအကောင်းဆုံးပူဇော်တယ်။ ဒါပေမယ့် သူ့ရဲ့ပူဇော်မှုမှာ သွေးမပါဘူး။ သူ့ရဲ့အပြစ်ဟာ ဘုရားသခင်ကိုစော်ကားမိကြောင်းကို ကာဣနမသိခဲ့ဘူး။




ကမ္ဘာဦးကျမ်း ၄း၁–၄။ ရောမ ၃း၂၃။ ဟေဗြဲ ၁၁း၄


မဟုတ်ဘူး၊ ကာတ္တန်
အသွေးမပါတဲ့ ကာတ္တန ရဲ့ပူဇော်ဆက်သမကို ဘုရားသခင်က ငြင်းပယ်ခဲ့တယ်။



အာဗေလ နဲ့သူ့ရဲ့ပူဇော်ဆက်သမကို ဘုရားသခင်လက်ခံ ကျေနပ်တယ်။ အပြစ်မဲ့တဲ့သိုးသူငယ်ရဲ့ သွေးကိုတွေ့တော့ အာဗေလရဲ့ အပြစ်တွေကို ဘုရားသခင်က အသွေးတွေ နဲ့ဖုံးအုပ်လိုက်တယ်။
ဘုရားသခင်က ကာဣန ကို “သင်ပြုသင့်သော အမကိုပြုပါက သင်နှင့်အတူငါဝမ်းမြောက်မည်။ သင့်ညီ အာဗေလသည်လည်းသင့်အလိုကိုလိုက်၍သင်သည် သူ့ကိုအုပ်စိုးရလိမ့်မယ်” လို့ပြောတယ်။


မင်းကိုယ်မင်းဘာထင်နေလဲ။
ငါ့ဟင်းသီးဟင်းရွက်တွေဟာနင့်သိုး
သူငယ်ရဲ့ သွေးထက်ပိုတန်ဖိုးရှိတယ်။
ဘာ့ကြောင့်မင်း
ဟာကပိုကောင်းနေရမှာလဲ။
အစ်ကိုညကအသွေးနဲ့
ပတ်သက်သောပူဇော်ဖို့အချိန်ရှိ
သေးတယ်။


ကျူပ်ယူရမည့်ဟာအကုန်
ရှိတယ်။
ဟား
တနေ့ သူတို့ လယ်ကိုသွားပြီး ဘယ်သူမှမရှိတုန်း ကာဣနက
လွန်စွာဒေါသထွက်လာပြီး သူ့ရဲ့ညီ အာဗေလ ကိုသတ်လိုက်တယ်။

ကမ္ဘာဦးကျမ်း ၄:၅–၈


ဒါပေမယ့် ကာဣန ဟာသူ့ရဲ့မကောင်းမကို ဘုရားသခင်ထံမှမကွယ်ဝှက်ထားနိုင်ဘူး။ ဘုရားသခင်က အရာအားလုံးကို သိမြင်နေလို့ဘဲ။
ကာဣန သင့်ညီ အာဗေလ ဘယ်မှာလဲ။
ကျွန်ုပ်ဘယ်လိုသိနိုင်မှာလဲ။ သူ့ကိုကျွန်တော်အမြဲထိန်းသိမ်းစောင့်ရှောက်နေရမှာလား။
သင့်ညီရဲ့ သွေးတွေဟာ မြေကြီးပေါ်မှာရှိနေတုန်းဘဲ။ ဒါကသင့်အပြစ်ကိုသက်သေပြုတယ်။


ဘုရားသခင်က အရာအားလုံးကိုသိတယ်။ လူတိုင်းကိုလည်းသူအမြဲတမ်းတွေ့နေရတယ်။ သူမသိအောင် ဘာနဲ့မှကွယ်ဝှက်ထားလို့မရဘူး။ ကာဣနက အာဗေလ ကိုဘာလုပ်ခဲ့သလဲဆိုတာကိုသူတွေ့တယ်။ ဘုရားသခင်က ကာဣနကို ကျိန်လိုက်ပြီး၊ သူဟာသူ့ဇနီးကိုခေါ်ပြီး တောကြီး မြက်မည်းထဲ ထွက်ပြေးသွားတယ်။ သူ့အပြစ်ဟာ သူ့ကို လွန်စွာမှ ပူဆွေးသောက ရောက်စေတယ်။
စာတန်ကသူ့ကိုလူသတ်သမားဖြစ်အောင် လုပ်တာဖြစ်တယ်။ ဒါကြောင့်ကာဣနဟာကတိ တော်ရှိထားခဲ့တဲ့အတိုင်းလွတ်ငြိမ်းခွင့်ကိုသယ် ဆောင်လာပေးမယ့်ကယ်တင်ရှင်တစ်ယောက်မ ဟုတ်ဘဲသူ့ကိုယ်၌ကလွတ်ငြိမ်ချမ်းသာခွင့်ကိုလို အပ်နေသူတစ်ယောက်ဖြစ်တယ်။
နွယ်တူစပ်ယှက်မျိုးပွားမကြောင့် လူ့၏ရုပ်လက္ခဏာကို ချွတ်ယွင်းစေပြီး ပုံမကျပန်းမကျ သန္ဓေကိုဖန်တီးနိုင် ကြောင်းလေ့လာသိရှိရသဖြင့် မျိုးနွယ်စုတွင်းအချင်းချင်း လက်မထပ်ရဟု ဘုရားသခင်အမိန့်ချမှတ်ခဲ့တယ်။

ဘုရားသခင် ကတိပြုခဲ့တဲ့ကယ်တင်ရှင်ဟာ ဘယ်မှာလဲ။ အာံ နဲ့ ဧဝ မှာသားနောက်တစ်ယောက်ရှိပြီး သူ့ကို ရှေသ လို့ခေါ်တယ်။ သူ့တို့မှာနောက်ထပ်သားသမီးမြောက်များစွာ ဖွားမြင်ခဲ့တယ်။




ကမ္ဘာဦးကျမ်း ၄း၉–၁၆၊ ၅း၄။ တမန်တော် ၁၇း၂၄–၂၆


ရှေသမှာ သားရှိပြီး အဲ[၅]သားမှာလည်း နောက်ထပ်သားတစ်ယောက်ရှိတယ်။ [၆]လိုနဲ့ သားပေါင်း မြောက်များ စွာကို ဖွားမြင်ခဲ့တယ်။ [၇]ပေမယ့် အပြစ်ရဲ့ကျိန်စာကို ပယ်ရှားပြီး သေခြင်းကိုတိုက်ဖျက်နိုင်တဲ့သူ တစ်ယောက်မှ မပေါ်ထွန်းလာဘူး။ မကြာပါဘူး ကမ္ဘာကြီးဟာ မြို့တွေ၊ ရွာတွေ၊ လယ်တွေနဲ့ပြည့်လာတယ်။


မျိုးဆက်သစ်တွေနဲ့အညီလူတွေများ
လာပြီးအပြစ်တွေလည်း တိုး လာ
တယ်။ လူတွေဟာလိင် ပိုင်းဆိုင်
ရာပြစ်မတွေကျူးလွန်ကြ
ပြီး၊ရုပ်ရင်းကြမ်းတမ်းလှတယ်။လူ့
အတွေးအခေါ်တွေတိုင်းကအပြစ်နဲ့
မကင်းဘူး။ ဘယ်သူမှဖြောင့်မတ်
မှန်ကန်စွာအသက်ရှင်မနေထိုင်ကြ
ဘူး။ အာဒံက အပြစ်တစ်ခုကို
ကျူးလွန်ခဲ့ပြီး၊ လူတွေကအပြစ်
များစွာကို ကျူးလွန်ကြတယ်။
“လူတွေကိုဖန်ဆင်းမိတာမှားပြီ” လို့ ဘုရားသခင်က
ပြောတယ်။ “ကမ္ဘာပေါ်မှာ အသက်ရှင်တဲ့ အရာအား
လုံးကို ငါဖျက်ဆီးပစ်မယ်” လို့လည်းဘုရားသခင်ကပြော
တယ်။ ဘုရားသခင်က အားလုံးကိုဖျက်ဆီးပစ်မယ်
ဆိုတော့ ဘုရားသခင်ရဲ့ တိုင်းပြည်ကိုမုန်းတဲ့
စာတန်ကတော့ တော်တော့်ကိုဝမ်းသာမှာဘဲ။



အပြစ်ကြောင့် ကောင်းကင်တမန်တွေနဲ့ ခေရုဗိမ်ကိုဘုရားသခင်ဘယ်လိုဖျက်ဆီးပစ်မယ်ဆိုတာ ကိုသတိရပါ။ ဘုရားသခင်ကမြေကြီးကို ကျိန်ဆဲပြီး သူ့ရဲ့ဖန်ဆင်းမအားလုံးကို ဖျက်ဆီးခဲ့တယ်။ ‘ါပေမယ့် အာ’နဲ့ဧဝအတွက်အသစ်သောအရာတို့ကိုဖန် ဆင်းပေးခဲ့တယ်။သူတို့လည်းဘဲဘုရားသခင်ကိုပြစ်မှား ခဲ့ကြတယ်။ ကာဣနလည်းဘဲလူသတ်မှု အပြစ်ကိုကျူးလွန်ခဲ့ပြန်တယ်။ မျိုးဆက်ကိုးဆက်လုံး လုံးဖြတ်သန်းခဲ့တဲ့ ‘နှစ် ၁၄၀၀ အတွင်း ကမ္ဘာ ပေါ်မှာ အပြစ်တွေနဲ့ ပြည့်နှက်ကုန်တယ်။
လူတွေဟာ အချင်းချင်း ကျွန်ပြုကြတယ်။
ဘုရားသခင်ကိုချစ်ပြီး သူ့စကားကိုနာခံ တဲ့ မိသားစု တစ်စုစုများရှိပါသေးရဲ့လား?
ကမ္ဘာဦးကျမ်း ၆း၅–၇။ ရောမ ၅း၁၂



[၈] ဒါပေမယ့် လူတစ်ယောက်ရှိပြီး
သူဟာအမြဲဖြောင့်မတ်မှန်ကန်စွာအသက်ရှင်
တယ်။ ဘုရားသခင်ဟာအခြားသူအားလုံး
ကိုသုတ်သင်မှာဖြစ်သော်လည်း၊ [၉] လူနဲ့
သူ့မိသားစုကို ချန်လှပ်ထားဖို့ ဆုံးဖြတ်
လိုက်တယ်။


နောက်ကျေုပ်ကမ္ဘာကြီးကို ရေလွှမ်းမိုးစေမယ်။ သက်ရှိလူသားအားလုံးသေရမယ်။ သင်၊ သင့်မိသားစုနဲ့ တိရိစ္ဆာန် တွေအသက်ရှင်ဖို့ ရာ သင်သင်္ဘောကြီးတစ်စင်းဆောက်ရမယ်။ ကမ္ဘာပေါ်မှာ ရှိကြကုန်သော တိရိစ္ဆာန်အားလုံး
ဖိုမ တစ်စုံစီရွေးနုတ်ပြီး သင်နှင့်အတူ သင်္ဘောကြီးပေါ်ခေါ်သွားရမယ်။ စားခွင့်ရှိတဲ့ တိရိစ္ဆာန် တစ်မျိုးချင်းစီရဲ့ ခုနစ်ကောင်ကိုလည်း ယူသွားပါ။ သင်္ဘောကြီးကိုဘယ်လိုဆောက်ပြီး၊ ရေလွှမ်းမိုးမအတွက် ဘာတွေပြင်ဆင်ထားရမလဲဆိုတာ ကျုပ်ဆက်ညွှန်ကြားပေးမယ်။




ခန့်မှန်းခြေအရ ဘီစီ ၂၂၂၈ ကမ္ဘာဦးကျမ်း ၆:၈-၉၊ ၁၇-၂၂၊ ၇:၂


လူတွေအားလုံးရေလွှမ်းမိုးခံရမှာကိုတွေး ပူပြီး နောဟောလွန်စွာဝမ်းနည်းတယ်။ ၎ကြောင့် အခွင့်ရလျှင် ရသလို သူတို့ကိုအပြစ်မလုပ်ဖို့ ရန် နောကေသတိပေးတယ်။
မင်းတို့ကိုနောက်ဆုံးအကြိမ် ငါသတိပေးချင်တယ်။ ဘုရားသခင်ကမြေကြီး အပေါ်ရေလွှမ်းမိုးစေလိမ့်မယ်။ငါ့ကိုယုံပြီးငါနှင့်အတူ သင်္ဘောပေါ်တက်ပါ။
အသက်ရှင်တဲ့ ဘုရားက သူ့ကလေးတွေကို ဘာကြောင့်ဖျက်ဆီးရမှာလဲ။
ခင်ဗျားကြီးဟာ အရူးဘဲ။
အပြစ်တွေကြောင့်ဘဲ။ အပြစ်လုပ်ခြင်းမှ ရပ်တန့်ကြပါ။ အချင်းချင်း ချစ်ခြင်းမေတ္တာနဲ့ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံကြပါ။




ကမ္ဘာဦးကျမ်း ၇း၇-၉။ ရှင်ပေတရု (‘ု) ၂း၅



အခန်းလွတ်သိပ်မရှိ
တော့ဘူး။
သူဟာသူတို့ထဲက
နောက်ဆုံး။
နောအေချိန်တန်ပြီ။ သင်္ဘောပေါ်ကို
သင့်မိသားစုနှင့်အတူ တိရိစ္ဆာန်တွေ
အားလုံး ခေါ်တင်ပါ။
အပြစ်ကိုဆက်လုပ် နေသူအားလုံး
အတွက်တော့မကြာခင်အချိန်နှောင်း
သွားမှာပါ။


ဘုရားသခင်ကသင်္ဘောတံခါး ကိုပိတ်လိုက်ပြီးနောက်ခုနှစ်ရက်လုံး လုံးဘာမှမဖြစ်သေးဘူး။
ဟား ဟား အဲဒီအရူးတွေ ကိုကြည့်ပါအုံး။ ရေနဲ့ဒီ လောက်ဝေးတဲ့ကွင်းပြင်ကြီး ပေါ်မှာ တိရိစ္ဆာန်တွေအားလုံး ကိုသင်္ဘောကြီးထဲ မှာ ပိတ်လှောင်ထားတယ်။
ဟုတ်တယ်။ခြင်္သေ့ တွေတောင်သူတို့ကို စားပြီးလောက်ပြီ။
သူတို့အဲဒီထဲမှာရှိတာ တစ်ပတ်တောင်ရှိပြီ။


ဒါပေမယ့် ခုနစ်ရက် မြောက်သောနေ့မှာ မိုးစရွာပြီး မြေကြီးထဲမှာ အောင်း နေတဲ့ရေတွေမြေပေါ်ကို ထွက်လာတယ်။
ဒါမျိုးငါတစ်ခါမှ မတွေ့ဖူးဘူး။ အဲဒီသင်္ဘောပေါ်ကအရူးတွေပြောခဲ့သလိုဘဲဘုရားသခင်ကအပြစ်ကြောင့်လူသားအားလုံးကို သုတ်သင်ဖို့ သတိပေးတယ်ဆိုတာ မှန်နိုင်ပါ့မလား။
အလကားပါ။ ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာဘဲ။ လူတစ်ယောက်တည်းက မှန်ပြီးဘာသာရေးခေါင်းဆောင်အားလုံးက မှားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။




ကမ္ဘာဦးကျမ်း ၇း၉–၁၁၊ ၁၆


နောဧပြောစကားဟာ မှန်တယ်ဆိုတာကို လူတွေကနောက်ကျမှသိလိုက်ရတယ်။
ရက်ပေါင်း လေးဆယ်လုံးလုံး ကမ္ဘာပေါ်မှာရှိတဲ့ မြေကြီးပေါ်ရှိတောင်တွေအားလုံးအပေါ် ရေလွှမ်းသွားအောင် မိုးရွာသွန်းတယ်။ သင်္ဘောပေါ်မှာ နောဧနဲ့အတူရှိနေသူတွေအားလုံး မှ လွဲ၍ သက်ရှိအားလုံး သေကြေကြတယ်။ သူတို့သင်္ဘောပေါ်က ခွာဖို့ နောက်ထပ်တနှစ်ကျော်ကျော်လောက်စောင့်ရသေးတယ်။
ဘီစီ ၂၃၄၈ ဝန်းကျင် ကမ္ဘာဦးကျမ်း ၇း၁၂၊ ၁၉–၂၄၊ ၈း၉–၁၁


နောက်ဆုံးမှာ နောဟော ဂျိုးငှက်တစ်ကောင်ကို လွှတ်လိုက်ပြီး
သစ်ကိုင်းလေးနဲ့အတူ ဂျိုးငှက်လေးက ပြန်လာတယ်။ ဆိုလိုတာက
တစ်နေရာရာမှာ သစ်ပင်ပေါက်နေပြီပေါ့။ နောက်ပိုင်းတစ်ခေါက် ထပ်လွှတ်
တော့ သူပြန်မလာတော့ဘူး။ နေထိုင်ဖို့ကောင်းတဲ့နေရာ တစ်နေရာကို
ဂျိုးငှက်လေးက ရှာတွေ့သွားခဲ့လို့ဘဲ။
ရေကျသွားပြီး
သင်္ဘောကနေထွက်သွား
မည့်နေ့အချိန်ဆိုရင်ကျုပ်
အရမ်းဝမ်းသာမှာပဲ။


နောက်မျှား မကြာခင်မှာဘဲ အာရရတ်တောင်ထိပ်ပေါ်
မှာသင်္ဘောဟာသွားတင်နေတယ်။ကမ္ဘာသစ်ကြီးထဲကိုအား
လုံးထွက်လာကြတယ်။ အပြစ်ကင်းတဲ့ ကမ္ဘာကြီးပါဘဲ။

နောဧ ဟာယဇ်ပလ္လင်ကိုဆောက်ပြီး တိရိစ္ဆာန်မျိုးနွယ်စု
တစ်မျိုးချင်းရဲ့ တစ်ကောင်စီကိုသတ်ပြီး ဘုရားသခင်ကို
ယဇ်ပူဇော်တယ်။ နောဧဟာဖြောင့်မတ်ပေမယ့်
သူ့နှလုံးသားထဲမှာ အပြစ်ကရှိတုန်းဘဲ။ နောဧနဲ့သူ့မိသားစု
ဝင်တွေအားလုံးရဲ့ အသက်ကိုယ်စား သွေးတွေကို
ဘုရားထံဆက်ကပ်ပူဇော်တာဖြစ်တယ်။



ယဇ်ကောင်တွေက ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်
ရေလွှမ်းမိုးမှု အသက်ချမ်းသာခွင့်ရခဲ့တဲ့ လူရှစ်ဦးကို
ကိုယ်စားပြုခြင်း ဖြစ်တယ်။ အာ နဲ့ ဧဝ ရဲ့အပြစ်ကိုဖုံးဖို့
ဥယျာဉ်တော်ထဲမှာ တိရစ္ဆာန်တွေကို သတ်ခဲ့တဲ့
ဘုရားသခင်ရဲ့ လုပ်ရပ်နဲ့ အတူတူဘဲဖြစ်တယ်။

ကောင်းကင်ပေါ်က သက်တန့်ဟာ
နောက်နောင် မြေကြီးပေါ်ကို ရေနဲ့ငါဘယ်တော့မှ
လွှမ်းမိုးစေမှာမဟုတ်ကြောင်းသက်သေပြုလိမ့်မယ်။
မြေကြီးပေါ် ပြည့်စုံအောင်ကလေးများများယူကြပါ။
ဟင်းသီးဟင်းရွက်တွေကို




သင်တို့စားသလိုမြေကြီး
ပေါ်မှာ တွားသွားအသက်ရှင်တဲ့
တိရိစ္ဆာန်အားလုံးကိုသင်တို့စား
ခွင့်ရှိတယ်။ ဖန်ဆင်းထားတဲ့
အရာတွေရဲ့ အသွေးကိုတော့
သင်တို့စားခွင့်မရှိဘူး။
လူ့အသက်မသတ်ပါနဲ့။
လူသတ်မိပါက သတ်ခြင်းကို
ပြန်ခံရမယ်။
အခြားသူ၏ အသွေးကို စွန်းစေက
ကိုယ့်သွေးကိုအခြားသောသူက ပြန်စွန်းစေမယ်။
အကြောင်းမူကား အသွေးသည် အသက်ဖြစ်သောကြောင့်ဘဲ။



နောဟောလယ်သမားဖြစ်လာပြီး စပျစ်ခြံကို
ပျိုးထောင်တယ်။ ကမ္ဘာသစ်ကြီးဟာ မိသားစု လေးစုတည်း
နဲ့ တော်တော့်ကို ခြောက်ကပ်နိုင်လှတယ်။ ဒါပေမယ့်
လူသားတွေကိုယ်စီမှာ ကလေးများရှိကြတယ်။



သစ်သီးကိုခွက်ထဲ ရက်အနည်းငယ်ထည့်ထားခြင်းဖြင့်
ဖြစ်လာသည့် အချဉ်ပေါက်သော အရက်ရည်ကို သောက်ကာ
ရွှင်လန်းမကိုရယူနိုင်ကြောင်းကို နောကေတွေ့ရှိသွားသည်။
နောကေ ‘ါကိုနှစ်ခြိုက်စွာသောက်သုံးပြီး တခါတလေသူအလုပ်
တောင်မလုပ်နိုင်ဘူး။ သူဟာမူးပြီးလဲနေတော့တာဘဲ။
‘ါကိုဘုရားသခင် လုံးဝမကြိုက်ဘူး။



တနေ့ နောအေလွန်မူးပြီး မိမိအဝတ်များကိုချွတ်
ကိုယ်တုံးလုံးနေသည်ကိုသူ့သားဟာမမြင်လျှင် ရယ်စရာလုပ်ပြီး
အစ်ကိုနှစ်ယောက်စီ ပြောပြလိုက်တယ်။






ကမ္ဘာဦးကျမ်း ၉း၂၁-၂၇




ယာဖက်၊ အနောက်နှင့် မြောက်အရပ်သို့ ထွက်ခွာပြီး မျိုးဆက်ပြန့်ပွားချိန်
ရှေမက အရှေ့ဖက်သို့ထွက်ခွာ သွားပြီး အာရှ မှာအခြေချတယ်။
ဟာမကတောင်ဖက်သို့ထွက်ခွာသွားပြီး အာဖရိကနဲ့ အာရှတောင်ပိုင်းမှာ
အခြေချနေထိုင်တယ်။ သူ့သားစဉ်မြေးဆက်၊ခါနာန်၊ ယခု
ပါလက်စတိုင်းတွင်နေထိုင်သည်။ ကမ္ဘာပေါ်မှာလည်း
လူဦးရေတွေ ပွားများလာတယ်။

ကမ္ဘာဦးကျမ်း ၉း၂၁–၂၇


အနီးစပ်ဆုံး ဘီစီ ၂၂၄၇
နောရဲ့သား ဟာမ မှာ ကုရှ ဆိုတဲ့သား တစ်ယောက်ရှိပြီး ကုရှ မှာလည်း နိမ်ရော’ဆိုတဲ့ သားတစ်ယောက်ရှိတယ်။ နိမ်ရော’ဟာ မုဆိုးကောင်းတစ်ယောက်အဖြစ်ကြီးပြင်းလာပြီး တကမ္ဘာလုံးမှာ ထင်ပေါ်ကျော်ကြားတယ်။ သူဟာ ဘုရားသခင်ရဲ့စကားကိုမနာခံဘဲ ဗာဗုလုန်မှာလွဲမှားတဲ့ ဘာသာတရားကို ထူထောင်တယ်။
ဗာဗုလုန်မှာ နေထိုင်သူတွေဟာ ဘုရားသခင်ပြောထားသလို တကမ္ဘာလုံးကိုဖြန့်ပြီး မျိုးမပွားချင်ကြဘူး။ ဒါကြောင့် သူတို့ဟာအတူနေပြီး ဆုတောင်းရာဌာနအတွက် ရဲတိုက်ကြီးကို တည်ဆောက်ကြတယ်။


ဒါပေမယ့် သူတို့ရဲ့ဖန်ဆင်းရှင်ကို
သူတို့ကိုးကွယ်နေတာမဟုတ်ဘူး။ သစ်၊
ကျောက်နဲ့ သတ္တုတွေကတဆင့်ဘုရား
တွေကိုဖန်တီးဖို့ စာတန်ကသူတို့ကို
ဦးဆောင်နေတာဖြစ်တယ်။

သူတို့တကမ္ဘာလုံးမှာ ဖြန့်ကျက်နေထိုင်ရဖို့
ငြင်းဆိုတာကို ဘုရားသခင် အလွန်စိတ်
ဆိုးတဲ့အတွက် ဘာသာစကား အမျိုးမျိုးကို
လူတွေအကြား သူဖန်တီးလိုက်တယ်။




ဆောက်လုပ်ရေးသမားတွေက
ဘာသာစကားကွဲလွဲမကြောင့်တစ်ယောက်နဲ့
တစ်ယောက် နားမလည်ကြတော့ဘဲအလုပ်ကို
လည်းရပ်လိုက်ရတယ်။


ဘာသာစကားတူ အုပ်စုလိုက်အတူ
ထွက်ခွာသွားကြတယ်။ အချို့က ကမ္ဘာရဲ့
အဝေးနေရာများဆီ ထွက်သွား တယ်။
အချို့ကသင်္ဘောတွေနဲ့ဟိုးအဝေးကြီးဆီက
ကျွန်းတွေဆီထွက်သွားတယ်။ အချို့က
အေးလွန်းတဲ့ မြောက်ပိုင်းဆီထွက်သွားပြီး၊
အချို့က ပူလွန်းတဲ့တောင်ပိုင်း သဲကန္တာရ
တွေဆီထွက်သွားကြတယ်။ ဒါကြောင့်
ဘုရားသခင်မြွက်ကြားထားခဲ့တဲ့ကမ္ဘာ
အနှံ့ဖြန့်ကျက်မျိုးဆက်ပြန့်ပွားရေးအ
စီအစဉ်ဟာ ပြီးပြည့်စုံလာတယ်။



[၆]လိုကမ္ဘာမြေဟာ
လူတွေနဲ့ပြည့်လာတာနဲ့အညီ
အပြစ်တွေလည်းတိုးပွားလာတယ်။
လူတွေဟာ ရုပ်တုကို ဝတ်ပြုကြပြီး၊
အသက်ရှင်နေထိုင်တဲ့ဘုရားကို
မေ့သွားတယ်။

ကမ္ဘာဦးကျမ်း ၁၀:၆–၁၀၊ ၁၁–၉



## အခန်းကြီး - ၂

# အာဗြဟံ

ရုပ်တုတွေဟာ တကယ့်ဘုရားတွေမဟုတ်ကြောင်း ယုံကြည်တဲ့
အာဗြဟံ ဆိုတဲ့လူတစ်ယောက်တော့ရှိတယ်။ ဘုရားသခင်သည်
သာလျှင်ဖန်ဆင်းရှင်ဖြစ်ပြီး၊ သူ့ကိုရုပ်တုများအားဖြင့်
ကိုးကွယ်လို့မရတာကို သူသိတယ်။



ဘုရားသခင်က အာဗြဟံ ကိုပြောတယ်။ “အာဗြဟံ
... ရုပ်တုကိုကိုးကွယ်တဲ့ ‘မြို့ကနေထွက်ခွာသွားပါ။
သင့် မိသားစုနဲ့ တိုင်းပြည်ကိုနောက်ကချန်ထားပြီး
သင်သွားရမယ့် အရပ်ကို ငါပြောပြမယ်။ သင့်ကို
ပြည်ကြီးတစ် ပြည်ရဲ့ သခင်အဖြစ် ငါတင်မြှောက်မယ်။
သင့်အားကောင်းချီးပေးသူကို
ငါလည်းကောင်းချီးပေးပြီး၊ သင့်အားကျိန် ဆဲသူကို
ငါလည်းကျိန်ဆဲမယ်။ သင့်အားဖြင့် ကမ္ဘာပေါ်ရှိ
တိုင်းပြည်အားလုံး ကောင်းချီးခံစားရမယ်။



ဘီစီ ၁၉၂၁ ဝန်းကျင်



သူကြားနေရတဲ့ အသံဟာ ဘုရားသခင်ရဲ့ အသံတော်ဖြစ်ကြောင်း အာဗြဟံ သိတဲ့အတွက် သူဘယ်သွားနေလဲ ဆိုတာကို သူမသိပေမယ့်လည်း ဘုရားသခင်ရဲ့စကားကို သူနားထောင်တယ်။ သူဟာ ရုပ်တုဆင်းတု ကိုးကွယ်မှု တို့ကိုချန်ထားပြီး အသက်ရှင်တဲ့ဘုရားနောက်လိုက်နေတယ်ဆိုတာ သူ့ကိုယ်သူသိတယ်။ ၎ကိုက အာဗြဟံ အတွက်လုံလောက်ပြီ။ ၎ပေမယ့် သူ့ရဲ့တူ လောတကိုလည်းသူနဲ့အတူ သူခေါ်လာတယ်။


အာဗြဟံ ရဲ့ ခရီးစဉ်ဟာ သူ့ကို ခါနာန်ပြည် တွင်းကိုခေါ်ဆောင်လာတယ်။ အခါမှာဘုရား သခင်ဟာ သူနဲ့ စကားပြောတယ်။
အာဗြဟံ မြေရဲ့ ဘက်စွန်းကနေ ဟိုဘက်စွန်းအထိလျှောက်သွားပါ။ ခါနာန် မြေအားလုံးကို သင့်ရဲ့အနာဂါတ် သားသ မီးများအဖို့ငါပေးမယ်။သင့်အတွက်ရေတွက်၍ မကုန်နိုင်လောက်သောသားသမီးတို့ ကိုငါပေးမယ်။ မြေမန့်ကဲ့သို့ပင်သူတို့ဟာ တိုးပွားလာလိမ့်မယ်။




ကမ္ဘာဦးကျမ်း ၁၂း၁-၃၊ ၁၃း၁၄-၁၇


ဒီလိုနဲ့ အာဗြဟံ ဟာခရီးသွားနေရင်း ကြုံရင်ကြုံသလိုဘုရားသခင်ကိုသွေး အားဖြင့်ယဇ်ပူဇော်တယ်။အာဗေလ လိုဘဲယုံကြည်ခြင်းဖြင့်သူယဇ်ပူ ဇော်တယ်။သူ့ကိုယ်သူသေခြင်းနဲ့ ထိုက်တန်တဲ့အပြစ်သားဖြစ်ကြောင်း ကိုလည်း သူသိထားတယ်။
သိုးသူငယ်ရဲ့အသွေးဟာ သူ့အပြစ်တွေကို မယူဆောင်သွားနိုင်ပါဘူး။ ဒါပေမယ့် အာဗြဟံ ရဲ့ယုံကြည်မကို ဘုရားရှင်တွေ့ရတော့ သူ့အပြစ်တွေကိုဖုံးအုပ်ပစ်လိုက်တယ်။


၁၀ နှစ်ပြီးနောက် .....
အာဗြဟံ ...... ပြီးခဲ့တဲ့ ၁၀ နှစ် တုန်းကကျွန်မမှာကလေးရှိလိမ့်မယ်လို့ ဘုရားသခင်ကရှင့်ကိုပြောတာကို ရှင် ပြောခဲ့တယ်နော်။ ကျွန်မကအခု၇၅နှစ်ရှိပြီး၊ ရှင်ကတော့၈၅နှစ်ရှိပြီ။ကျွန်မတို့အိုသာအို လာတယ်၊ ကလေးတော့မရသေးဘူး။ မကြာခင်ကလေးမယူနိုင်လောက်အောင် ရှင်အသက်ကြီးလာလိမ့်မယ်။ ဘုရားသခင် ရှင့်ကို တကယ်ပြောခဲ့ရဲ့လား။


ဘုရားသခင် ငါ့ကိုပြောတာတော့ ကျိန်းသေဘဲ။ သူဘာကြောင့်” လောက်ကြာကြာစောင့်ခိုင်းသလဲဆိုတာတော့ ငါလည်းနားမလည်ဘူး။ သင့်ကိုပြည်ကြီးတစ်ပြည်ရဲ့သခင်အဖြစ်တင်မြှောက်မယ်လို့လည်းပြောခဲ့တယ်။ ‘ါပေမယ့် ငါ့မှာအခုရှိတာကတော့ ခန္ဓာအိုဇရာထောင်းတဲ့မယားနဲ့ သိုးအုပ်တွေဘဲရှိတယ်။


ကြောက်ရွံ့ခြင်း မရှိပါနဲ့ အာဖြဟံ။ ငါဟာ သင့်ရဲ့ကာကွယ်ရာ၊သင့်အဖို့ထူးမြတ်သောဆုကျေးဇူးဖြစ်တယ်။
ကျွန်တော့်မှာကလေး တစ်ယောက်မှမရှိတော့ဘာ ဆုတွေများပေးသနားမှာလဲ။
သင် နဲ့ စာရာမှာ ကလေးရှိလိမ့်မယ်။


ကောင်းကင်က ကြယ်တွေကိုသင်ရေတွက်နိုင်သလားဆိုတာကို လာကြည့်ပါ အာဗြဟံ။ ရေတွက်လို့မကုန်နိုင်တဲ့ကြယ်တွေလိုဘဲသင့်သားသမီးတွေပွားများလာလိမ့်မယ်။
သင်ပြောတဲ့အတိုင်းဖြစ်လာမယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။


ငါ့ကို သင်ယုံကြည်တဲ့အတွက် သင့်ယုံကြည်မကို
ဖြောင့်မတ်ခြင်းတစ်ရပ်အဖြစ် ငါလက်ခံတယ်။ သင့်ကလေးတွေဟာ
သူတို့နယ်မြေမဟုတ်တဲ့ ဒေသတွေမှာ သူစိမ်းတွေအဖြစ်နေရမယ်ဆိုတာကို
တပ်အပ်သိထားပါ။ နှစ်ပေါင်း ၄၀၀ လောက် သူတို့ကျွန်ပြုခြင်းခံရပြီးနောက်၊
အဲဒီပြည်ကို ငါဒဏ်ခတ်ပြီး သင့်သားသမီးတွေ ကုံလုံကြွယ်ဝစွာနဲ့
အဲဒီပြည်ကနေ ထွက်ခွာသွားရလိမ့်မယ်။ ပြီးမှ ဒီနေရာကို သူတို့ပြန်လာပြီး
အတည်တကျနေထိုင်ကြလိမ့်မယ်။
ကမ္ဘာဦးကျမ်း ၁၅း၁–၆၊ ၁၃–၁၄


ကလေးတစ်ယောက်ရမယ်ဆိုတဲ့ ကတိစကားကရောဘယ်မှာလဲ။ တနေ့ထက် တနေ့ ကျွန်မအသက်ကြီးလာပြီ။ မကြာခင် ရှင်လဲ ကလေးယူနိုင်တော့မှာ မဟုတ်ဘူး။ အာဗြဟံ ရှင့်ကို လည်းကျွန်မ ဘယ်တော့မှ ကလေးမွေးပေး နိုင်တော့မှာမဟုတ်ဘူး။


“နယ်မြေရဲ့ ကျင့်စဉ်အရ ကျွန်မတို့ရဲ့ ကျွန်မဟာ ကျွန်မတို့အတွက် ကလေးမွေးပေးနိုင်လိမ့်မယ်။


အာဗြဟံ [၉]ဒါဟာကလေးရနိုင်မယ့် ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေးဖြစ်တယ်လို့ ရှင်မမြင်ဘူးလား။ ဤချိန်မနှောင်းခင် [၀]ကျွန်မနဲ့ပေါင်းဖက်ပြီး ကလေးယူစမ်းပါ။ [၉]ဒါဟာဘုရားအလိုတော်ဘဲ။ ပြည်ကြီးတစ်ပြည်ရဲ့ သခင်အရာကို ရှင်အခြားဘယ်နည်းနဲ့ရယူနိုင်အုံးမှာလဲ။


၆ နည်းတစ်နည်းဘဲ ရှိတော့တယ်။
အာဗြံဟံသည်ဘုရားသခင်ထံဆုမတောင်းတော့ပါ။ ဘုရားသခင်၏ ကတိတော်ကို မေ့ပစ်လိုက်ပြီး သူ့မယားစကားကိုနားထောင်တယ်။
ကမ္ဘာဦးကျမ်း ၁၆း၁–၄


. . . လကြာပြီးနောက်
ကျွန်မ အာဗြံဟံ အတွက်ကလေးမွေးပေးရတော့မယ်။
ဟာဂရဟာ အာဗြံဟံ နဲ့ကိုယ်ဝန်ရရှိလာချိန်မှာ ဘဝင်မြင့်ပြီး စာရာကိုမထီမဲ့မြင်ပြုလာတယ်။ စာရာ ရဲ့ မနာလိုမတွေ့၊ ဝမ်းနည်းပူဆွေးမတွေ လည်း ကြီးထွားလာတယ်။



စာရဲဟာ ဟာဂရကိုအလုပ်များများခိုင်းပြီး ကြင်နာမကိုလည်း မပြတော့ဘူး။ အမျိုးသားတစ်ယောက်ဟာ မိန်းမနှစ်ယောက်ယူရမယ်၊ ’ါမှမဟုတ် အခြားမယားကတဆင့် ကလေးယူရလိမ့်မယ်လို့ ဘုရားသခင်က ဘယ်တုန်းကမှ မပြောထားခဲ့ဘူး။
ရေခပ်ပြီးရင်၊ ထင်းခွဲစမ်း။
‘လိုနဲ့ ဟာဂရဟာအဝေးကိုထွက်ပြေးဖို့အစီအစဉ်ဆွဲတော့တယ်။


ဟာဂရဟာ စာရာ နဲ့ဝေးရာတောကြီးမြက်မည်းထဲကို ထွက်ပြေးသွားတယ်။ သူဟာနွမ်းနယ်ပြီး ရှေ့မဆက်နိုင် တော့တဲ့အခါ နွမ်းဟိုက်စွာလဲပြိုသွားတယ်။ ဟာဂရ ရဲ့ ပူဆွေးမကို ဘုရားသခင် တွေ့တော့ ဘုရားသခင်က သူမနဲ့ စကားပြောတယ်။
ဟာဂရ၊ စာရာ ဆီပြန်သွားပြီး သင့်ကိုယ်ကိုပေးအပ်လိုက်ပါ။ သင့်မှာသားလေးတစ်ယောက်ရလာပြီး သူ့ကို ဣရှမေလ လို့အမည်ပေးပါ။


ဘုရားသခင်ကြားတော်မူ၏
လို့အ ပွါယ်ရတယ်။ သူဟာလူတိုင်းနဲ့
တိုက်ခိုက်ရပြီးလူတိုင်းကလည်းသူ့ကိုတိုက်ရလိမ့်
မယ်။ သူ့ရဲ့အခြားညီအစ်ကိုတွေနဲ့
နီးကပ်စွာသူနေရလိမ့်မယ်။


ဟာဂရဟာအိမ်ပြန်သွားပြီး
သားလေးတစ်ယောက်ဖွားမြင်ချိန်မှာ ...
သူဟာလည်း အာဗြဟံ
ရဲ့သားလေးဖြစ်တဲ့အတွက်တိုင်း
ပြည်အပေါင်းရဲ့သခင်ဖြစ်လိမ့်မယ်လို့
ဘုရားသခင် ကျွန်မကို
ပြောခဲ့တယ်။
ဣရှမေလဟာ အာရပ်နိုင်ငံများအားလုံးရဲ့
သခင်ကြီးဖြစ်လာမှာဖြစ်တယ်။
ကမ္ဘာဦးကျမ်း ၁၆း၄–၁၆

ဣရှမေလကို မွေးဖွားချိန်မှာ
အာဗြဟံ ဟာ (၈၆)နှစ် ရှိပြီ။
ဣရှမေလ မွေးပြီးမကြာခင်မှာဘဲ
အာဗြဟံဟာ ကလေးထပ်
ယူဖို့မဖြစ်နိုင်တော့လောက်
အောင်အသက်ရှိလာတယ်။
ဣရှမေလဟာ ဘုရားသခင်
ကတိပေးထားတဲ့ အာဗြဟံရဲ့သား
လေးဖြစ်နေမလား။ ‘ါပေမယ့်
ဘုရားသာခင်က ပြောထားတယ်။
အာဗြဟံနဲ့ စာရာ အားဖြင့်သား
တစ်ယောက် ထွန်းကားလာမှာ
ဖြစ်တယ်။





ဣရှမေလ ၁၃ နှစ်ပြည့်ပြီး အာဗြဟံ ၉၉ နှစ်ရှိတဲ့အခါ ဘုရားသခင်ကသူ နှင့်တဖန်စကားပြောတယ်။
အာဗြဟံ၊ ငါဟာ ဘုန်းတန်ခိုးနဲ့ပြည့်စုံတဲ့ ဘုရားဖြစ်တယ်။ ငါပြောသမျှလုပ်ပြီး အပြစ်မလုပ်ပါနဲ့။ သင့်ကိုငါပြောခဲ့ တဲ့အတိုင်းဘဲ သင့်ကလေးတွေကိုတိုးပွားစေပြီး၊ သင်ဟာလည်းနိုင်ငံများရဲ့သခင်ဖြစ်လိမ့်မယ်။ သင်နဲ့အတူ ငါ ပဋိညာဉ်တည်ဆောက်ပြီး သင့်ကလေးများနှင့်လည်း ငါဆက်တည်ဆောက်သွားမယ်။


ခါနာန် နယ်ကို သင့် ကလေးများအတွက်ရာသက်ပန် အမွေအဖြစ် ငါပေးအပ်မယ်။ ငါကတိပေးထားခဲ့တဲ့အတိုင်း စာရာမှာသားလေးတစ်ယောက် မွေးဖွားလာမှာဖြစ်ပြီးတိုင်းပြည် များစွာရဲ့အဖအရာကိုခံယူမယ့် သူလည်းဖြစ်တယ်။
ဟာ ဟာ။ ဘယ်လိုသွားဖြစ်နိုင်မှာလဲ။ ကျွန်ုပ်က အခု (၉၉) နှစ်ရှိပြီ။ စာရာက (၈၉) နှစ်ရှိပြီ။ ကျွန်ုပ်ရဲ့ ခန္ဓာကလဲအသေကောင်လိုဘဲ။ ကလေးလည်းရနိုင်တော့မှာ မဟုတ်ဘူး။ ဣရှမေလ လေးကိုဘဲကတိတော်အတိုင်း ကျေးဇူးပြုပြီး ဖြစ်စေပါဘုရား။


မဟုတ်သေးဘူး။ သင့်ကိုအစက ကတိပေးထားတဲ့အ
တိုင်း သင်နဲ့ စာရာမှတဆင့်သားလေးရလာလိမ့်မယ်။
ကတိခံထားတဲ့ကောင်းချီးမင်္ဂလာတွေအားလုံး
သူ့ဆီကိုရောက်မှာဖြစ်တယ်။ ဣရှမေလ ဆီကိုမဟုတ်ဘူး။
တနှစ် အတွင်း စာရဲ မှာသားလေး တစ်ယောက်မွေးလာ
မှာဖြစ်ပြီး သူ့ကို ဣဇာက် လို့နာမည်ပေးလိုက်ပါ။


‘ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်တယ်။ လူကိုဖန်ဆင်းတဲ့ ဘုရားဟာ သေကောင်ပေါင်းလဲအရွယ် လူအို နှစ်ယောက်ကို ပေါင်းပြီး သားမွေးခွင့် ပေးနိုင်မှာဘဲ။’ ကိုဘုရားသခင်ကျိန်းသေ ပေါက်လုပ်ဆောင်နိုင်တယ်။


ရက်အနည်းငယ် ကြာပြီးနောက်ပိုင်း
သဲကန္တာရတွင်း လူသုံးဦးပေါက်ချလာ
တယ်။ သူတို့ဟာ ခရီးဝေးက လာတဲ့
ပုံမပေါ်ဘူး။ ေ’သခံတွေလည်းမဟုတ်ဘူး။
သူတို့ဟာသန်မာရင့်ကျက်ပြီး၊
အသက်အရွယ်လဲမရှိဘူး။


သူတို့ချဉ်းကပ်လာတာကိုကြည့်ပြီး သူတို့ဟာ
ထူးခြားနေတယ်ဆိုတာကို အာဗြဟံ သိတယ်။
ဒါပေမယ့်သူတို့ဟာဒီကမ္ဘာကလာတာမဟုတ်ဘူး
ဆိုတာကိုတော့ သူမသိဘူး။ သူတို့ထဲက
နှစ်ယောက်ကဖြောင့်မတ်ခြင်းတမန်တော်
တွေဖြစ်ပြီး၊
ကျန်တစ်ယောက်ကတော့ ဘုရားသခင်ဘဲ။
အာဗြဟံ နဲ့စကားပြောနိုင်ဖို့အတွက်
ကောင်းကင်တမန်အသွင်ဆောင်
လာတာဖြစ်တယ်။ သူတို့ကို အာဗြဟံ
ထွက်ကြိုတော့ ...
ကမ္ဘာဦးကျမ်း ၁၇း၁–၂၁၊ ၁၈း၁–၂


အာဗြဟံ၊ သင့်မယား စာရာမှာ သားတစ်ယောက်ရလာလိမ့်မယ်။
ဟီး၊ ဟီး၊ ဟီး ....
ငါ့လိုအိုကြီး အိုမနဲ့၊ ငါ့ထက်ပိုပြီးအိုတဲ့ အာဗြဟံ၊ မဖြစ်နိုင်ပါဘူး။


ဘုရားသခင်က ကလေး ရလာလိမ့်မယ်လို့ပြောတာကို စာရာ ဘာ့ကြောင့်ရယ်ရတာလဲ။
ကျွန်မ မရယ်ပါဘူး။
နင်ရယ်ခဲ့တယ်။ နင်မှမယုံဘဲ။ ဘုရားသခင်အတွက် ခက်ခဲလွန်းတဲ့အရာရှိလို့လား။ အချိန်တန်လို့ သင့်မှာ ကလေး ရှိလာတဲ့အခါ ငါတစ်ခေါက်ပြန်လာအုံးမယ်။



ငါပြုလုပ်တော့မယ့် အရာကို အာဗြဟံ ကိုပြောပြရမလား။ သူဟာ ကလေးများစွာရဲ့ဖခင်ကြီးဖြစ်လာမှာဖြစ်ပြီးအဲ့ဒီ ကလေးတွေနဲ့ သူတို့ရဲ့သားသမီးတွေ၊ သူ့ရဲ့မြေး တွေကို ငါ့စကားနားထောင်ဖို့ သူသွန်သင်ပေးလိမ့်မယ်။
ဟုတ်ကဲ့၊ သူသိသင့်ပါတယ်။




ကမ္ဘာဦးကျမ်း ၁၈:၁၀–၂၂


ကောက်ကျစ်တဲ့သူတွေနဲ့အတူ၊ ဖြောင့်မတ်သူတွေကိုဘုရားသခင်သုတ်သင်မှာမဟုတ်ပါဘူး။ ဖြောင့်မတ်သော သူ (၅၀) ဘဲရှိရင်ကောသူတို့ကိုကယ်တင်ဖို့ တစ်မြို့လုံးကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးမလား။လူသားအားလုံးရဲ့တရားသူကြီးချုပ်ဟာ အမှန်ကိုဘဲ လုပ်မယ်လို့ကျွန်ုပ်ယုံကြည်ပါတယ်။
ဖြောင့်မတ်သောသူ (၅၀) ဘဲရှိရင် မြို့နှစ်မြို့စလုံးကို ငါမဖျက်ဆီးဘူး။


ကျွန်ုပ်ဟာ မြေမှုန့်ပါဘဲ။ ဘုရားသခင်နဲ့မထိုက်တန်
ပါဘူး။ (၄၅)ယောက်ဘဲရှိမယ်ဆိုရင်ကော(၅)ယောက်လျော့သွားတာနဲ့
အားလုံးကိုဘုရားရှင်ဖျက်ဆီးပစ်မှာလား။
(၄၅) ယောက်ဘဲရှိရင်လည်း ငါမဖျက်ဆီးဘူး။
အကယ်၍ (၄၀) ဘဲရှိမယ်ဆိုရင်ကော။
(၄၀) ဘဲ ရှိမယ်ဆိုရင်လည်း ငါမဖျက်ဆီးပါဘူး။



ကျွန်ုပ်ကို စိတ်မရှိပါနဲ့။ အကယ်၍ (၃၀) ဘဲရှိမယ်ဆိုရင်ကော။
အဲ့ဒီ (၃၀) အတွက် ငါမဖျက်ဆီးဘူး။
အကယ်၍ (၂၀) ဘဲရှိရင်ကော။
ဖြောင့်မတ်တဲ့သူ (၂၀) ဘဲရှိမယ်ဆိုရင်လည်းဒီမြို့ နှစ်မြို့ကို ငါမဖျက်ဆီးဘူး။


ကျေးဇူးပြုပြီး ကျွန်ုပ်ကိုစိတ်မရှိပါနဲ့။ ဒါကိုကျွန်တော် နောက်ဆုံးအကြိမ်မေးမှာဖြစ်ပါတယ်။ အကယ်၍ လူကောင်း (၁၀) ယောက်ဘဲရှိရင်တောင်မှ ဤမြို့တွေကိုဖျက်ဆီးပါအုံးမလား။
မဖျက်ဆီးဘူး။ လူကောင်း (၁၀) ယောက်ဘဲရှိရင်လည်း ဤမြို့နှစ်မြို့ကို ငါမဖျက်ဆီးဘူး။
လူကောင်း(၁၀)ယောက်ကိုရှာမတွေ့သည့်တိုင်အောင်ကျွန်ုပ်ရဲ့တူလောတကိုကြိုတင်သတိပေးလို့ကောရနိုင် မလား။
သူ့ဆီ ဤည ကျုပ်တို့သွားလည်မယ်။


ညနေပိုင်းတွင်ကောင်းကင်တမန်နှစ်ပါးဟာ အဲဒီမြို့ထဲဝင်ပြီး၊လောတအိမ်ဘက်သို့ ရောက်သွားကြ၏။
ဒါတွေဟာ ကျုပ်ထင်ထားတာတွေ ထက်တောင် ပိုဆိုး နေပါရောလား။
ဘုရားသခင်ကအားလုံး၊ ကလေးနဲ့ တိရိစ္ဆာန် တွေကိုတောင်မှ ဘာ့ကြောင ဖျက်ဆီးပစ်ချင်ရတာလဲဆိုတာ အခုကျုပ်သိရပြီ။


ဟေး၊ သူစိမ်းတို့။ ခင်ဗျားတို့လမ်းပေါ်မှာ အတိုင်းနေလို့မရဘူး။ လုံခြုံစိတ်ချရမှုမရှိဘူး။ ညအတွက် ကျွန်တော့် အိမ်မှာလာတည်းပါ။
ဟေး၊ သူတို့လှတယ်။ လှတဲ့အကြောင်းငါတို့ပြောပြမယ်။
ကမ္ဘာဦးကျမ်း ၁၈း၂၃၊ ၁၉း၂


လောတ၊ အဲ့ လူတွေနဲ့ ကာမဆက်ဆံရအောင် ကျုပ်တို့ဆီပို့လိုက်ပါ။
သွားစမ်း။ လို ယုတ်ပတ်တဲ့ဟာတွေ မင်းတို့လုပ်လို့မရဘူး။
ဟိတ်၊ သူစိမ်း။ နင့်တံခါးကိုငါတို့ဖျက်ပြီး ထက်ဆိုးတာတွေလုပ်ပစ်လိုက်မယ်။
သူ့ကိုယ်သူဘာ ထင်နေလို့လဲ။ ဟုတ်လှပြီပေါ့လေ။ ကြောင်သူတော်ကြွက်သူခိုးကြီး။
မင်းမိုက်လားကွည
နင့်သမီးကိုတို့မလို ချင်ဘူး။ အဲ့ ယောက်ျားခန့်ချောကြီးတွေကိုဘဲ လိုချင်တယ်။


ဘုရားသခင်
သင်တို့မျက်လုံးတွေကို
ကန်းစေပြီ။
ငါမမြင်ရတော့ဘူး။
ဘာဖြစ်သွားတာလဲ။
ဘယ်သူမီးမှု
တ်သတ်လိုက်လဲ။
ဪဘာတန်ခိုး
လဲ။
သူတို့ဘယ်
ရောက်ကုန်ပြီလဲ။



သင်မနက်ဖြန်မနက် မြို့ကနေထွက်သွားရမယ်။ သင်နှင့်သက်ဆိုင်သူ အားလုံးကိုသတိပေးလိုက်ပါ။ ဘုရားသခင် ဟာဖြောင့်မတ်ပြီး အပြစ်တွေကို သူဘယ်လိုမှခွင့်မလွှတ်နိုင်ဘူး။
မနက်ဖြန် နေရာအပေါ် မီးမိုးယ်းတွေ ရွာချလိမ့်မယ်။ သောဒုံ နဲ့ ဂေါမောရ မြို့ထဲက ရှိတဲ့သူတွေအားလုံးသေရလိမ့်မယ်။




ကမ္ဘာဦးကျမ်း ၁၉း၄–၁၇


နောက်လှည့်မကြည့်နဲ့
အစ် ...


အိုး အဖေ၊ အမေ
ဘုရားသခင်စကားကိုနား
မထောင်တော့ဆားတိုင်
ကြီးဖြစ်သွားပြီ။
မကြည့်နဲ့၊
ဆက်ပြေး။


အဲဒီနေ့မှာဘဲ သောဒုံ နဲ့ ဂေါမောရ မြို့မှာရှိတဲ
သက်ရှိအားလုံးသေကုန်ကြတယ်။ ဘုရားသခင်ဟာ
ဖြောင့်မတ်ပြီးအပြစ်ကိုစက်ဆုပ်ရွံရှာတယ်။ အထူးသဖြင့်
ဖောက်ပြားတဲ့လိင်မှုရေးရာကို ရွံမုန်းတယ်။ ယောကျ်ား
ချင်းယောကျ်ား၊ မိန်းမချင်းမိန်းမ ဖြစ်တာတွေကိုပေ့ါ။
ကလေးငယ်တွေပါဝင်တဲ့ လိင်ကိစ္စကတော့ အဆိုးဆုံးဘဲ။
ကမ္ဘာကြီးကိုရေနဲ့ မဖျက်ဆီးဖို့ဘုရားသခင်ကပြောခဲ့ပေ
မယ့်၊ မီးနဲ့တော့သူဘာမှမပြောခဲ့ဘူး။ အပြစ်ရဲ့ အဖိုးအခ
ဟာသေခြင်းဘဲ။ မီးကန်ကြီးထဲမှာ စိတ်ရော
ကိုယ်ပါသွားသေရမှာဖြစ်တယ်။ ဘုရားသခင်ရဲ့
ကျေးဇူးတော်ကြောင့် လောတဟာ စီရင်မှု
ကနေလွတ်မြောက်လာခဲ့တယ်။ နောက်ကို
လှည့်မကြည့်ပါနဲ့လို့ဘုရားသခင် လေးလေးနက်
နက်သတိပေးတာကိုသူ့မိန်းမက မယုံခဲ့ဘူး။


အပြစ်ရဲ့ အဖိုးအခက သေခြင်းဘဲ။
ဤအပြင် ဘာမှမရှိဘူး။




ကမ္ဘာဦးကျမ်း ၁၉း၂၄–၂၆။ ဝတ်ပြုရာကျမ်း ၁၈း၂၂။ ရောမ ၁း၂၄–၃၂၊ ၆း၂၃။
ကောရိန္သု (၁) ၆း၉–၁၁။ ဗျာဒိတ် ၂၁း၈


စာရာ မှာကလေးရှိဖို့ ဘုရားသခင်ကတိပေးခဲ့တယ်။ အာဗြဟံ နဲ့စာရာတို့နှစ်ယောက်စလုံး နှပျိုသွားသလို ခံစားရတယ်။
အာဗြဟံ ရှင်ဘာဖြစ်နေတာလဲ။ [၆] နှစ်အတွင်းရှင်ကျွန်မကို ကြည့်နေတဲ့ပုံစံတွေက တမျိုးကြီးဘဲ။


‘ဒါဟာ အံ့ဖွယ်ဘဲ။ သုံးလအတွင်း စာရား မှာ
ကလေးရှိကြောင်းအားလုံး သိလိုက်ရတယ်။


ဘုရားသခင်ပြောခဲ့သလိုဘဲ သူ့ကို ဣဇာက် (ရယ်မောခြင်းဟုအဓိပ္ပါယ်ရသည်) လို့အမည်ပေးမယ်။ သူဟာ ကြီးမြတ်တဲ့နိုင်ငံရဲ့ ဖခင်ဖြစ်လာလိမ့်မယ်။
ဟုတ်ကဲ့။ ကျွန်မ ကိုယ်ဝန်ရှိလာလိမ့်မယ်လို့ ဘုရားသခင်ပြောတုန်းက ကျွန်မ ရယ်ခဲ့တယ်။ အဖွားကြီး ကလေးရှိလာလိမ့်မယ်လို့ ကြားရတဲ့သူအားလုံး ကျွန်မနဲ့အတူရယ်ကြမှာဘဲ။ အသက်အရွယ်ကြီးနဲ့ ကိုယ့်ရင်သွေးအရင်းကိုပြုစုစောက့်ရှောက်ရမယ်ဆိုတာကို ဘယ်သူယုံမှာလဲ။
ဘုရားသခင်ဟာ ကတိတည်တယ်။ ဒါဟာလဲ အမြဲတမ်းဘဲ။


ဟာဂ နဲ့ရသောအာဗြဟံ၏ သား ဣရှမေလသည် ၁၄နှစ် ပြည့်နေပြီ။ သူက ကလေးကို မုန်းတယ်။
ဟို ချာတိတ်ငရပ်လေး ကျွန်မကို စော်ကားတယ်။ [၆]အီဂျစ်သားလေးကို ငါ့သား ဣဇာက် နဲ့ [၇]အိမ် တစ်အိမ် တည်းမှာငါမနေခိုင်းချင်ဘူး။


ကျွန်မမိန်းမနဲ့ သူ့သားကိုမောင်းထုတ်လိုက်ပါ။ ဣဇာက် လိုသူတို့ဘာအမွေမှ မရရဘူး။ ဣဇာက် ဟာ ကတိတော်အတိုင်းဖြစ်လာတဲ့သားဖြစ်တယ်။
ါနဲ့ ဘုရားသခင်ဟာ အာဗြဟံ နဲ့စကားပြောတယ်။ “စာရား လုပ်တာမှန်တယ်။ ဟာဂ နဲ့ ဣရှမေလ ကိုအဝေး ပို့လိုက်ပါ။ ဣရှမေလ ဟာ ဣဇာက် လိုဘာအမွေမှ ရမှာမဟုတ်ဘူး။ ့ါကြောင့်လည်း သင်မပူဆွေးပါနဲ့။ သူတို့ ကိုငါစောင့်ရှောက်မယ်။ဣရှမေလဟာလည်းသင့်ရဲ့သား




ကမ္ဘာဦးကျမ်း ၂၁း၁-၂၊ ၉-၁၄


သားဟာအံ့ဖွယ်ကောင်းတယ်။ အပြစ်သားကိုကယ်တင်လိမ့်မည်လား။
အာဗြဟံ ဟာသူ့သားဣဇာက်ကိုလွန်စွာချစ်ပြီးသူတို့ကိုဘာနဲ့မှခွဲလို့မရဘူး။


အဖေဘာ့ကြောင့် သိုးသူငယ် လုလုလေးတွေကိုသတ်ပြီးကျောက် ပုံပေါ်မှာမီးရှို့ရတာလဲ။
ကောင်းကင်နဲ့ မြေကြီးကိုပိုင်စိုးတဲ့ ဘုရားသခင်ဟာ မှန်မြတ်သန့်ရှင်းတယ်။ အဖေ့ လိုအပြစ်သားထက်အဆမတန သန့်ရှင်းတယ်။ အရင်ဦးဆုံးလူသား အာ’ ဟာဘုရားသခင်ရဲ့ စကားကိုနားမထောင် တဲ့အတွက် လူမျိုး ဆက်ဟာအဲ ကတည်းက အပြစ်သားဖြစ်ခဲ့ရတယ်။ အပြစ်လုပ်ရင သေရလိမ့်မယ်လို့
သိုးသူငယ်ကို အဖေသတ်ပြီး ဘုရားသခင်က ဆက်ကပ်ရခြင်းဟာအဖေဟာအပြစ်သားဖြစ်ပြီး အပြစ်မဲ့တဲ့သိုးသူငယ်ကအဖေ့အပြစ်ကိုယ်စားအ သေခံရခြင်းဖြစ်တယ်ဆိုတာကို အဖေ အသိအမှတ်ပြုလို့ဘဲ။
ဘုရားသခင်ဟာ အာ’က ပြောခဲ့ပေမယ့် တကယ်တမ်း အာ’ အပြစ်ကျူးလွန်ပြီးတဲ့နောက်မှာ ဘုရားသခင်ဟာ တိရိစ္ဆာန် လေးတွေကို သတ်ပြီး သူတို့ရဲ့ အရည်ခွံတွေနဲ့ အာ’နဲ့ဧဝ ရဲ့အရှက်ကိုကာကွယ်ပေးခဲ့တယ၏။


ဣဇာက် ဟာကြီးပြင်းသန်စွမ်းလာပြီး သူ့အဖေရဲ့
ဘုရားသခင်ကိုလည်းယုံကြည်လာတယ်။ အာဗြဟံဟာသူ့
ကိုလွန်စွာချစ်ပြီး၊ သူတို့ဟာတစ်ခါတစ်လေအတူတူဘုရားရှိခိုးပြီး
ယဇ်ပူဇော်ကြတယ်။ သိုးသူငယ်ကိုသတ်ပြီး သူ့ကိုမီးရှို့မယ့်
ယဇ်ပလ္လင်ပေါ်မှာ တင်ထားရတယ်။


အာဗြဟံ၊သင်ချစ်တဲ့သင့်ရဲ့ တစ်ဦးတည်းသောသားဣဇာက်ကို ခေါ်ယူပြီး ကျုပ်ကိုယဇ်ပူဇော်ပါ။


အဖဘုရား၊ ကျွန်ုပ်ကို ဘာ့ကြောင့် ဤ ကိုလုပ်ခိုင်းရတာလဲ။ ဤဟာဘုရားအလိုမဟုတ်ရဘူး။ ဟေသင် တို့သာလျှင်လူကိုယဇ်ကောင်အဖြစ် ပူဇော်ကြတယ်။ ကျွန်ုပ်ရဲ့သားလေးကဗ္ဗာက်အားဖြင့်တိုင်းကြီးပြည်ကြီးကိုတည် ထောင်ပေးမယ်လို့ အရှင်ဘဲပြောခဲ့တယ်မဟုတ်လား။ ကျွန်ုပ် သာ သူ့ကိုသတ်ရင် အရှင်ဘုရားရဲ့ကတိတော် ဘယ်လိုပြည့်စုံလာနိုင်လိမ့်မလဲ။




ကမ္ဘာဦးကျမ်း ၂၂း၂။ ရောမ ၅း၁၂


ါဟာသုံးရက်ခရီးဖြစ်တဲ့အ
တွက်ငါတို့တစ်ပတ်လောက်
တော့ကြာလိမ့်မယ်။
ကောင်းကောင်းသွားကြပါ။
ရှင်တို့နှစ်ယောက်စလုံးအတွက်ကျွန
်မဆုတောင်းပေးနေမယ်။


အဖေ၊ ဟိုမှာ တောင်ကြီး။ အဲ့ဒီကို သွားတို့မမှောင်ခင် ရောက်သွားမှာပါ။
ဟုတ်တယ်။ အဖေတို့ ဘုရားသွားရှိခိုးပြီးရင်ပြန်လာမယ်။


အဖေ၊ သားတို့မှာထင်းရှိပြီ၊ ယဇ်ပလ္လင်လဲဆောက်ပြီးပြီ။ ယဇ်ကောင်ကတော့ ဘယ်မှာလဲ။
ဣဇာက် ဖေဖေပြောတာသတိရမှာပါနော်။ အဖေနဲ့အမေ အသက်ကြီးရင့်မှ သားကိုမွေးဖို့ ဘုရားသခင်က အဖေ့ကိုပြောခဲ့တယ်။ အခုလည်း သူအဖေ့နဲ့ စကားပြောလာပြန်ပြီ။


[၆]တစ်ခါသူပြောလာတာ ကတော့သားကိုယဇ်ကောင် အနေနဲ့မီးပူဇော်ဖို့ဘဲ။
ကျွန်တော့်ကိုလား အဖေ။ ကျိန်းရော ကျိန်းသေပါရဲ့လား။


ကျွန်တော်ဟာ အမွေစားအမွေခံဖြစ်ပြီး၊ တိုင်းပြည်ကြီးရဲ့သခင်ဖြစ်လာပြီး၊ သားရဲ့သားသမီးတွေလည်းကောင်းကင်ပေါ်က ကြယ်တွေလိုများလိမ့်မယ်လို့ အဖေ့ကို ဘုရားသခင်မပြောခဲ့ဘူးလား။ ဘုရားသခင်ရဲ့ ကတိစကားက ဘယ်မှာလဲ။
ဘုရားသခင်ဟာ သူကတိပေးထားတဲ့အတိုင်း သူလုပ်တယ်ဆိုတာကို အဖေယုံတယ်။ သားဟာတိုင်းပြည်ကြီးရဲ့ သခင်ဖြစ်လာလိမ့်မယ်လို့ သူပြောထားရင်သားသေရင်လည်းသူပြောခဲ့တဲ့အတိုင်းသားဖြစ်လာမှာဘဲ။


သားသေပြီးမှတော့ ငါ
တွေဘယ်သွားဖြစ်နိုင်ပါ့
မလဲ။
အဖေလည်းမသိဘူး။
သားကိုပြန်ရှင်လာအောင်
လုပ်ပေးနိုင်ရင်တော့ ...
အဖေ၊ ဘာဘဲဖြစ်ဖြစ်
ဘုရားသခင်ရဲ့စကားကို
သားတို့နာခံရမှာဘဲ။
ကမ္ဘာဦးကျမ်း ၂၂:၁၉


အာဗြဟံ ဟာဘုရားသခင်ရဲ့စကားက သူနာခံတယ်ဆိုတာ သူသိပေမယ့်လည်း မီးပူဇော်ခြင်းအမှုကို သူတစ်ဆင့်ခြင်းလုပ်တဲ့ အခါ သူ့နှလုံးသားဟာ နွမ်းလျပြီး သူ့လက်တွေဟာလည်းတုန်နေမှာပါဘဲ။
သူ့သားရဲ့လက်တွေကိုသူကြိုးတုပ်လိုက်ပြီးတော့ သူ့ကိုယဇ်ပလ္လင်ပေါ်တင်ထားလိုက်တယ်။ နောက်တဆင့်ကတော့ သူ့လည်မျိုကို ‘‘ါးနဲ့ထိုးဖောက်ပစ်ဖို့ဘဲဖြစ်တယ်။

ဘုရားသခင်ကို ယုံကြည်
စွာနဲ့ ဆုတောင်းပြီးနောက်
အာဗြဟံဟာ”ါးကိုကိုင်မြှောက်ပြီး
မထိုးစိုက်ခင်မှာဘဲကောင်းကင်က
အသံတစ်သံကိုသူရုတ်တရက်
ကြားလိုက်ရတယ်။





အာဗြဟံ၊ အာဗြဟံ၊
ကလေးကိုမထိခိုက်စေပါနဲ့။


သင်ဟာငါ့စကားက
နာခံတယ်ဆိုတာ အခုငါသိရ
ပြီ။သင့်ရဲ့တစ်ဦးတည်းသောသား
ကိုတောင်ငါ့အတွက်ပေးဆပ်ဖို့
ငါ့စကားကိုနားထောင်တယ်ဆို
တာကို ငါသိရပါပြီ။



အာဗြဟံမော့ပြီးကြည့်တဲ့အခါ ချုံထဲမှာ ချည်ထားသောသိုးတစ်ကောင် တွေ့လိုက်တယ်။
အဖေ၊ ဟိုမှာကြည့်စမ်း၊ သားကိုယ်စားဘုရားသခင်ကသိုးထီးတစ်ကောင်လွှတ်လိုက်တယ်။


အာဗြဟံ၊ သင့်ရဲ့တစ်ဦးတည်းသော သားကိုတောင်မှ မထိန်ဝှက်ဘ
ဲ၍အမှုအရာကိုပြုခဲ့တဲ့အတွက် သင့်ကိုငါကောင်းချီးပေးပြီး၊
သင့်သားသမီးတို့ကိုလည်းကောင်းကင်မှ ကြယ်များကဲ့သို့ပွားများစေပြီး၊
ဒီနယ်မြေကို သင့်သားသမီးများအား သိမ်းပိုက်စေကာ၊သူတို့ရဲ့
ရန်သူတို့ကိုလည်း ချေမှုန်းစေမည်။ ဒ့ါအပြင် မမွေးဖွားသေးတဲ့ သင့်
ရဲ့သားတစ်ယောက်အားဖြင့် ကမ္ဘာပေါ်ရှိတိုင်းပြည်များအားလုံး
ကောင်းချီးခံစားရလိမ့်မယ်။
အဖေပြောပြတဲ့အတိုင်း
သူဟာဂရုဏာဘုရား
ဖြစ်တယ်။
ကမ္ဘာဦးကျမ်း ၂၂း၉–၁၈။ ဟေဗြဲ ၁၁း၁၇–၁၉


အာဗြဟံ နှင့် စာရား ဣဇာက် ကိုမွေးဖွားစဉ်
အာဗြဟံ အသက် (၁၀၀) ပြည့်ပြီ။
ဣရှမေလ ၌သားတော်
(၁၂) ပါးရှိပြီး၊ အာရပ်
လူမျိုးများဖြစ်လာတယ်။
ကမ္ဘာဦးကျမ်း ၂၁:၅၊ ၁၃၊ ၂၄:၆၇၊ ၂၅:၁၂–၁၈၊ ၂၅:၂၀–၂၆၊ ၂၉:၃၂–၃၀



ဣဇာက် အရွယ်ရောက်သော် ရေဗက္က နှင့် လက်ထပ်ပြီး၊ ကတိပြုခံရတဲ့အတိုင်း သားတော် ယာကုပ်ကို ဖွားမြင်တယ်။
ယာကုပ် အရွယ်ရောက်သော် ရာခေလ နှင့် လက်ထပ်ပြီး၊ သား (၁၂) ယောက် မွေးဖွားတယ်။
ဣရှမေလ
အာဗြဟံ
ဣဇာက် (၁၈၉၆ ဘီစီ)
ယာကုပ် (၁၈၃၆ ဘီစီ)



အခန်းကြီး – ၃

# မောရေ


၁၇၀၆ ဘီစီ
မိုးခေါင်ရေရှားချိန်မှာ အာဗြဟံ ရဲ့မြေး ယာကုပ် ဟာသူ့သား (၁၂) ယောက်၊ မြေးအားလုံးနဲ့ ခြွေရံသင်းပင်းတွေ ကိုခေါ်ပြီး အဲဂုတ္တုပြည်မှာသွားနေတယ်။ အဲဂုတ္တု မှာသူတို့ဟာ မြေမှုန့်တွေလိုပွားများလာတယ်။
မကြာသေးသောကာလမှာဘဲ ယာကုပ်ရဲ့သားသမီး အရေအတွက်ဟာ အဲဂုတ္တုပြည်သားလူဦးရေထက်တောင်များသွားတယ်။


အဲဂုတ္တု ရဲ့ ဖါရောဘုရင်ဟာ ယာကုပ်ရဲ့
မျိုးဆက်တွေကို အလုပ်ကြမ်းများ
လုပ်စေတယ်။ အုတ်တွေကို ဖုတ်စေတယ်။
၄လိုနဲ့ နှစ်ပေါင်း (၃၀၀) ကျော်လွန်ပြီးတဲ့အ
ခါမှာ သူတို့အားလုံးဟာ ဘုရားသခင်က
အာပြဟံ နဲ့ သူတို့ ရဲ့ဖခင်တွေကိုပေးခဲ့တဲ့
ကတိစကားတွေကို မေ့ကုန်ကြတယ်။


အာဗြဟံ ရဲ့ လူမျိုးတွေ အခြားတစ်ပါးသောတိုင်းပြည်မှာ ကျွန်ခံရလိမ့်မယ်လို့ ဘုရားသခင်က
အာဗြဟံကိုပြော ခဲ့တယ်။ ပြီးတော့ နှစ် (၄၀၀) ကြာပြီးနောက်ပိုင်း အဲ့ဒီတိုင်းပြည်ကို ဘုရားသခင်က
စီရင်ပြီး ထိုတိုင်းပြည်တွင်းမှ ခေါ်ထုတ်လာကာ ကတိတော်ထားရှိရာ နယ်မြေသို့ပြန်လည်
ဝင်ရောက်ရမည်ဖြစ်ကြောင်းကိုလည်း ဘုရားသခင်ကထပ်မံကတိပြုခဲ့တယ်။



ကျွန်မရှင်ကို အမှန်ပြော တာ။ကျွန်မတို့လူဦးရေတ အားများလာတာ ဖါရောဘုရင် အရမ်း ကြောက်နေတယ်။ ကလေးအားလုံးကိုသူ သတ်ပစ်လိမ့်မယ်။ အဲဂုတ္တုလူမျိုးတွေဟာ အားနည်းပြီးအပျင်းထူကြ တယ်။ ကျွန်မတို့လူမျိုး တွေကအလုပ်ကြမ်းတွေ ကြောင့်သန်မာတောင့်တင်း ကြတယ်။ သူတို့ဟာ ကျွန်မတို့ကိုကြောက် တယ်။
သူတို့ ကျွန်မကလေးကို မသတ်ရဘူး။ သူ့ကိုဘုရားသခင်ကွယ်ကာစောင်မလိမ့်မယ်။
ဟာ့ ... ဖါရောဘုရင်ရဲ့ဘုန်းတန်ခိုးကို ဘုရားသခင်ဘယ်လို ဆန့်ကျင်နိုင်မှာလဲ။




ကမ္ဘာဦးကျမ်း ၄၆း၅–၇။ ထွက်မြောက်ရာကျမ်း ၁း၁–၁၂၊ ၂၂


‘ါပေမယ့် အမေရယ်၊ စစ်သားနဲ့ အိမ်နီးချင်းတွေက ကလေးဘယ်မှာလဲလို့ မေးလာရင်ဘယ်လိုဖြေရမှာလဲ။
သူတို့ကိုအမှန်အတိုင်းသာ ပြောလိုက်ပါ။သူ့အမေအရင်းက သူ့ကို ရေထဲပစ်ချလိုက်ပြီ လို့။ ‘ါဆိုသူတို့ဘာမှ မလုပ်တော့ဘူး။



အမေ၊ [၆]အထဲရေမစိမ့်ဝင်နိုင်တာသေချာရဲ့လား။
[၇]ါကို ကတ္တရာစေးနဲ့ သုတ်ထားတယ်။ရေပေါ်မှာ မျှောနေလိမ့်မယ်။
ကျွန်မရဲ့မောင်လေးကို ကျွန်မတို့ထပ်တွေ့ရပါအုံးမလား။ အိုး ... ရက်စက်လိုက်ကြတာ အဲဂုတ္တုပြည်သားတွေရယ်။
ဘုရားသခင် သူ့ကိုကာကွယ်မှာပါ။ သူ့ကိုမလှမ်းမကမ်းကနေ စောင့်ကြည့်ပါသမီး။


ဖါရောဘုရင်ရဲ့သမီး
ကရေချိုးဖို့အတွက်ရေဆိပ်
ကိုဆင်းလာတယ်။
ကြည့်စမ်းပါအုံး။
အဲ့ခြင်းထဲကငိုသံ
ကြားရတယ်။


သူဟာ ဟေဗြဲအမျိုးထဲက တစ်ယောက်ယောက် ဖြစ်မှာဘဲ။
အိုး၊ ချစ်စရာလေးဟယ်။
သူဗိုက်ဆာ နေမှာဘဲ။



အကယ်၍သူ့ကိုကြည့်ရှု စောင့်မပေးမယ့်သူတစ် ယောက်ရှိရင် ကျွန်မသူ့ကို မွေးစားမယ်။
ဟိုမှာဟောပြဲကလေး တစ်ယောက်တွေ့ရတယ်။ ဪကလေးကိုကြည့်ရှုပေးမယ့်သူတစ် ယောက်ယောက်ကိုတော့ ချာတိတ်မလေး ရှာပေးနိုင်မှာဘဲ။


သူ့ကိုကြည့်ရှုစောင့်မပေးမယ့်သူတစ်ယောက်ယောက်ကိုကျွန်မကြိုးစားရှာပေးပါ့မယ်။ သူ့ကလေးငယ်ရေထပစ်ချခြင်းခံရတဲ့ ဟေဗြဲ အမျိုးသမီးတစ်ယောက်ကိုတော့ ကျွန်မသိထားတယ်။ သူ့မှာနို့ရည်တွေအများကြီးရှိသေးတယ်။


ထွက်မြောက်ရာကျမ်း ၂း၃-၉


ငါဘာလုပ်မိခဲ့ပါလိမ့်။ ငါ့ကလေးကို ငါပြန်တွေ့ရပ့ါအုံးမလား။ ဘုရားသခင်ရောသိပါလေစေ။
ရှင့်မှာရွေးစရာလမ်းမှမရှိဘဲ။ ၏ကလေးကိုလည်းရှင်အမြဲတမ်းမသိမ်းထားနိုင်ပါဘူး။တချိန်ချိန်မှာတော့စစ်သား တွေသူ့ကိုရှာတွေ့ပြီးသတ်ပစ်မှာဘဲ။ဘုရားသခင်ကိုဘဲ ဆက်ပြီးယုံလိုက်ပါ။
အမေ၊ အမေရေ။


အမေ၊ ဖါရောဘုရင်ရဲ့သမီးတော် မြစ်ဆိပ်ကိုဆင်းလာတော့ ကျွန်မရဲ့မောင်လေးကိုတွေ့သွားတယ်။ သူက၏ ကလေးကိုမွေးစားချင်တယ်။ ကျွန်မကိုလည်း ၏ကလေးကိုကြည့်ရှုစောင်မပေးနိုင်မယ့်သူတစ်ယောက်ကို ရှာခိုင်းထားတယ်။ သူအခု၏ကိုလာနေပြီ။
အမေ၊ သမီးတို့ အနန္တ ဘုရ ားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းပါတယ်။


ရှင့်ကလေးငယ်ဆုံးသွားပြီလို့ကျွန်မ ကြားခဲ့ရတယ်။ ရှင့်အတွက် ကျွန်မစိတ်မကောင်းပါဘူး။ ကလေးကို ကျွန်မ မြစ်ဆိပ်မှာတွေ့ခဲ့တယ်။ ကလေးကို ကျွန်မအတွက်ပြုစုစောင့်ရှောက်ပေးဖို့ ကျွန်မရှင့်ကိုစရိတ်ပေးပါ့မယ်။ သူနို့ ဖြတ်ရင် သူ့ကိုကျွန်မလာယူပြီး အဲဂုတ္တုပြည်ရဲ့ ဖါရောဘုရင်တစ်ပါးဖြစ်လာအောင် ပျိုးထောင်ပေးဖို့ နန်းတော်တွင်းကိုခေါ်သွားရလိမ့်မယ်။
မောရှေ ကြီးပြင်းလာတာနဲ့ သူ့မိဘအဆက်ဆက်ရဲ့ ဘုရားသခင်အကြောင်းကိုသူမကသင်ပေးတယ်။ ကလေးငယ်လေးရဲ့ အထူးရည်ရွယ်ချက်တစ်ရပ် ဘုရားသခင်ဆီမှာရှိတယ်။


[၉]ပေါ်ခုန်တက်မင်းသား လေး။မင်းသားလေးကိုနန်း တော်ဆီမောင်းပို့ပေးမယ်။
သူတို့ဘယ် လောက်မြန်မြန် ပြေးနိုင်သလဲ။
မောရှေကိုကြည့်ရှုပေးတဲ့အတွက် ကျေးဇူးပါဘဲရှင်။ သူတအား ကျန်းမာရေးကောင်းတာဘဲ။
ထွက်မြောက်ရာကျမ်း ၂း၈–၁၀


ဖါရောဘုရင့်သမီးတော်ရဲ့မွေးစားသားအဖြစ်၊ ယောက်ျားကောင်းတစ်ယောက် အဖြစ် အဲဂုတ္တုပြည်မှာ မောရှေ ကြီးပြင်းလာခဲ့တယ်။ သူဟာငွေကြေးနဲ့အာဏာ ကိုအလွယ်တကူရယူနိုင်မှာဖြစ်သော်လည်း၊ သူ့ရဲ့ဘဝရင်းကို သူလုံးဝမမေ့ဘူး။


ကျုပ်ခင်ဗျားကိုပြောနေတယ် မောရှေ၊ ကျုပ်တို့ရဲ့ဘိုးဘေးတွေဖြစ်တဲ့ အာဖြဟံ၊ ဣဇာက် နဲ့ ယာကုပ် တို့ရဲ့ ဘုရားသခင်က အာဖြဟံ ကိုဘာပြောခဲ့သလဲဆိုရင်၊ အာဖြဟံရဲ့မျိုးဆက်တွေကပွားများလာပြီးအခြားတစ်ပါးသောသူရဲ့ပြည်မှာတစိမ်းတွေအဖြစ် နေထိုင်ရလိမ့်မယ်တဲ့။ အခုဘဲကြည့်လေ၊ ကျုပ်တို့၏မှာရှိနေပြီ။
ဟုတ်တယ်။ ကျုပ်တို့ နှစ်(၄၀၀)လောက်၏မြေထဲမှာဆင်းရဲ ကျွရောက်မှာဖြစ်ကြောင်းလည်း ဘုရားသခင်က အာဖြဟံကိုပြောခဲ့သေးတယ်။ ကျုပ်တို့၏နယ်မြေမှာနေထိုင်လာတာ (၃၅၉) နှစ်ရှိပြီ။ နှစ်(၄၀) ဘဲကျန်တော့တယ်။


‘ါမယုံနိုင်စရာဘဲ။ ဖါရောဘုရင် ကတော
ကျွန်တွေကိုလွယ်လွယ်နဲ့ လက်လွှတ်ခံမှာမဟုတ်ဘူး။
ဥစ္စာ”နတွေနဲ့ ထွက်ခွာသွားရမယ့်
အဖြစ်ကတော့ပိုလို့တောင်ဝေးသေးတယ်။ ‘ါပေမယ့်
နည်းလမ်းတစ်ခုခုတော့ ရှိမှာဘဲ။ ဘာ့ကြောင့်နောက်ထပ်
(၄၁) နှစ်ကြီးများတောင် ထပ်စောင့်ရအုံးမှာတုန်း။
“တိုင်းပြည်က ကျုပ်တို့အပေါ်မကောင်းခဲ့သလ
သူတို့လည်းစီရင်ခြင်းခံရမှာဖြစ်ကြောင်းကိုလည်း ဘုရားသခင်
ပြောခဲ့သေးတယ်။ ပြီးတော့ “မြေပေါ်ကနေကျုပ်တို့ ကြွယ်ဝကုံလုံစွာ
ထွက်ခွာပြီး၊ ကျုပ်တို့ရဲ့ဘိုးဘေးတွေကို ဘုရားသခင်ပေးထားခဲ့တဲ့
နေရာကိုပြန်သွားရမယ်တဲ့။


ဟေဗြဲ ကလေးတွေဟာ သူတို့သခင်များရဲ့ထိန်းချုပ်မှုအောက်မှာ ဆင်းရဲဒုက္ခရောက်နေရတယ်။ တွင်းသေးသေး တွေထဲမှာသူတို့အုတ်ဖုတ်ရတယ်။ သူတို့ရဲ့ဆင်းရဲဒုက္ခကို မောရှေက လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ဘူး။ ဒါနဲ့ ပတ်သက်ပြီး တခုခုကိုလုပ်ဖို့ သူဆုံးဖြတ်လိုက်တယ်။
မရိုက်သတ်
ခင်ထစမ်းပါ။
ညစ်ပတ်တဲ့လူ
ထစမ်း။
ဟေဗြာ၊
ခင်ဗျား ထစမစ်းပါ။
ထွက်မြောက်ရာကျမ်း ၂း၁၀–၁၁


တနေ့ အဲဂုတ္တုပြည်သားတစ်ယောက်က ဟေဗြဲ တစ်ယောက်ကိုရက်ရက်စက်စက် ရိုက်နှက်တာကို မောရှေ တွေ့ရတော့...
လွတ်မြောက်ဖို့အချိန်တန်ပြီ။ ဒီလုပ်ရပ်တွေကိုရပ်ပစ်ရမယ်။


ဖောင်
ဒါမျိုးလုပ်လို့ မရတော့ဘူး။
မောရှေကအဲ့ အဲဂုတ္တုနိုင်ငံသားကိုသတ်ပစ်ပြီး သူ့ကိုမြေမြှုပ်ပစ်တယ်။ ဒါပေမယ့် ဒါကိုတွေ့သွားတဲ့သူ တစ်ယောက်က ဖါရောဘုရင် ကိုတိုင်လိုက်တယ်။


ရပ်၊ မင်း လူသတ်မှုနဲ့တရားရုံး တက်ရမယ်။
မောရှေပဲ
အိုး၊ ဘုရားသခင်။ ကျွန်ုပ်ဘာ လုပ်မိခဲ့ပါလိမ့်။


မောရှေ ဟာအဲဂုတ္တုပြည်က
နေတောကြီးမြက်မည်းထဲကို
ထွက်ပြေးသွားတယ်။ သူနဲ့အတူ
မိသားစုတွေ၊ သူငယ်ချင်းတွေ
တစ်ယောက်မှမပါဘူး။
ထွက်မြောက်ရာကျမ်း ၂း၁၁–၁၅



မောရှေ ဟာရက်ပေါင်းများစွာလမ်းလျှောက်ရ တယ်။သိုးထိန်းတွေစခန်းချတဲ့နေရာကိုရောက်လာ တော့ သူရှေ ဆက်မလျှောက်နိုင်တော့ဘူး။
ဟိုမှာကြည့်စမ်း၊ လူတစ်ယောက်…
သူဟာသေလုမြောပါးဘဲ။ ရေယူလာစမ်းပါဒုံး…
သူဟာအဲဂုတ္တု လူမျိုးတစ် ယောက်ဘဲ။

မိဒျန် လူမျိုးစုတွေအကြား မောရှေ ဟာဘဝသစ်ကိုတွေ့ရှိခဲ့တယ်။
သူဟာတောတောင်အကြောင်းကိုလေ့လာပြီး လက်ထပ်ထိမ်းမြားကာ
သိုးထိန်းတစ်ယောက်ဖြစ်လာတယ်။ နှစ်လေးဆယ်ကြာပြီးနောက်
အဲဂုတ္တု ကိုသူမေ့သလောက်ရှိသွားတယ်။ သူ့လူမျိုးတွေကို
နောက်တခါပြန်တွေ့ရမယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးသူ့မှာမရှိတော့ဘူး။




‘ဒါတော်တော်ထူးဆန်းတာဘဲ။ အဲ့ဒီခြုံဟာမီး
စွဲနေပြီး၊ဘာ့ကြောင့်မကျွမ်းသွားရတာလဲ။မီးက
တော့တောက်လောင်မြဲ လောင်နေတယ်။


မောရှေ သင့်ဖိနပ်ကို ချွတ်လိုက်ပါ။ သင်ဟာသန့်ရှင်းရာမြေပေါ်မှာ ရပ်နေပါတယ်။ ငါဟာသင့်ဘိုးဘေးတို့ဖြစ်တဲ့အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ရဲ့ဘုရားသခင်ဘဲ။


အဲဂုတ္တုပြည်မှာရှိတဲ့ ငါ့လူမျိုးတွေရဲ့ ဆင်းရဲ’ကျွကို ငါကြားသိမြင်တွေ့နေရတယ်။ သူတို့ကို ‘နယ်မြေထဲကကယ် ထုတ်ပြီး၊ သူတို့ဘိုးဘေးတွေကို ငါကတိပေးထားတဲ့ပြည်ကို ပြန်လည်ခေါ်သွင်းဖို့အချိန်တန်ပြီ။ သင့်ကို ဖါရောဘုရင်ထံ ငါပို့ပေးမယ်။ ငါ့လူမျိုးတွေရဲ့ ကျွန်ဖြစ်ရခြင်းမှလွတ်မြောက်အောင် သင်ကယ်ထုတ်ရမယ်။ သင့် လူမျိုးတွေကို လွတ်ပေးဖို့ သင်သူ့ကိုပြောရမယ်။ သူကငြင်းဆန်လိမ့်မယ်။ ပြီးရင် အဲဂုတ္တုအား ငါ့ရဲ့ဘုန်းတော်ကို ငါဖော်ပြမယ်။ အဲ့’ပြီးရင် သူဟာသင်တို့ကို ထွက်သွားခွင့်ပြုလိမ့်မယ်။
ဘီစီ ၁၉၄၁ ဝန်းကျင် ထွက်မြောက်ရာကျမ်း ၂း၁၆၊ ၃း၁၀


‘ါပေမယ့် ဘုရားရှင်ဟာ ကျွန်ုပ်ကိုပို့ဆောင်ကြောင်းသူ တို့ယုံမှာမဟုတ်ဘူး။ သူတို့ ပြက်ရယ်ပြုမှာဘဲ။


သင့်ရဲ့တုတ်ကောက်ကို
မြေကြီးပေါ်ပစ်ချလိုက်ပါ။


ဘာ...ကျွန်တော့်ရဲ့
တုတ်ကောက်ကို


အဲ့ဒါမြွေဆိုးတစ်
ကောင်ဖြစ်လာတယ်။


ဒီမြွေဆိုးကိုအမြီးကနေ
ကောက်ကိုင်လိုက်ပါ။


ကျွန်တော့်ရဲ့တုတ်ပြန်
ဖြစ်သွားပြီ။




ထွက်မြောက်ရာကျမ်း ၄း၁–၉၊ ၁၂–၁၆


၁၄၄၅ ဘီစီ
ရှင် အဲဂုတ္တုကိုပြန်မယ် ဟုတ်လား။ ရှင့်ကိုသေကြောင်းကြံတဲ့သူအားလုံးက ရောဘယ်လိုလဲ။
နှစ် (၄၀) တောင်ကြာခဲ့ပြီလေ။ ငါ့ရဲ့ အတိတ်ကကိစ္စကိုသိတဲ့သူအားလုံးလည်း သေကုန်ကြပြီ။ ဘယ်သူမှ ငါ့ကို မှတ်မိတော့မှာ မဟုတ်ဘူး။
ရှင်ဘယ်လောက်ကြာကြာသွားမှာလဲ။
ဘုရားရဲ့လူမျိုးတွေကိုဖါရောဘုရင်လွှတ်ပေးတဲ့အထိပေါ့။


လူကြီးတွေအားလုံးကိုခေါ်လိုက်ပါ။ လွတ်မြောက်ဖို့အချိန်တန်ပြီ။
သူတို့ဟာ ဘယ်သူတွေလဲ။
သူကတော့ လေဝိမျိုးနွယ်က အာရုန်ဘဲ။ ကျန်တဲ့တစ်ယောက်ကတော့ ငါတို့လိုဘဲ။ ‘ါပေမယ့် ကျွန်တစ်ယောက်တော့မဟုတ်ဘူး။


ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း(၈၀)တုန်း
ကဖာရောဘုရင်ကလေးယောကျ်ားတွေ
အားလုံးကိုသုတ်သင်တဲ့လူသတ်မှုကိုအကြီး
အကျယ်ကျူးလွန်ချိန်အတွင်းမောရှေဟာ
မွေးဖွားခဲ့တယ်။သူ့အမေဟာသူ့ကိုခြင်းထဲ
ထည့်ပြီးရေထဲမျှောချလိုက်တယ်။ဘုရားသခင်
ရဲ့စောင်မမှုကြောင့်ဖာရောဘုရင်ရဲ့သမီးတော
ကသူ့ကိုတွေ့သွားပြီးမောရှေဟာအဲဂုတ္တုပြည်
သားအဖြစ်စောင့်ရှောက်ခြင်း
ခံခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း
ဣသရေလ
လူကြီးတွေအားလုံးကျုပ်
အနီးကိုလာကြပါ။




ထွက်မြောက်ရာကျမ်း ၄း၂၉-၃၁


အာဗြဟံ ရဲ့ဘုရားသခင
ဟာမီးတောက်နေတဲ့ ခြုံပုတ်ကနေ
ကျွန်ုပ်နဲ့စကားပြောပြီးခင်ဗျားတို့ကို
ခင်ဗျားတို့ရဲ့ဘိုးဘေးတွေကိုသူကပေး
ထားတဲ့ပြည်ကို ပြန်ခေါ်သွားဖို့ကျွန်ုပ်ကို
၆ နေရာစေလွှတ်လိုက်တယ်။


ဟိုက် သူ့ တုတ်ကြီးကနေမြွေဆိုး ဖြစ်သွားတယ်။
မကြောက်ကြပါနဲ့။


ဒါကိုကြည့်ပါ။




ထွက်မြောက်ရာကျမ်း ၄း၁၇၊ ၃၀


ဟိုး လွန်ခဲ့တဲ့ နှစ် (၄၀) တုန်းက ငါ၏နေရာက ထွက်လာခဲ့စဉ်အတိုင်း ဘာမှမပြောင်းလဲဘူး။ နင့်ကို ငါပြောခဲ့သလို ပြောဖို့သတိရနော်။


ဣသရေလ ရဲ့ဘုရားက မောရှေ နဲ့စကားပြောခဲ့ပါတယ်။ ဘုရားသခင်ပြောတာကတော့ "လူမျိုးတွေကို သုံးရက်ခန့်တောကြီးမြက်မည်း ထဲမှာဝတ်ပြုကိုးကွယ်မနဲ့ ယဇ်ပူဇော်မတို့ကို လုပ်ခွင့်ရဖို့ပါဘဲ။
ဟာ – ဣသရေလ ရဲ့ဘုရား၊ ဟား–ဟား–ဟား။ မင်းရဲ့ဘုရားကို ငါမသိဘူး။ သူ့စကားကို နားထောင်ရလောက် အောင်သူကဘာဘုရားမို့လို့လဲ။ "ါဟာစော်ကားတာဘဲ။ ငါ့ရဲ့ကျွန်တွေကို တောကြီးမြက်မည်း ထဲသုံးရက်ခရီး ငါသွားခွင့်မပြုနိုင်ဘူး။


ငါ့ရဲ့ လူတွေအလုပ်လုပ်ခြင်းက ရပ်သွားအောင် မင်းတို့လာမွှေသွားတယ်ဆိုတာ ငါကြားရတယ်။ ငါကတောင် မသိတဲ့ဘုရားကို ဝတ်ပြုဖို့ အခုသူတို့ သုံးရက်ခရီး ထွက်ချင်နေကြတယ်။ သူတို့ ထက်အလုပ်ပိုလုပ်ရအောင် ငါလုပ်ပြမယ်။ အခုကစပြီး အုတ်ဖုတ်ဖို့အတွက် ကောက်ရိုးကို သူ့တို့ကိုယ်တိုင်ရှာရမယ်။ မင်းအခု ငါ့ရှေ့က ထွက်သွားပြီး မင်းလာတဲ့အရပ်ဆီကို ပြန်ပေတော့။

ထွက်မြောက်ရာကျမ်း ၅း၁-၇


မိုက်ရှုးရဲ့အာ လုပ်ကိုခင်ဗျား ယုံသလား?
တော်တော်ရယ်ဖို့ကောင်းတာဘဲ။ သူတို့ကိုဘုရားဂိုက်ဖမ်းပြီး ချီတက်လာတဲ့ပုံကိုက —


ခင်ဗျား အခုပြောနေတာက ခင်ဗျားရဲ့လုပ်ရပ်ကြောင့် ကျုပ်တို့အလုပ်ပိုလုပ်ရတော့မယ်။ ဒါဘာလွတ်ငြိမ်းချမ်းသာမှုမျိုးလဲ။ ပြီးတော့ဘုရားသခင်ကခင်ဗျားက လွှတ်လိုက်တယ်လို့လည်း ခင်ဗျားထင်တယ်ဟုတ်လား။
သူ့ကိုယ်သူ ဘာထင်လို့လဲ။
ဒါလည်း အရှုးတစ်ပါးဘဲ။
သူ့တုတ်ကလေးကြောင့် ဖြစ်သွားရတာငါလုံးဝ လက်မခံနိုင်ဘူး။


မင်းအလုပ်လုပ်လို့ မဝသေးဘူးပေါ့။ မင်းရဲ့ဘုရားကို မင်းသွားရှိခိုးချင် နေတယ်ပေါ့လေ။ မင်းအချောင်မခိုတတ်အောင်ငါသင်ပေးမယ်။


ယေဟောဝါ၊ အရှင့်နာမ အားဖြင့်ကျွန်ုပ် ကိုလာပြောရ ခြင်းဖြစ်ပါတယ်။အခြေအနေက အလွန်ကိုဆိုးရွားလာတယ်။ ဘာ့ကြောင့်ကျွန်ုပ်အား ကိုပို့ ဆောင်ရတာလဲ။
ငါဟာ သင့်ဘိုးဘေး အာဗြဟံ၊ ဣဇာက် နဲ့ ယာကုပ် တို့ရဲ့ ဘုရားယေဟောဝါ ဖြစ်တယ်။ ငါ့လူမျိုးတွေရဲ့ အတိ ဒုက္ခနဲ့ သူ့တို့ရဲ့ ငိုကြွေးမြည်တမ်းမှုတွေကို ငါမြင်တွေ့ကြားသိခဲ့ရတယ်။
အာဗြဟံ ကိုငါကတိပေးထားခဲ့တဲ့ အတိုင်း ဣသရေလ အမျိုးသားအားလုံးကို ခါနာန်ပြည် ထဲဦးဆောင်ခေါ်သွားဖို့ အချိန်တန်ပြီ။ မောရှေကသူတို့ ကိုကယ်ထုတ်သွားမှာဖြစ်တယ်။


'ါပေမယ့်ကျွန်တော်မျိုးစကားကောင်းကောင်း မပြောတတ်တဲ့အတွက်ဖာရောဘုရင်ကျွန်ုပ်ကိုနားထောင်မည်မဟုတ်ပါ။
အာရုန် ကသင့်ကိုယ်စားပြောပေးလိမ့်မယ်။ ငါ့စကားကိုသာ နာခံပြီးသူ့ကိုဘာပြောရမလဲဆိုတာ ညွှန်ကြားပါ။ အစပိုင်း ဖာရောဘုရင် သင့်ကိုနားထောင်မှာမဟုတ်ဘူး။ ဒါပေမယ့် ငါသာလျှင် စစ်မှန်တဲ့ တစ်ဦးတည်းသော ဘုရားရှင်ဖြစ်ကြောင်း အဲဂုတ္တုပြည်သားတွေ သိတဲ့အထိပိုပြီးဆန်းကြယ်တဲ့ နိမိတ်တွေကို ငါပြမယ်။


ဟာဟာ့။ဒီကိုမင်း
နောက်တစ်ခေါက်ဘာ
ပြန်လာလုပ်တာလဲ။
“ငါ့ရဲ့လူတွေကို
ထွက်သွားခွင့်ပေးပါ”
လို့ယေဟောဝါက
ပြောတယ်။




ထွက်မြောက်ရာကျမ်း ၅း၁၀–၁၂၊ ၇း၇–၁၁


ခင်ဗျားရဲ့တုတ်ကို မြွေအဖြစ်ပြောင်းလဲသွားအောင်လုပ်နိုင်တဲ့ ခင်ဗျားရဲ့မျက်လှည့်အစွမ်းကို အမြန်လာပြစမ်းပါအုံး။


မင်းတို့ကို အုတ်များများပုတ်ဖို့ မြွေဆိုးတို့ရဲ့ နတ်ဘုရား၊ နီးဆပ်ကမှာ လိုက်တယ်။ ဟား–ဟား–ဟား။




ထွက်မြောက်ရာကျမ်း ၇း၁၁–၁၂


ကြည့်စမ်းပါအုံး။ သူ့မြွေက ငါတို့ရဲ့မြွေတွေက တိုက်ခိုက်ချင်နေတယ်။


သူ့မြွေက
တို့ရဲ့မြွေတစ်ကောင်
ကို မြိုသွားပြီ။


ငါတို့ရဲ့မြွေတစ်ကောင်လုံးကို မြိုချလိုက်တာ။


နောက်တစ်ကောင်ကို ထပ်မြိုသွားလိမ့်မယ်လို့ ငါ့ကိုလာမပြောနဲ့။ ငါတို့ရဲ့ မြွေနတ်ဘုရား နီးဆပ တော်တော် စိတ်ဆိုးသွားလိမ့်မယ်။


ငါမယုံနိုင်ဘူး။ ငါတို့ ရဲ့မြွေအားလုံးကို သူ့ မြွေကမြိုချလိုက်ပြီ။
‘ဘယ်လိုဖြစ်ရတာလဲ။


ထွက်မြောက်ရာကျမ်း ၇း၁၂
ယေဟောဝါဟာဖန်ဆင်း ရှင်ဘုရားဖြစ်တယ်။”ငါ့လူမျိုး တွေကိုသွားခွင့်ပေးပါ”လို့သူ တောင်းဆိုတယ်။


‘ငါကိုမင်းဘယ်လိုလုပ်သလဲဆိုတာငါတော့မသိဘူး။ ‘ငါပေးမယ့်’ပြပွဲလေးအတွက်ကျွန်တစ်သန်းနဲ့ ငါမလဲနိုင်ဘူး။ ငါ့ရှေ့ကထွက်သွားစမ်း။
ထွက်မြောက်ရာကျမ်း ၇း၁၃
“ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း ဖာရောဘုရင်သည်နှလုံးခိုင်မာ၍သူတို့၏စကားကို နားမထောင်ဘဲနေ၏။”


ဖာရောဘုရင် ရဲ့မျက်လှည့်ဆရာတွေ လိုက်တုလို့ ရတဲ့နည်းတွေနဲ့ ယေဟောဝါ ကငါတို့ကိုဘာ့ကြောင့် ဒီကိုပို့ ရတာလဲ။ အခုနတုန်းက ငါတို့အရှုးလိုဖြစ်သွားတယ်။
ဒါတော့ငါမသိဘူး။ ဒါပေမယ့်ဘုရားသခင်က ဖာရောဘုရင်ရဲ့ နှလုံးခိုင်မာလိမ့်မယ်လို့တော့ ပြောခဲ့တယ်။ တကယ်လည်းဟုတ်ခဲ့ တယ်။ သူ့ရဲ့အချစ်တော်မြွေတွေအမြိုခံရတော့သူဘယ်လောက် ဒေါပွသွားတယ်ဆိုတာကို နင်မြင်တယ်မဟုတ်လား။
ယေဟောဝါနဲ့စကားပြော လို့ရမယ့်နေရာငါသွားရှာလိုက်အုံး မယ်။နောက်ထပ်ဘာဆက်လုပ်ရမ လဲ ဆိုတာကို လည်းငါမသိဘူး။


မောရှေ နဲ့ ဘုရားသခင်နောက်တစ်ခေါက်တွေ့ပြီး ဘာဆက်လုပ်ရမလဲဆိုတာကို ပြောပြတယ်။ မောရှေ ဟာ အဲဂုတ္တုပြည်သားတွေရဲ့ ပြက်ရယ်ပြုမှု ကိုခံခဲ့ရတယ်။ သူတို့အပေါ် ဖာရောဘုရင် ရဲ့ပိုမိုရက်စက်လာမကြောင့် သူ့လူမျိုးအချင်းချင်းကပင်လျှင် မောရှေကိုဆန့်ကျင်ကြတယ်။ ‘ါပေမယ့် မောရှေဟာ ဘုရားသခင်ကို ယုံကြည်ပြီး သူဘာမှနားမလည်ပေမယ့်လည်း ဘုရားသခင်ရဲ့စကားကိုသူနားထောင်တယ်။
ငါ့လူမျိုးတွေကို သွားခွင့်မပေးတဲ့အတွက် ငါဟာဘုရားအစစ်အမှန်ဖြစ်တယ်ဆိုတာ သင်သိရမယ်။ အဲဂုတ္တုပြည်မှာ ရှိတဲ့ရေတွေအားလုံး သွေးအဖြစ်ပြောင်းလဲကုန်လိမ့်မယ်။




ထွက်မြောက်ရာကျမ်း ၇း၁၅–၂၁


ကြည့်စမ်း၊ ’ါကိုင့်ါမျက်လှည့်ဆရာတွေလည်းလုပ်နိုင်တာဘဲ။ မင်းတို့ရဲ့နည်းတွေနဲ့တော့ ငါ့ကိုလာ မဖျားယောင်းနဲ့။


ဒါမျိုးငါ့ဘဝမှာ တခါမှမကြုံဖူးဘူး။ ချောင်း၊မြောင်း၊အင်းအိုင်တွေအားလုံးသွေးအဖြစ်ကိုပြောင်းသွားတာ။ သူ့ဘုရားရဲ့ နာမည်ဟာ ဘာလို့သူပြောခဲ့သလဲ။
သူတို့ပြောတာတခါမှ မကြားဖူးဘူး။ ဒါတွေဟာ ဘာများကွာခြားနေလို့လဲ။ ငါတို့မှာလည်း နတ်ဘုရားတွေထောင်နဲ့ချီပြီးရှိတယ်။ နိုင်းမြစ်ရဲ့နတ်ဘုရားတော့ ဒေါပွနေမှာဘဲ။


အဲ့ မောရှေ ပြော
တဲ့သူ့ရဲ့ဘုရားကတစ်ဦး
တည်းသောဘုရားရှင်တဲ့။
ဘုရားတစ်ဆူတည်း
ဘဲမဟုတ်လား။ မဟုတ်မ
ဟပ်တွေကွာ။


ရေကနေ သွေးအဖြစ်ပြောင်းသွားတာ (၇)ရက် ကြာပြီးတဲ့အခါ မောရှေဟာ အဲဂုတ္တုပြည်အတွက် ဘုရားသခင်ရဲ့စီရင်ချက်ကို ယူဆောင်လာပြန်တယ်။
ရေထွက်ရာအရပ်တိုင်း ဖားတွေများများထွက်ပါစေ။




ထွက်မြောက်ရာကျမ်း ၇း၂၁–၂၅၊ ၈း၆


ငါ့အိမ်ထဲမှာ ဖား တွေနဲ့ပြည့်နေတယ်။
အဲဂုတ္တုတစ် ပြည်လုံးဖားတွေနဲ့ပြည့် နေတယ်။နတ်ဘုရား တွေလည်းေါ်ပွနေ ကြတယ်။
ငါတို့ရဲ့နတ်ဘုရားတွေ ဘယ်မှာလဲ။ သူတို့ တစ်ခုခုလုပ်လို့မရ ဘူးလား။



အောင်မယ်လေး



ဘာဖြစ်လို့ သူတို့ ဖားတွေကိုထပ်လုပ်ရတာလဲ။ မောရှေ လုပ်ခဲ့တာတင်များနေပြီ။ အခု သူတို့ကပိုပြီးထပ်လုပ်အုံးမလို့လား။
ဒီမှာ ကြည့်ပါ ဖာရောဘုရင်။ ကျွန်ုပ်တို့ရဲ့ မျက်လှည့်ဆရာတွေလည်း ဖားတွေကိုလုပ်တတ်ပါတယ်။
သူတို့တောင်းဆိုသလို ဒီလူတွေကို ဘာ့ကြောင့်တောကြီးမြက်မည်းထဲ မပို့ချင်ရတာလဲ။ ဒါတွေကို ငါတို့လည်း မခံနိုင်တော့ဘူး။


မောရှေ ကိုခေါ်စမ်း။ သူ့နဲ့ ငါစကားပြော ချင်တယ်။
ဟုတ်ကဲ့ဆရာ




ထွက်မြောက်ရာကျမ်း ၈း၇–၁၀


သူသတ်မှတ်ထားတဲ့အချိန်မှာ ဖားတွေမရှိတော့တဲ့အခါ ဖာရောဘုရင်ရဲ့နှလုံးသားဟာခိုင်မာလာပြီး ဟေဗြဲတို့ကိုထွက်သွားခွင့်မပေးတော့ဘူး။
ငါတို့တပြည်လုံးကို ဖားတွေနဲ့ပြည့်သွားအောင် လုပ်တဲ့ ယေဟောဝါ ဆိုတဲ့ဘုရားဟာ ဘာကြီးလဲ။
ဘုရားက ’ါကိုလုပ်ရတယ်လို့ခင်ဗျားဘာကြောင့်ထင်ရတာလဲ။ ‘ါ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်မှာပါ။


ဒါဆိုရင် ဒါတွေဖြစ်လာလိမ့်မယ်လို့ မောရှေ ကဘယ်လိုသွားပြီးတော့ ကြိုတင်ခန့်မှန်းနိုင်မှာလဲ။ ပြီးတော့သတ်မှတ်ထားတဲ့အချိန်မှာ ဤဖားတွေအားလုံးသေလိမ့်မယ်ဆိုတာကို သူဘယ်လိုသိနိုင်မှာလဲ။
အို...တိတ်တိတ်နေပြီး လုပ်စရာရှိတာလုပ်။ ဒါမှမဟုတ်ရင် ဤဖားတွေကုန်အောင် ဘယ်တော့မှ ရှင်းနိုင်တော့မှာ မဟုတ်ဘူး။


“အာရုန် ကိုပြောပါ။ ခင်ဗျား လက်ကိုဆန့်ပြီး မြေကြီးကိုရိုက်လိုက်ပါ။ အဲဂုတ္တုတပြည်လုံးမှာရှိတဲ့ဖုန်မှုန့် တွေခြင်ကောင်ဖြစ်သွားစေရမယ်” ဟု ယေဟောဝါ က မောရှေကိုပြောတယ်။


ဤလိုနဲ့ အဲဂုတ္တုတပြည်လုံးမှာရှိတဲ့ မြေမန့်တွေဟာ ခြင်ကောင်အာ ဖြစ်ပြောင်းလဲသွားတယ်။
ဟာ ဟဲ ဟဲ



ထွက်မြောက်ရာကျမ်း ၈း၁၃–၁၉


ခြင်ကောင်တွေတော့ပျောက်
သွားပြီ။ ဒါပေမယ့်ကျွန်တွေကို
ငါသွားခွင့်မပြုနိုင်ဘူး။ သူ့ရဲ့ဘုရား
သခင်ဘာတွေထပ်လုပ်
နိုင်သေးလို့လဲ။


မောရှေ ကိုဘုရားသခင်က စကားပြောတဲ့အခါ “အဲဂုတ္တုပြည်ပေါ်ကိုယင်ရဲတွေနဲ့ ငါပြည့်စေမယ်။ အိမ်တိုင်းမှာ ယင်ကောင်တွေနဲ့ ပြည့်စေရမယ်။ ‘ငါပေမယ့် ‘တခါ အဲဂုတ္တုပြည်သားနဲ့ ဟေဗြဲ တို့ကိုငါခွဲထားမယ်။
ငါ့လူမျိုး တွေကြားထဲမှာ တော့ယင်ကောင်တွေမရှိစေရဘူး။ ‘ငါအားဖြင့်ငါဟာ မြေကြီးသားအပေါင်းတို့ရဲ့ ဘုရားသခင်ဖြစ်တယ် ဆိုတာ အားလုံးသိစေရမယ်”


ဖေဖေ ဘာ့ကြောင့်သား တို့ရဲ့ နတ်ဆရာတွေ၏ လူ့ကို မနိုင်တာလဲ။သူတို့ရဲ့စွမ်းအား တွေဘယ်ရောက်ကုန်ပြီလဲ
ဘာသာရေး နဲ့ပတ်သက်ပြီး ငါဘာမှမသိဘူး။ငါ့အရေးဘဲငါ စိတ်ဝင်စားတယ်။


သူပြောခဲ့သလိုဘဲ ဟေဗြဲ တွေ
ရဲ့ကြားမှာတော့ ယင်ရဲတွေမရှိဘူး။
ါသူတို့ဘုရားရဲ့ လုပ်ရပ်ဖြစ်ရမယ်။
မောရှေ
ကိုသွားရှာစမ်း။


မင်းတို့ဘုရားကို သွားပူဇော်တော့။ ဒါပေမယ့် အဲဂုတ္တုပြည်အပြင်ကိုတော့မထွက်နဲ့။
သုံးရက်ခရီးတော့ ကျွန်တော်တို့အနည်းဆုံး သွားရလိမ့်မယ်။
မင်းတို့သွားနိုင်တယ်လို့ ငါပြောတယ်။ ဒါပေမယ့် ဒီလောက်ဝေးဝေးမသွားရဘူး။ အခုမင်းတို့ရဲ့ ဘုရားနဲ့စကားပြောပြီး ဒီနံ့စော်တဲ့ ယင်ရဲတွေကို ပြန်ယူသွားခိုင်းစမ်း။




ထွက်မြောက်ရာကျမ်း ၈း၂၀–၃၂


ဘုရားသခင်ဟာ အဲဂုတ္တုပြည်ပေါ်
နောက်ထပ်ကပ်ဆိုးတစ်ခုယူဆောင်လာ
ပြန်တယ်။ သူတို့ရဲ့ နွားထီး၊ နွားမ၊
သိုးနဲ့ကုလားအုပ်တွေအားလုံးအနာ
ရောဂါရပြီး သေကုန်တယ်။ ဒါပေမယ့်
ဟေဗြဲလူမျိုးတို့ရဲ့တိရိစ္ဆာန်တွေ
တော့ ရောဂါမရကြဘူး။
ငါတို့ရဲ့ တိရစ္ဆာန်တွေအား
လုံးသေတဲ့အချိန်မှာ မင်းတို့ရဲ့
အကောင်တွေက ကျန်းကျန်းမာ
မာဘဲ။ ဒါကိုမင်း တို့ဘယ်လို
ရှင်းပြပေးနိုင်မလဲ။
မောရှေ ပြောထားတာကတော့
ကျုပ်တို့ဘိုးဘေးတွေရဲ့ဘုရားဟာ ကျုပ်တို့
ကို အဖြစ်က လာရောက်ကယ်တင်ခြင်းဖြစ်
တယ်။ ဒါပေမယ့် ကျုပ်ကရိုးရိုးလေးဘဲ
နေတတ်တော့ ဒါတွေကိုကျုပ်
ဘာမှမသိဘူး။


ငါတို့ရဲ့နတ်ဆရာတွေကလည်း နတ်ဘုရားတွေကိုယဇ်ပူဇော်နေတယ်။ ငါတို့ရဲ့နတ်နွားစိတ်ဆိုးလာရင် [၉]အနာရောဂါတွေအားလုံး ပျောက်သွားမှာပါ။


အဲဂုတ္တုပြည်သားတွေရဲ့ နတ်ဘုရားတွေ ဘယ်ရောက်ကုန်ပြီလဲ။ သူတို့မှာ စွမ်းအားတွေမရှိကြတော့ဘူးလား။
ဒါဟာနောက်ကျသွားပြီလို့ ဖာရောဘုရင်ကိုပြောလိုက်ပါ။ တို့ရဲ့နတ်နွားတွေအားလုံးသေကုန်ပြီ။ ဒီဟေဗြဲ တွေရဲ့မမြင်ရတဲ့ ဘုရားရဲ့လုပ်ရပ်တွေကို ငါတို့နတ်ဘုရားတွေက မကာကွယ်နိုင်ဘူးဆိုတာကို လူတွေသိရင် သူတို့ တော်တော်ဒေါပွသွားကြမှာဘဲ။
ဒါပေမယ့် ဖာရောဘုရင်ဟာ သူ့နှလုံးသားကိုခိုင်မာလာစေပြန်တယ်။
ထွက်မြောက်ရာကျမ်း ၉း၆–၇

တဖန် ဘုရားသခင်ဟာ မောရှေ
နဲ့စကားပြောပြီးလုပ်စေတာက
တောပြာမှုန့်တွေကိုမြို့အပေါ်ကြဲချ
စေပြီး၊အဲဂုတ္တုပြည်သားများအနာ
စိမ်းပေါက်လာစေဖို့ဘဲ။




မျက်လှည့်ဆရာတွေကိုခေါ်စမ်း။
သူတို့ရဲ့အစွမ်းကို အကုန်သုံးခိုင်း။ နတ်
ဘုရားတွေကိုလည်း ယဇ်ပူဇော်ပြီး၊
ʻါတွေအားလုံးကိုရပ်တန်းကရပ်စေပါ။ ဘုရား
တွေကိုလည်း ယဇ်ပူဇော်ပြီး၊ ʻါတွေအားလုံး
ကို ရပ်တန်းကရပ်စေပါ။



တန်ခိုးအရှိဆုံးသော နတ်ဘုရားကိုပင့်ခေါ်ရဲ့လား။
မင်းတို့လည်းပင့်ခေါ်ပေ့ါ။ မောရှေ ရဲ့ဘုရားကိုတိုက်ထုတ်နိုင်တဲ့စွမ်းအား မင်းတို့မှာမရှိကြဘူးလား။


မင်းတို့လိုအသုံးမကျတဲ့ အတုအယောင်သမား တွေ ငါ့ရှေ့ကအခုထွက်သွားကြစမ်း။ မင်းတို့ဟာ လူတွေကို လျှောက်လှည့်စားနေတဲ့ လူလိမ်တွေဘဲဆိုတာငါသိတယ်။ မင်းတို့ရဲ့ နတ်ဘုရားတွေဘယ်မှာလဲ။


စောစောထပြီး ဖာရောဘုရင် ကိုသင်တို့ပြောရမှာကတော့
“ဟေဗြဲ တို့ရဲ့ဘုရားက မှာထားတော်မူသည်မှာ၊ ငါ့ လူတွေကိုသွားခွင့်ပြုပါ။
နောက်ကျရောက်မည့် ကပ်ရောဂါက ထက်ပိုဆိုးလာမှာဖြစ်တယ်။ သင်တို့ရဲ့
အသက် ပေါင်းမြောက်များစွာကို ထိခိုက်စေနိုင်မယ့် ဆုံးရှုံးမှုကို ဖြစ်စေမယ်။
‘ါအားဖြင့် ငါလိုဘုရားမှတပါး အခြားသော ဘုရားမရှိဘူးဆိုတာကို
သင်တို့သိရလိမ့်မယ်။ သင်မသိတာက သင့်ကို ဖာရောဘုရင်
ဖြစ်အောင်လုပ်တဲ့သူကလဲ ငါဘဲ။ တွေ့တယ်မဟုတ်လား။
ငါ့လူတွေကိုသွားခွင့်ပေးဖို့ သင့်နှလုံးသားက
ခိုင်မာလာစေမယ်ဆိုတာလည်း ငါသိတယ်။
သင့်ရဲ့ခေါင်းမာမှုတွေဟာ ငါ့ရဲ့လူမျိုးကို မတရားနှိပ်စက်တဲ့
အဲဂုတ္တုပြည်သားတွေကို ‘ဏ်ခတ်ဖို့ လမ်းဖွင့်ပေးနေသလိုဘဲ။
သင်ဟာ သင့်ရဲ့ဆန္ဒအတိုင်း လိုရာလုပ်ဆောင်ပြီး ငါ့ရဲ့ဆန္ဒကို
ဆန့်ကျင်တဲ့အတွက် မနက်ဖြန် အချိန်မှာ ကမ္ဘာက
တခါမှမမြင်ဖူးသေးတဲ့ မိုဃ်းသီးနဲ့ မီးမိုဃ်းတို့ကို ရွာချစေမယ်။
သင်တို့ကို ငါအခုလို မှာထားရခြင်းက အိမ်ပြင်မှာရှိတဲ့ လူနဲ့


တိရိစ္ဆာန် အားလုံးသေကုန်မှာ ဖြစ်တဲ့အတွက် အားလုံးကို သင်တို့ ကြိုတင်သတိပေးထားနိုင်ဖို့ဘဲဖြစ်တယ်။”
ထွက်မြောက်ရာကျမ်း ၉း၈–၁၉


ယေဟောဝါ ရဲ့ စကားတော်အတိုင်း ဖြစ်စေသား။




သတိပေးချက်ကိုမနာခံဘဲအိမ်ပြင် မှာရှိတဲ့သူအားလုံး သေကုန်ကြတယ်။
မိုဃ်းသီးနဲ့မီး အတူဘယ်လိုသွားပြီး ဖြစ်နိုင်မှာလဲ။
နတ်ဘုရားရှင် ဆက်သ်၊ ကျုပ်တို့ကို ကူညီပါ။
အား ...


ဖေဖေ ဩကိုဟိုလူကြီး မောရှေ ဘယ်လိုလုပ်တာလဲ။ သူ့ရဲ့ဘုရားက လေပြင်းမုန်တိုင်းနတ်ဘုရား ဆက်သထက် ပိုတန်ခိုးကြီးလို့လား။
သူပြောပုံအရတော့ ဘုရားဟာ တစ်ဆူတည်းရှိပြီး ဟေဗြဲတွေကတော့ သူ့ကလေးတွေတဲ့။
ဩပေမယ့် ဟေဗြဲ တွေအပါအဝင် ဘယ်သူ့မှသူ့ရဲ့ဘုရားကို မမြင်ဖူးသေးဘူး။ ဝိညာဉ်တော်ပုံစံဆောင်တယ်လို့ သူကဖော်ပြတဲ့ သူ့ရဲ့ ဘုရားက ဖာရောဘုရင်ကို သူ့ရဲ့လူမျိုးတွေ တောကြီးမြက်မည်းထဲမှာ သူ့ကိုဝတ်ပြုခွင့်ရရန် ခွင့်ပေးဖို့ တောင်းဆို နေတယ်။





ထွက်မြောက်ရာကျမ်း ၆း၂၃–၂၆


ငါတို့ဆီကိုတော့ မလာဘူး။ အဲဂုတ္တုပြည်သားတွေဆီကိုဘဲသွားတယ်။
သားကြောက်တယ်ဖေဖေ။ မိုးသီးနဲ့မီးတွေသားတို့အပေါ်လည်း ကျလာမှာလား။
မကျဘူးသား။ ဘုရားသခင် ကသူ့စကားကို နားမထောင်တဲ့ အဲဂုတ္တုပြည်သားတွေကို ‘ဏ်ခတ်ခြင်းဘဲဖြစ်တယ်။ သူတို့ရဲ့ လေပြင်းမုန်တိုင်း နတ်ဘုရား ဆက်သ် ဟာဘာမှမလုပ်နိုင်ဘူးဆိုတာကို ဘုရားသခင်က သူတို့ကို ပြတာဘဲ။
တော်တော်ကြောက်ဖို့ကောင်းတာဘဲ။


ယေဟောဝါ ကိုငါပြစ်မှားမိပြီ။ ဟေဗြဲတို့ရဲ့ဘုရားရှင်ကဖြောင့်မတ်ပြီးငါနဲ့ အဲဂုတ္တုပြည်သားတွေက ကောက်ကျစ်လှပါကလား။ယေဟောဝါအား မိုးသီးနဲ့မီး မိုးတွေကိုရပ်တန့်စေပါ။ မင်းတို့ရဲ့လူမျိုးကို ငါချက်ချင်း ထွက်ခွာခွင့်ပေးမယ်။
မြို့ပြင်ကို ထွက်ထွက်ချင်း ငါကောင်းကင်ဆီလက်ဆန့်တန်းလိုက်ရင် ကပ် ကြွတွေအားလုံးချုပ်ငြိမ်းသွားမှာပါ။ ဒါအားဖြင့် မြေကြီးဟာယေဟောဝါနဲ့သာစပ်ဆိုင်တယ်ဆိုတာ ကိုဘုရင်ကြီးသိမှာဖြစ်ပေမယ့်ဘုရင်ကြီးစကား တည်မှာမဟုတ်ဘူး။ ဘုရားသခင်ကိုလည်း ကြောက်ရွံ့ဦးမယ် မထင်ဘူး။
မုန်တိုင်းငြိမ်သက်သွားတာကို ဖာရောဘုရင်သိရှိရတဲ့အခါ သူ့ ရဲ့ နှလုံးသားဟာပိုခိုင်မာလာတယ်။ သူဟာ ဣသရေလလူမျိုးတွေကို ထွက်သွားခွင့်မပေးပြန်ဘူး။


ဘုရားသခင်က နောက်ကပ်ဘေးတစ်ခုက ပို့လိုက်တယ်။ မုန်တိုင်းကျအပြီး ရှင်သန်နေသေးတဲ့ သစ်စိမ်း၊ ဝါးစိမ်း တွေအားလုံးကိုကျိုင်းကောင်တွေ လာစားပစ်တယ်။ ပြီးတော့ ကျိုင်းကောင်တွေ အိမ်တွေဆီကို ပျံသွားတယ်။
ထွက်မြောက်ရာကျမ်း ၉း၂၆–၃၅၊ ၁၀း၁၃–၁၅


မေမေရယ် ....
မေမေရယ်
အား၊ အီး ......
မှတ်ထား


စိုက်ခင်းတွေရဲ့ နတ်ဘုရား အိုစီရိစ်ရယ်၊ဟေဗြဲ တို့ရဲ့ဘုရားက ကျုပ်တို့ရဲ့ပျိုးခင်းတွေကို ဘာ လုပ်ပစ်သလဲဆိုတာကို မတွေ့ဘူးလားဗျာ။
နတ်ဘုရား အိုစီရိစ်၊ ဒီနေ့ တော့ အစွမ်းပြလိုက်စမ်းပါ။
ဖာရောဘုရင်ဟာ မောရှေကိုခေါ်ယူပြီး သူ့လူတွေကိုထွက်သွားဖို့ ကတိပေးလိုက်တယ်။ ဒါပေမယ့်ဘုရားသခင် ကကျိုင်းကောင်တွေကို ယူထုတ်ပြီးတဲ့အခါကျတော့ ဖာရောဘုရင်ရဲ့ နှလုံးသားဟာ ခိုင်မာလာပြီး သူ့ရဲ့ကျွန်တွေကို လက်မလွှတ်နိုင်ပြန်ဘူး။
ထွက်မြောက်ရာကျမ်း ၁၀း၁၄–၂၀


ပြီးတဲ့အခါ ဘုရားသခင်ဟာ အဲဂုတ္တုပြည်ပေါ်ကို တိမ်မည်းတွေနဲ့ အုပ်ထားလိုက်တယ်။ သုံးရက်လုံးလုံးမှောင်မဲနေပေမယ့် ဟေဗြဲလူမျိုးတွေရဲ့ အိမ်တွေတော့မမှောင်ဘူး။
မင်းကို မတိုင်ခင်ငါသတ်ပစ်လိုက်လို့ရတယ်။ လိုလုပ်ရင် မင်းတို့ဘုရားကငါတို့ဘုရားထက်သာတယ်လို့ပြသရာရောက်မှာဖြစ်လို့ဘဲ။


ငါ့ရှေ့ကထွက်သွားစမ်း။ မင်းမျက်နှာ ငါတစ်ခါမှထပ်မတွေ့ချင်တော့ဘူး။ အဲ့ နေ့ဟာ မင်းရဲ့သေနေ့ဘဲ။
တခါတော့ ဘုရင်ကြီးမှန်တဲ့စကားကို ပြောတာဘဲ။ ကျွန်ုပ်တို့ရဲ့ဘုရင်ကြီးနဲ့ တခါမှ ပြန်တွေ့ရတော့မှာမဟုတ်ဘူး။


နေနတ်ဘုရား ရီရ် ခင်ဗျား၊ ကျွန်ုပ်ရဲ့အသံကိုကြားတော်မူပါ။ သုံးရက်လုံးလုံး နတ်ဘုရားကြီး ကျွန်ုပ်တို့ကို မျက်ကွယ်ပြုထားပါတယ်။ ဟေဗြဲလူမျိုးတို့ရဲ့ဘုရားကို တိုက်ထုတ်ပစ်လို့မရဘူးလား။


‘ပါဘဲ နောက်ဆုံးကပ်ဘေးကျပြီးတာနဲ့ ကျုပ်တို့အဲဂုတ္တုပြည်ကထွက်သွားတာကို ဖာရောဘုရင်ကြီး ပြုံးပြုံးကြီး နဲ့ ကြည့်နေရလိမ့်မယ်။ ၅ ညသန်းခေါင်ယံမှာ အဲဂုတ္တုပြည်ပေါ် ပျက်စီးခြင်းကျရောက်လိမ့်မယ်။ မိသားစုတိုင်းရဲ့ သားဦးတွေ သေရလိမ့်မယ်။ ၆ ညမှာ အပြစ်အားလုံးကို ဘုရားသခင်’ ဏ်ခတ်မယ်။
ကျုပ်တို့ရဲ့သားဦးတွေ ရော၊ သေရအုံးမှာလား။


အဲဂုတ္တုပြည်သားအပါအဝင် ယုံကြည်သူအားလုံးအတွက်
ကယ်တင်ခြင်းကို ဘုရားသခင်ဖြည့်ဆည်းပေးတယ်။ အခုပြန်ပြီး
ဆိတ် (သို့) သိုးသငယ်အထီးကိုယူပြီး ညမှာသတ်ပါ။ ပြီးရင်
သူ့ရဲ့အသွေးကို တံခါးရဲ့ဘေး တဘက် တချက်ဘောင်ပေါ်မှာနဲ့
တံခါးအပေါ်ဘက် ဘောင်ပေါ်မှာသုတ်လိုက်ပါ။ ယေဟောဝါ
ပြောထားတာကတော့ ညသားဦးတွေကို သတ်ဖို့
မြေပေါ် ဖြတ်သွားတဲ့အခါသင်တို့တံခါးပေါ်မှာ သွေးကိုတွေ့ရင်
ငါကျော်သွားပြီး အဲ အိမ်မှာရှိတဲ့ သားဦးတွေမသေရဘူး။
ညအိမ်ထဲမှာဘဲနေပြီး သင်တို့သတ်တဲ့ သိုးသငယ်ရဲ့
အသားကို စားကြပါ။
ထွက်မြောက်ရာကျမ်း ၁၀:၂၂–၂၉၊ ၁၁:၄–၅၊ ၁၂:၃–၇


အခု ခင်ဗျားရဲ့ အဲဂုတ္တုပြည်သား ကျွန်ပိုင်ရှင်တွေထံသွားပြီး သူတို့ရဲ့ အဖိုးတန်ပစ္စည်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကိုချေးပါ။ ဘုရားသခင်က သူတို့ရဲ့နှလုံးသားကို တို့ထိပြီးတဲ့အတွက် ခင်ဗျားတို့တောင်းသမျှကို သူတို့ရက်ရောစွာပေးလာလိမ့်မယ်။
ပြီးရင် အထုပ်ထုပ်ပြီး မနက်ဖြန်မနက ခရီးစထွက်ဖို့ပြင်ပေတော့။ ‘နေရာ ကိုခင်ဗျားတို့ ဘယ်တော့မှပြန်လာရတော့မှာမဟုတ်ဘူး။ ‘ါဟာ အဲဂုတ္တုပြည်ကို ထာဝရနှုတ်ဆက်ခြင်းဘဲ။ ‘ါဟာခင်ဗျားတို့ရဲ့ ပထမဆုံးရက်ဘဲ။


ဖေဖေ ‘သားတို့ရဲ့ တကောင်တည်းသောသိုးဘဲ။ ဆေးနီလိုအရာတွေနဲ့ သုတ်ရင်ကောမရဘူးလား ။။
သား၊ ဘုရားသခင်က သိုးသူငယ်က သတ်ပြီး သူ့ရဲ့သွေးကို တံခါးဘောင်ပေါ်မှာ သုတ်ဖို့ပြောထားတယ်။ သူပြောသလို ဖေဖေ တို့တိတိကျကျလုပ်ရမယ်။ သူ့စကားကို နားမထောင်တဲ့သူကို သူဘယ်လိုစီရင်သလဲဆို တာသားသိတယ် မဟုတ်လား။ သိုးသူငယ်ဟာ သားတို့ကိုသေခြင်းက ကာကွယ်ပေးမှာဖြစ်တယ်။


ဒါဆို သိုးသူငယ်က သားအတွက်အသေခံတာပေါ့နော်။
ဖေဖေလည်း သားဦးဖြစ်တဲ့အတွက် ဖေဖေ့အတွက်လည်း အသေခံသွားတာပါဘဲ။




ထွက်မြောက်ရာကျမ်း ၁၂း၂၆–၂၈၊ ၃၅–၃၆


ဘာဖြစ်လို့သိုးသူငယ်ကိုသတ်ပြီးသူ့ရဲ့သွေးကိုတံခါးဘောင်ပေါ်မှာ မသုတ်ထားရတာလဲ။
ဟာ၊ မင်းက၏ပေါက်တတ်ကရတွေကိုလျှောက်ယုံတယ်ပေ့ါ။ တံခါးပေါ်ကသွေးကလေးတကွက်ကပေါ်လာမယ့်သေမင်းကိုဘယ်လိုသွားတားဆီးနိုင်မှာလဲ။ငါ့သားကသူတော်စင်လည်းမဟုတ်ဘူး။ မင်းက နတ်ဘုရားဂျိုင်ကင်မ်လား။
ဘယ်ကဟုတ်ရမှာလဲ။ နင်ကငါ့ကိုမိန်းမလျှာလို့ထင်နေတာမဟုတ်လား။ ဘာသာရေးဆိုတာ ပျော့ညံ့တဲ့သူတွေ အတွက်ဘဲ။ သွေးလေးတကွက် တံခါးပေါ်မသုတ်တာနဲ့ ကောင်းတဲ့ဘုရားဟာ ဘယ်သူ့ကိုမှသတ်မှာမဟုတ်ဘူး။ ါကို မကြားသိရတဲ့လူတွေကရော ဘယ်လိုလုပ်မလဲ။


ဖေဖေ၊ ဘာ့ကြောင့်ဒီည ဟာအခြားညတွေထက်ထူးခြားနေရတာလဲ။
ဘာ့ကြောင့်လဲဆိုတော့ ဒီညမှာသူ့ကို မယုံကြည်တဲ့သူတွေရဲ့ သားဦးအားလုံးကို ဘုရားသခင် လာပြီးသုတ်သင မယ့်ညဖြစ်လို့ဘဲ။ ဒါပေမယ့် သွေးကိုတွေ့ရင် အဲ့ဒီအိမ်ကနေကျော်သွားလိမ့်မယ်။
ဒါဟာ ဖေဖေ တို့ရဲ့အဦးဆုံး နေ့ဘဲ။ နှစ်တိုင်းဒီရက်မှာဆိုရင် ဘုရားသခင်က ဖေဖေတို့အားလုံးကို ဖာရောဘုရင်ကြီး ရဲ့လက်ကနေ ကယ်ထုတ်ခဲ့တာကိုအမှတ်ရတဲ့အနေနဲ့ ပသခါပွဲကို ဖေဖေတို့ကျင်းပရလိမ့်မယ်။


ဖေဖေ အောင်သံတွေကို နားထောင်ကြည့်ပါအုံး။ လုပ်ငန်းတော့ စပြီထင်တယ်။
မကြောက်ပါနဲ့။ ဘုရားသခင်ရဲ့ စကားကို ဖေဖေတို့နားထောင်တယ်။ တံခါးဘောင်ပေါ်မှာသွေးတွေရှိတယ်။ သိုးသူငယ်ရဲ့အသားကိုလည်း ဖေဖေတို့စားကြတယ်။



ထွက်မြောက်ရာကျမ်း ၁၂း၂၈


ဝမ်းနည်းပါတယ်။ ဒါပေမယ
တအားနောက်ကျသွားပြီ။ ခင်ဗျားကို
သတိပေးထားသားဘဲ။ ဒါကို ခင်ဗျားမှ မယုံဘဲ။
ဒီညတော့လူတွေအများကြီးသေကြမှာဘဲ။
အီးဟီးဟီး…
အိုးဟိုး
ဟိုး…မလုပ်ပါနဲ့ဘုရား…
ကျုပ်ကလေးကို
မလုပ်ပါနဲ့ ။
ဘုရားသခင် အဲ့ဒီမြို့ပေါ် ဖြတ်သွားစဉ်
လူထောင်ပေါင်းများစွာသေခဲ့တယ်။ ယုံကြည်ခြင်းနဲ့ တံခါးဘောင်ပေါ်မှာ
သွေးကိုသုတ်တဲ့ လူတွေအားလုံးတော့ အသက်ရှင်ခွင့်ရတယ်။


ကျွန်မသား
လေးသေပြီ။
အမြန်လုပ်။ မောရှေကို
ကိုချက်ချင်းခေါ်လာစမ်း။


သူ့မိသားစုမှာ သူဟာသားဦးဘဲ။
အိုု ......
တယ် ... ငါလေ ...
ထွက်မြောက်ရာကျမ်း ၁၂း၂၉–၃၁



ဖာရောဘုရင်ဟာ မောရှေ
ကိုထပ်ခေါ်စေတယ်။

ဖာရောက မောရှေရဲ့မျက်နှာမကြည့်ဘူး။





သူတို့ရဲ့ ဘိုးဘေးတွေကို ဘုရားသခင် ကတိတော်ထားရှိခဲ့တဲ့အတိုင်းဘဲ နှစ် (၄၀၀)ပြီးနောက်အဲဂုတ္တုပြည်ကနေသူတို့ထွက်လာရတယ်။ အဲဂုတ္တုပြည်သားတွေဟာ ဟေဗြဲအမျိုးသားတွေကို သူတို့သယ်ယူနိုင်တဲ့ ရွှေတွေ၊ အဖိုးတန်ပစ္စည်းတွေနဲ့ စားသောက်စရာတွေကို သူတို့ကြိုက်သလောက်ပေးလိုက်တယ်။ ဟေဗြဲအမျိုးသားများအတွက်တော့ 'ဒါဟာအပျော်ဆုံးသောနေ့ရက်ဘဲပေါ့။ အသစ်သောလူမျိုးတမျိုးအတွက်လည်း ပထမဦးဆုံးသောနေ့ ရက်ပဲပေါ့။





ထွက်မြောက်ရာကျမ်း ၁၂း၂၁–၂၂၊ ၃၁–၃၈



## အခန်းကြီး – ၄

# ထွက်မြောက်ခြင်း



လိုနဲ့ လူအုပ်ဟာ ပင်လယ်နီအနီးမှာရှိတဲ့ တောင်တွေ
ဆီကို ရောက်လာကြတယ်။ ပြီးတော့ ပင်လယ်ကြီးကို ဘယ်လို
ဖြတ်ရမလဲဆိုတာကို ဆွေးနွေးရင်း အဲမှာဘဲ စခန်းချကြတယ်။


ဖာရောဘုရင် ဟာသေသွားတဲ့သူ့ရဲ့သားလေးအတွက် ပူဆွေးသောကရောက်တဲ့စိတ်ကနေ ပြေပျောက်လာတော့ သူ့ရဲ့ေ’ါသဟာ အရင်ကထက်ပိုထန်လာတယ်။ သူဘာဖြစ်လို့ ၍ကျွန်တွေကို ထွက်သွားခွင့်ပြုခဲ့တာလဲ။
စစ်မြင်းလှည်းတွေပြင်ပေ့ာ။ ဟေဗြဲတွေနောက်လိုက်မယ်။ အားလုံးကိုသတ်ပစ်လိုက်။ ‘ါမှမဟုတ် ၍ကိုပြန်ခေါ် လာခဲ့။
အမိန့်တော်မြတ်အတိုင်းပါ အရှင်မင်းကြီး။
ထွက်မြောက်ရာကျမ်း ၁၄း၅–၇၁


ကြည့်စမ်းပါအုံး။ အဲဂုတ္တုစစ်
တပ်ကြီးချီလာပြီ။ ငါတို့ တောကြီးမြက်
မည်းထဲမှာ ချောင်ပိတ်မိနေပြီ။
ငါတို့ နေရာမှာလာသေအောင်
မောရှေခေါ်ထုတ်လာတာဘဲ။ နေရာမှာ
လာပြီးသေရတာထက်အဲဂုတ္တုပြည်မှာကျွန်
ခံရတာက ပိုပြီးမြတ်ပါသေးတယ်။


တွယ်ရာမဲ့ ဟေဗြဲ အမျိုးသားတွေကို အဲဂုတ္တုပြည်သားတွေ တွေ့တဲ့အခါ အဲဂုတ္တုပြည်ကို ‘ုကြွပေးခဲ့တဲ့အရာတွေ ကိုသတိရပြီး သူတို့အားလုံးကိုသတ်ပစ်ချင်ကြတယ်။
ဘေးဘက်ကတော့ တောင်တွေနဲ့၊ အရှေ့ကျတော့ပင်လယ်ကြီး။ ငါတို့တော့ချောင်ပိတ်နေပြီ။
အခုမှ ငါတို့ကိုကာကွယ်ဖို့ဘုရားသခင်ဘာမှ မလုပ်နိုင်တော့ပါဘူး။


ခင်ဗျားတို့ရှိရာအရပ်ကနေ မတ်တပ်ရပ်ပါ။ဘုရားသခင်ဟာကျုပ်တို့ကို အံ့မခန်းကယ်တင်ပါလိမ့်မယ်။
ဖာရောဘုရင် ရဲ့နှလုံးသားကို ဘုရားသခင်က တဖန်ခိုင်မာလာစေပြန်တယ်။ နောက်တနေ့ ကူးရင် အဲဂုတ္တု စစ်တပ်ကို ခင်ဗျားတို့ ဘယ်တော့မှတွေ့ရတော့မှာ မဟုတ်ဘူး။
ထွက်မြောက်ရာကျမ်း ၁၄း၅–၁၃


အဲဂုတ္တုစစ်တပ်ဟာ ဟေဗြဲ အမျိုးသားတွေကို မီုလုမီုခင်လေးမှာ
မီးနံ့ရံကြီးဟာ ကောင်းကင်ကရုတ်တရက် ကျလာပြီး သူတို့ရဲ့လမ်းက
ပိတ်ပစ်လိုက်တယ်။ အဲဒီညမှာ ဟေဗြဲ တို့ဘက်က အလင်းရပေမယ့်၊
အဲဂုတ္တုပြည် သားတွေဘက်ကတော့ မှောင်အတိဖုံးလွှမ်းလို့နေတယ်။




ထွက်မြောက်ရာကျမ်း ၁၄း၁၅–၂၂


အဲဂုတ္တုမှာ ကျွန်မတို့ တွေ့ခဲ့တဲ့အရာအားလုံးထက် တော့ ါကသာသွားပြီ။
အားပါးပါး၊ သားတို့ဘုရား သခင်ကတော့ အကောင်းဆုံးသော ဘုရားဘဲ။ သားတို့အခုပင်လယ်ထဲ မှာလျှောက် သွားနေတာ။


နင်ရူးနေလား ယောရှိဝါ၊
အဲ့ဒီမှာမနေနဲ့၊ နင်ရေမကူး
တတ်တာနင်သိသားဘဲ။


ငါးကလေးတွေကို
သားကိုင်ချင်လို့ပါ။


ဟေဗြဲ လူထုတွေပင်လယ်ကို
ကျော်ဖြတ်ပြီးလုပြီးခင်မှာဘုရားသ
ခင်က အဲဂုတ္တုတပ်ကိုတားထားတဲ့
မီးနံရံကြီးကို ဖယ်လိုက်တယ်။ ပင်
လယ်ကြီးကွဲသွားတာကို သူတို့မ
တွေ့ခဲ့တဲ့အတွက် ဟေဗြဲ တွေရှိရာကို
တရှိန်ထိုးလိုက်တော့တာဘဲ။
လိုက်–ဟေဗြဲ
တွေကိုသတ်ပစ်။
ထွက်မြောက်ရာကျမ်း ၁၄း၂၂–၂၃


နေ့ဟာခင်ဗျားတို့ ယေဟောဝါ ရဲ့ဘုန်းတန်ခိုးကို မြင်တွေ့ရပြီ။
ကြည့်စမ်း၊ ရေတွေပြန်ကျသွားပြီ။ သူတို့အားလုံးရေနစ်သေရတော့မယ်။


အဲဂုတ္တုစစ်သည်ဗိုလ်ပါအပေါင်း ရေနစ် သေဆုံး
သွားကြတယ်။ သူတို့ရဲ့သစ်သားနဲ့ကျောက်ဆောင်
နတ်ဘုရား တွေလည်းသူတို့ကိုမကယ်နိုင်တော့ဘူး။
ထွက်မြောက်ရာကျမ်း ၁၄း၂၇–၂၈


ဟိုအသေကောင်တွေကို ကြည့်ပါအုံး။ ပင်လယ်ကြီးဟာ အဲဂုတ္တုစစ်သားအလောင်းတွေ နဲ့ ပြည့်နေတယ်။
သိပ်ဟုတ်တာပေါ့၊ ယေဟောဝါဟာ တဆူတည်းသောဘုရားဘဲ။ အခြားဘယ်သူမှ လိုမလုပ်နိုင်ကြဘူး။ နေ့ကိုငါတို့တသက် လုံးသတိရသွားမှာဘဲ။

အဲဂုတ္တုစစ်သားအလောင်းတွေကို နောက်မှာချန်ထားပြီး
ဟေဗြဲ တအုပ်ဟာ မောရှေနဲ့တိမ်တိုက်နောက်သို့ လိုက်ပြီး
တောကြီးမြက်မည်း ထဲဝင်ရောက်သွားတယ်။



အဲဂုတ္တုပြည်ကသူတို့သယ်ယူလာတဲ့ ရိက္ခာတွေကို
ဆက်လက်စားသောက်ကြတယ်။


ထက်ခြမ်းကွဲသွားတဲ့ ပင်လယ်ကထွက်ခွာပြီး ရက်အနည်းငယ်ကြာတော့ အဲ့၌နေရာမှာဘဲ သူတို့ယူလာတဲ့ ရိက္ခာတွေကုန်တဲ့အထိ စခန်းချတယ်။ ရိက္ခာတွေထပ်ရနိုင်မယ့်နေရာလည်း မရှိဘူး။ ဘာမျှော်လင့်ချက်မှလည်း မရှိဘူး။
အဲဂုတ္တုပြည်မှာသာနေခဲ့ရင် ၎နေရာထက်တောင်ပိုကောင်းဦးမယ်။ ကျွန်ဖြစ်တာတောင်မှ စားစရာရှိသေးတယ်။ ၌မှာတော့ ဘာမှမရှိဘူး။


ကျုပ်ပြောတာကို နားထောင်ပါ။
ခင်ဗျားတို့ကျုပ်ကို ပုန်ကန်နေတာမဟုတ်ဘူး။
ခင်ဗျားတို့လိုက်နေတဲ့ ဘုရားသခင်ကို
တော်လှန်နေတာဖြစ်တယ်။
ကောင်းကင်ကမုန့်တွေကို ရွာချပေးမယ်လို့
ယေဟောဝါ ကပြောတယ်။
မနက်တိုင်း မုန့်တွေ မြေကြီးပေါ်မှာ
ပြည့်နေမယ်။ ခင်ဗျားတို့ လုပ်ရမှာက
ကောက်ယူပြီးစားဖို့ဘဲ။


မောရှေ ဘာပြောခဲ့တာလဲ။ ငါတို့စားစရာဘယ်လိုလုပ်ရမလဲ။ ကလေးတွေလဲ ငတ်နေကြပြီ။
သူပြောတာကတော့ ယေဟောဝါက ... ကောင်းကင်ပေါ်ကနေ ... မုန့်တွေကို မနက်တိုင်း ရွာချပေးမယ်တဲ့။



အဲ့ဒါက နေထွက်တဲ့အချိန်ဘဲ။ မောရှေ ပြောသလို မြေကြီးပေါ်မှာ မုန့်တွေရှိပဲ့မလား။
မဟုတ်လို့ရှိရင် ငါတို့တော့တော်ပြီဘဲ။
ကောင်းကင်ပေါ်ကမုန့်တွေကျလာတယ်ဆိုတာ ကိုရှင်ကြားခဲ့ဖူးလို့လား။
မကြားဖူးဘူး။ ဒါပေမယ့် ပင်လယ်ကိုဖြတ်သွားတဲ့လမ်းရှိတယ်ဆိုတာလည်း တခါမှမကြားခဲ့ဖူးဘူး။ မောရှေရဲ့ ဘုရားသခင်ဟာ စကြဝဠာကိုဖန်ဆင်းတဲ့သူဖြစ်မှာဘဲ။ ကောင်းကင်ပေါ်ကမုန့်တွေကျလာအောင်လုပ်ဖို့ သူ့အတွက်မခက်ပါဘူး။ လာ–အချိန်တန်ပြီ သွားကြည့်ရအောင်။
ထွက်မြောက်ရာကျမ်း ၁၄း၂၁–၂၂၊ ၁၄း၃၀၊ ၁၆း၂–၃၊ ၁၆း၇–၈


ဟယ်၊ သူပြောသလိုဘဲ ကောင်းကင်ပေါ်ကမုန့် တွေကျလာတယ်တော့။
ကျုပ်တို့ ဘာ့ကြောင့်သံသယတွေ ပွားနေရတာလဲ။


ကြည့်စမ်းပါအုံး။ နေရာတိုင်းမှာဘဲ။
အိုး၊ စားလို့ကောင်းလိုက်တာ။ အရသာက ပျားရည်လိုဘဲ။
မှန်တယ်။ ယေဟောဝါက ဘုရားဖြစ်ပြီး၊ မောရှေကသူ့ရဲ့ ပရောဖက်ဘဲ။


သူတို့တောကြီးမြက်မည်းထဲမှာ နေစဉ်ကာလပတ်လုံး ဘုရားသခင်ဟာသူတို့ကို ကောင်းကင်တမန်များရဲ့ အစားအစာကို ကျွေးတယ်။ ဒါကြောင့် သူတို့ကျန်းမာသန်စွမ်းပြီး ရောဂါဘယမှကင်းဝေးကြကုန်တယ်။
တိမ်တိုက်ကြီးက သူတို့ပေါ်မှာရပ်နေပြီဆိုရင် သူတို့ဟာစမ်းရေနံဘေးမှာ ကောင်းကင်ကမုန့်တွေကိုစားကြတယ်။ ဒါပေမယ့် တိမ်တိုက်ကြီးက စရွှေ့ပြီဆိုတာနဲ့ သူတို့လည်းအထုပ်အပိုးတွေပြင်ပြီး တောကြီးမြက်မည်းထဲ ယင်းရဲ့ခေါ်ဆောင်ရာကို လိုက်ကြတယ်။


သို့သော်တစ်နေ့တော့ရေမရှိတဲ့အချိန်ရောက်လာတယ်။
ငါတို့ကို မုန့်ပေးပေမယ့်လည်း ငါတို့တော့ ရေငတ်ပြီးသေမှာဘဲ။
ရေသာမရှိလို့ရှိရင် ကျွန်မသမီးလေးတော့ သေတော့မှာဘဲ။




ထွက်မြောက်ရာကျမ်း ၁၆း၁၄–၁၅၊ ၁၇း၂–၄။ ဆာလံ ၇၈း၂၄–၂၅


လုပ်ရမယ့် အရာကိုဘုရားရှင်က
မောရှေအားညွှန်ကြားလိုက်တယ်။
ယေဟောဝါ ရဲ့ဘုန်း
အာနုဘော်တော်ကိုလာကြည့်
စမ်းပါအုံး။ ခင်ဗျားတို့သူ့ကို
မယုံဘဲအမြဲ ငြူစူပြီးတွား
နေကြတယ်။



ခင်ဗျားတို့ကို သူမုန့်ပေးခဲ့ပြီး
ပြီ။ အခု ကျောက်ကနေတဆင့်
ခင်ဗျားတို့အတွက် ရေကိုပေးတယ်။




ထွက်မြောက်ရာကျမ်း ၁၇း၅–၆


ရေတွေဟာမြစ်လို
ဘဲစီးကျလာတယ်။


တိမ်တိုက်က တခါထပ်ရွှေပြန်တော့
ပေါပြဲ တို့လည်းအထုပ်ပြင်ပြီး၊ ယင်း
နောက်လိုက်ကာ သိနတောင်သို့
ရောက်လာကြတယ်။





ထွက်မြောက်ရာကျမ်း ၁၇း၆၊ ၁၉း၁–၆၊ ၉


ပြီးရင် သူတို့သာ ငါ့ရဲ့ပညတ်တော်တွေကို လိုက်နာမယ်ဆိုရင် မြေကြီးပေါ်မှာရှိတဲ့ တိုင်းပြည်အသီးသီးကလူတွေထက် ထူးတဲ့ငါ့လူမျိုးအဖြစ်ငါ သတ်မှတ်မယ်။ ယဇ်ပုရောဟိတ်တို့ရဲ့ တိုင်းပြည်အဖြစ်ငါသမှတ်မယ်။
မောရှေ၊ မင်းနဲ့ငါစကားပြောတဲ့အခါ တိမ်ပေါ်ကတဆင့် ငါဆင်းကြွလာပြီး၊ 'မှငါ့ကို' လူတွေမြင်ရသိရလိမ့်မယ်။


မောရှေဟာတောင်ပေါ်က ဆင်းလာပြီးဘုရားသခင် ပြောခဲ့တာတွေအားလုံးကို သူပြန်ပြောပြတယ်။
ကျုပ်တို့နာခံမယ်။ ဘုရားသခင်ပြောသမျှအားလုံးကို ကျုပ်တို့လိုက်နာမယ်။
‘ဒါဆိုရင် မင်းတို့ရဲ့ ခန္ဓာနဲ့ အဝတ်အစားကိုသွားလျှော်ဖွပ် ဆေးကြောပြီးရင် ဘုရားသခင်ကို ဝတ်ပြုဖို့အသင့်ပြင်တော့။ သုံးရက်အတွင်းဘုရားသခင်ကျုပ်တို့ဆီလာလည်မယ်။


ဘုရားသခင်အမိန့်ပေးခဲ့တဲ့အတိုင်းဘဲ သုံးရက်မြောက်တဲ့ နေ့မှာလူအားလုံးတောင်ခြေမှာ စုရုံးပြီးဘုရားသခင်ရဲ့စကားတော်ကို ကြားရဖို့ စောင့်နေကြတယ်။ ထူးဆန်းတဲ့တိမ်တိုက်ကြီးဟာ တောင်ပေါ်ကိုဆင်းသက်လာပြီး နောက်...
မောရှေ တောင်ပေါ်ကို တက်လာပါ။


မောရှေ ငါဟာသင်တို့ကို အဲဂုတ္တုပြည်က ကယ်ထုတ်လာတဲ့ ယေဟောဝါဘဲ။ သင်ပြန်ဆင်းသွားတဲ့အခါ တောင်ကိုပတ်ပြီးခြံခတ်လိုက်ပါ။
ဘယ်သူမဆို တောင်ကို တို့ထိမိတာနဲ့ သေရလိမ့်မယ်။ သူတို့အားပြန်ပြောဖို့ သင့်အားပညတ်တော်ဆယ်ပါး ကိုငါပေးလိုက်မယ်။
ထွက်မြောက်ရာကျမ်း ၁၉း၇–၂၅




ထွက်မြောက်ရာကျမ်း ၂၀း၃–၁၇


မောရှေ တောင်ပေါ်ကဆင်းလာတဲ့အခါ ဣသရေလလူကြီး အယောက် (၇၀) ကိုခေါ်ပြီး၊ ဘုရားသခင်ရဲ့ ပညတ်တော်ကိုပြောပြတယ်။
ဒါတွေကို ကျွန်တော်တို့လိုက် လျှောက်မယ်။
အဲဒါတွေဟာ ကောင်းတဲ့ပညတ်ချက် တွေဘဲ။
ခင်ဗျားတို့ လူကြီး (၇၀) စလုံးကျွန်တော်နဲ့ အတူတောင်ပေါ် ပြန်တက်ရမယ်။ ဘုရားသခင် ကျွန်တော်နဲ့တွေ့ခဲ့သလိုခင်ဗျားတို့နဲ့လည်းတွေ့ဆုံမယ်။ ဒါပေမယ့် အရင်ဆုံးဘုရားသခင်ပြောခဲ့တဲ့ ပညတ်ချက်တွေကို စာအုပ်ထဲ ရေးချရမယ်။

ဘုရားသခင်ပြောခဲ့သလို ပညတ်ချက်တွေကို မောရှေ
သေသေချာချာရေးမှတ်ထားတယ်။ အမှားတွေ မရေးချမိ
စေဖို့ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ သူ့ကိုကူညီပေးတယ်။





မောရှေ ရေးပြီးတဲ့အခါ လူတွေအားလုံးကို သူစုစည်းလိုက်ပြီး ဘုရားသခင်ရဲ့ နတ်ကပတ်တော်ကိုဖတ်ပြတယ်။
ဘုရားသခင်ပြောတဲ့အရာ အားလုံးဟာ ကောင်းပါတယ်။ ကျွန်တော်တို့ လိုက်နာပါ့မယ်။
ါနဲ့ ဣသရေလ အမျိုးသားတွေဘုရားသခင်နဲ့ ပဋိညာဉ်ခံယူတယ်။ ဘုရားသခင်က သူတို့ကိုကောင်းချီးပေးမယ်၊ အသက်ပေးမယ်၊ ရန်သူအပေါင်းတို့ရဲ့လက်ထဲကနေကယ်နုတ်မှာဖြစ်ပြီး၊သူတို့ကပညတ်ချက်အားလုံးကိုလိုက်နာကာဖြောင့်မတ်စွာအသက်ရှင်နေထိုင်ဖို့ဘဲဖြစ်တယ်။

ဘုရားသခင်က မောရှေကိုအသွေးယဇ်ပူဇော်ဖို့ ညွှန်ကြားပြီး၊
လူတွေအားလုံးအပေါ် အသွေးတွေကိုပက်ဖြန်းစေတယ်။




မောရှေ နဲ့ အာရုန် အပါအဝင် အားလုံးဟာ
သေခြင်းနဲ့ ထိုက်တန်တဲ့အပြစ်သား
တွေဖြစ်တယ်။ ဒါပေမယ့် ဘုရားသခင်ဟာ
ချစ်ခြင်းမေတ္တာနဲ့ပြည့်ဝတယ်။
လွတ်မြောက်နိုင်တဲ့လမ်းတွေကိုသူဖြည့်ဆည်း
ပေးတယ်။ အပြစ်မဲ့သိုးသူငယ်ကိုသတ်ပြီး၊
ယင်းရဲ့အသွေးကိုလူမျိုးစုတွေ အပေါ်ပက်ဖြန်း
ခြင်းဖြင့် ဘုရားသခင်က သူတို့ရဲ့အပြစ
ကိုဖြေလွှတ်ပြီး၊သူတို့နဲ့ထိုက်တန်တဲ့သေခြင်းကို
မပေးတော့ဘူး။ သေခြင်းနဲ့ထိုက်တန်တဲ့
လူအများကိုယ်စားသေခြင်းနဲ့မထိုက်တန်တဲ့သိုး
သူငယ်လေးကအသေခံသွားရခြင်းဘဲဖြစ်တယ်။


ထွက်မြောက်ရာကျမ်း ၂၄း၁–၈
အခုခင်ဗျားတို့ အပြစ်ဖြေလွှတ်ခြင်းခံရပြီ။ ခင်ဗျားတို့ အယောက် (၇၀) စလုံး ကျွန်တော့်နဲ့ အတူတောင်ပေါ်ကိုတက်မယ်။ အဲ့ဒီမှာဘုရားသခင်ရဲ့ ဘုန်းတော်ကို ခင်ဗျားတို့ တွေ့ရလိမ့်မယ်။


‘ါနဲ့ဘဲ မောရှေဟာဘုရားသခင်
သူနဲ့ စကားပြောခဲ့တဲ့တောင်ထိပ်
ဆီကို ဣသရေလ လူကြီး (၇၀)
ဦးကိုခေါ် ဆောင်လာတယ်။

ရုတ်တရက် ဘုရားသခင်ရဲ့ ပလ္လင်
တော်ဟာ သူတို့ရှေ့မှာပေါ်လာတယ်။






ထွက်မြောက်ရာကျမ်း ၂၄း၉-၁၀


မောရှေ၊ သင့်လူတွေကို ငါ့ကိုဝတ်ပြုရန ဝတ်ပြုရာနေရာဆောက်စေပါ။ ယဇ်ပူဇော်ဖို့ ယဇ်ပလ္လင်ပါဝင်စေပြီး၊ ခေတ်အဆက်ဆက်မှာရှိတဲ့ ယဇ်ပုရောဟိတ်မင်းကြီးတွေနဲ့ ငါတနှစ်တခါ တွေ့ဆုံဖို့ရာသန့်ရှင်းရာနေရာကိုလည်း တည်ဆောက်ပါ။
တဲတော်ကို ဘယ်လိုဆောက်ရမလဲဆိုတာ ငါအသေအချာပြောပြပေးမယ်။ လေဝိမျိုးနွယ်စုက ယဇ်ပုရောဟိတ်တွေဖြစ်ရမှာဖြစ်ပြီး၊ အာရုန်နဲ့ သူ့မျိုးဆက်တွေက ယဇ်ပုရောဟိတ်မင်းကြီး တွေဖြစ်ရမယ်။ လူတွေကို ဖြောင့်မတ်မှန်ကန်ဖို့ သူတို့က သင်ပေးရမှာဖြစ်ပြီး၊ လူတွေရဲ့အပြစ်အတွက် ယဇ်တွေကို သူတို့ပူဇော်ပေးရမယ်။


တောင်ပေါ်က မီးထဲမှာ သူပျောက်သွားတာ ရက်သတ္တပတ်တော်တော်ကြာပြီ။ သူအခုသေပြီးလောက်ပြီ။
ဟုတ်တယ်၊ တောကြီးမြက်မည်းထဲမှာကျုပ်တို့တသက်လုံး ထိုင်မစောင့်နိုင်ဘူး။
မောရှေလို ကျုပ်တို့ကိုဦးဆောင်မယ ဘုရားရှိဖို့လိုတယ်။
ကျုပ်တို့ရဲ့ဘုရားကို ရွှေဆင်းတုအဖြစ် ထုလုပ်ရအောင်။


မောရှေ သေပြီ။ အာရုန်က ဦးဆောင်ပြီးကျုပ်တို့အားလုံးကို အဲဂုတ္တုပြည်ပြန်ခေါ်သွားမယ့် ရွှေစင်ဘုရားကို ထုလုပ်လိမ့်မယ်။
ရှင်တို့ရွှေတွေအားလုံးကိုယူလာပါ။


သူတို့ရဲ့လက်နဲ့ သူရူးတွေဟာ နွားရုပ်တုကိုသွန်းလုပ်ပြီး ဘုရားအဖြစ်တင်မြှောက်လိုက်တယ်။ အပြစ်မကျူးလွန ခင်တုန်းက စာတန်ရဲ့ပုံစံဟာလည်း အဲ့ဒီနွားရုပ်ပုံဘဲပေါက်တယ်။ လူတွေဟာ မသိပေမယ စာတန်ဟာ သူ့ကို ရှိခိုးဖို့ ဣသရေလတွေက လှည့်ဖျားနိုင်ခဲ့တယ်။
အာရုန်သည်လူတွေရဲ့ဆန္ဒကိုလိုက်ပြီးရွှေဖြင့်ဘုရားလုပ်ပေးတယ်။
ထွက်မြောက်ရာကျမ်း ၂၀း၄၊ ၂၅း၈–၉၊ ၂၈း၁–၃၊ ၃၂း၁–၄။ ယေဇကျေလ ၁း၁၀၊ ၁၀း၁၁၊ ၂၈း၁၄


အာရုန် ဟာရှုံးမိုက်ခဲ့တယ်။ [၆]ရုပ်တုဟာ ဘုရားမဟုတ်ဘူးဆိုတာကို သူသိပေမယ့် လူအုပ်ကြီးကို သူကြောက်နေရတယ်။
[၄]ါဟာ သင်တို့ကို အဲဂုတ္တုပြည်က ကယ်နုတ်လာတဲ့ ဘုရားသခင်ဘဲ။ မနက်ဖြန ယဇ်အကြီးအကျယ်ပူဇော်ပြီး ယေဟောဝါကို ဝတ်ပြုကြစို့။
အာရုန် ဟာရှုံးမိုက်ခဲ့တယ်။ [၆]ရုပ်တုဟာ ဘုရားမဟုတ်ဘူးဆိုတာကို သူသိပေမယ့် လူအုပ်ကြီးကို သူကြောက်နေရတယ်။




ထွက်မြောက်ရာကျမ်း ၃၂း၅–၁၀


လူအုပ်ကြီးဟာ ဘုရားသခင်ကိုမေ့သွားပြီး
ရုပ်တုကိုပြုလုပ်ကိုးကွယ်တာကို မောရှေ
သိသွားတော့၊ သူတအား ေါ်သူပုန်ထတယ်။
ခင်ဗျားတို့
ဘုရားသခင်ရဲ့ ပညတ်ချက်တွေကို
ချိုးဖောက်လိုက်ပြီ။



ပညတ်တော် (၁၀)
ပါးရေးထွင်းထားတဲ့
ကျောက်ပြားတွေကိုလည်း
ပစ်ခွဲပစ်တယ်။


ယေဟောဝါ မှလွဲ၍
အခြားဘုရားကို မကိုးကွယ်ဖို့
သူမပြောခဲ့ဘူးလား။ခင်ဗျားတို့လက်နဲ့
ထုထားတဲ့ [၆]ရုပ်တုဟာ ခင်ဗျားတို့ရဲ့
ဖန်ဆင်းရှင်ဖြစ်နိုင်ပါ့မလား။
မောရှေဟာ
နွားရုပ်တုကိုရိုက်ခွဲပြီး
အမှုန့်ချေပစ်တယ်။
ထွက်မြောက်ရာကျမ်း ၂၀း၃–၄၊ ၃၂း၁၅–၂၀


ယေဟောဝါ ဘက်နေသောသူများ ကျုပ်နဲ့အတူ၌မှာလာရပ်ပါ။ အဲဂုတ္တုရဲ့ နတ်ဘုရားတွေကို ကိုးကွယ်ချင်ရင် တော့ ကိုယ့်နေရာမှာဘဲ ကိုယ်နေပါ။
ပင်လယ်နီကို ထက်ခြမ်းကွဲစေတဲ့ အဆင်းသဏ္ဍာန်အားဖြင့် မတွေ့နိုင်တဲ့ ဘုရားသခင်နောက်ဘဲ ကျုပ်လိုက်မယ်။
ကျွန်တော် တို့အာဗြဟံ၊ ဣဇာက်နဲ့ ယာကုပ်တို့ရဲ့ ဘုရားနောက်ဘဲ လိုက်မယ်။



အပြစ်ရဲ့ အဖိုးအခကသေခြင်းဘဲ။ သူတို့အားလုံးသေရမယ်လို့ ယေဟောဝါကပြောတယ်။ အခုသင်တို့ရဲ့ “ဒွားဆွဲထုတ်ပြီး၊ရုပ်တုကိုဘုရားအဖြစ်ကိုးကွယ်လိုကြတဲ့သူအားလုံးကို သတ်ပစ်ပါ။


အဲ့ဒီနေ့မှာ ရုပ်တုဆင်းတုကို ကိုးကွယ်လိုတဲ့သူ
(၃၀၀၀) သေပွဲဝင်ရတယ်။
နော်
သနားပါ။
ထွက်မြောက်ရာကျမ်း ၃၂:၂၆–၂၈


မောရှေဟာ တောင်ပေါ်နောက်တခေါက်တက်သွားပြီး၊
တခါမှာတော့ ဘုရားသခင်ရဲ့ လက်တော်ကိုယ်တိုင်နဲ့
ကျောက်ပြားနှစ်ချပ်ပေါ်မှာ ပညတ်တော်တွေကို ရေးပေးတယ်။
မောရှေ ပြန်ဆင်းလာတဲ့အခါ အားလုံးကို ဘုရားသခင်ရဲ့
ပညတ်တော်တွေကိုပြလိုက်ပြီး၊အားလုံးကလိုက်လျှောက်ဖို့
သဘောတူကြတယ်။


ဘုရားသခင်ကပြောတယ်၊ ခင်ဗျားတို့ရဲ့နှလုံးသားဟာမာပြီး ပုန်ကန်တတ်တဲ့သဘောရှိတယ်။ ခင်ဗျားတို့ အပြစ်လုပ်ရင်သူက ခင်ဗျားတို့ကိုသုတ်သင်ပစ်မယ်လို့လည်းသူပြောတယ်။ ခင်ဗျားတို့ အတွက် ကျုပ်ဆုတောင်းပေးတော့ခင်ဗျားတို့ရဲ့အပြစ်ကိုသူဖြေလွှတ်ပေးတယ်။ ယေဟောဝါဟာချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝပြီး၊ ခွင့်လွှတ်ခြင်းတရားနဲ့ပြည့်ဝတယ်။


ဘုရားသခင်က ဝတ်ပြုရာနေရာဆောက်ရမယ့် နည်းလမ်းကိုပေးတယ်။ သူချမှတ်ပေးထားတဲ့ နည်းလမ်းအတိုင်း ဆောက်လုပ်ရင် အဲ့ဒီနေရာမှာ ကျွန်တော်တို့ကို သူတွေ့ဆုံမှာဘဲ။ ကျွန်တော်တို့မှာ အပြစ်ရှိတဲ့အတွက် သူ့ကို ချဉ်းကပ်နိုင်မယ့် နည်းလမ်းကိုသူပေးထားတယ်။
လေဝိ တို့ကသွေးယဇ်ကို နေ့တိုင်းပူဇော်မယ်။ တနေ့မှာ တခါ ပဋိညာဉ်သေတ္တာပေါ်မှာ သွေးကိုသုတ်ထားရမယ်။ သေတ္တာပေါ်ကသွေးက ဘုရားသခင်တွေ့ရင် အဲဂုတ္တုပြည်မှာ လုပ်ခဲ့သလိုဘဲ ကျွန်တော်တို့ရဲ့ အပြစ်ကိုသူဖြေလွှတ်ပြီး ကျွန်တော်တို့လည်း မသေရတော့ဘူး။ ဒါဟာ ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်းနည်းလမ်းဘဲ။


‘လိုနဲ့ ဝတ်ပြုရာနေရာကို
ဆောက်လုပ်ပြီးစီးခဲ့ပြီး၊ ယဇ်ပုရောဟိတ်များ
နေ့စဉ် ယဇ်ပူဇော်ကြတယ်။ တိရိစ္ဆာန်ရဲ့
သွေးတွေနဲ့ သူ့ကိုယဇ်ပူဇော်တာကို
ဘုရားသခင်တွေ့ရတော့သူတို့ရဲ့အပြစ်
ကိုလည်း ဖြေလွှတ်ပေးတယ်။
‘ါပေမယ့် လူတွေဟာတောကြီးမြက်
မည်းထဲမှာ နေရတာမပျော်တော့
စော’ကတက်ကြတယ်။
သူတို့ရဲ့ စိတ်မသာငြီးတွားမှုနဲ့
ယုံကြည်ခြင်းကင်းမဲ့မှုတွေကြောင့် တနေ့မှာ
ဘုရားသခင်ဟာ သူတို့ကို ‘ဏ်ခတ် လိုက်တယ်။


ကြည့်ပါအုံး၊
မြွေတွေအများကြီးဘဲ။
ဘုရားသခင်ဟာ သူတို့စခန်းချနေထိုင်တဲ့
နေရာဆီကို အဆိပ်ပြင်းတဲ့ မြွေဆိုး
တွေကိုလွှတ်လိုက်တယ်။ ဘုရားသခင်ဟာ
သနားကြင်နာခြင်းနဲ့ ပြည့်ဝပေမယ့် အပြစ်တွေကို
တသက်လုံး[၉]အတိုင်း ဆက်လုပ်ခွင့်မပေးဘူး။
ထွက်မြောက်ရာကျမ်း ၃၄း၂၈–၃၂၊ ၃၉း၃၂။ တောလည်ရာကျမ်း ၂၁း၅–၆


မကြာခင်မှာဘဲ စခန်းတစ်ခုလုံး
မြွေဆိုးတွေနဲ့ ပြည့်သွားတယ်။


ကယ်ပါဒုံး၊
ဘုရား။


ဒါပေမယ့် သူတို့ရဲ့
တဲထဲကိုညအချိန်မှာလည်း
မြွေတွေဝင်သွားတာဘဲ။


ကယ်ပါဒုံး၊ ကျုပ်အကိုက်ခံရပြီ။


သွား...




ထွက်မြောက်ရာကျမ်း ၂း၆


ငိုယိုညည်းတွားသံတွေက တစခန်းလုံးမှာကြားနေရ တယ်။ အပြစ်ရဲ့ အဖိုးအခက တယ်ပြီးဆိုးဝါးလွန်းလှတယ်။
တစခန်းလုံး ၎လိုဘဲ။တစ်မိနစ်ထက်တစ်မိနစ်ပို ဆိုးလာတယ်။သေတဲ့လူတွေက လည်း အတုံးအရုံးဘဲ။
ကျုပ်တို့ မောရှေကိုရှာရ မယ်။ ဒါကို ဘုရားသခင် လုပ်တာကျိန်းသေတယ်။ လူတွေရဲ့အပြစ်တွေကြောင့် သူဒေါသထွက်ရတယ်။
ဝှက်စ်


ဘုရားသခင်ကို
ငါတို့စကားပြောရမယ်။
[၆]“အပြစ်” ဏ်နဲ့ငါတို့ထိုက်တန်
ပေမယ့်သူ့ရဲ့သနားခြင်းဂရုဏာ
ကို တောင်းခံရမယ်။
အပြစ်နဲ့ပတ်သက်ပြီး
ဘုရားသခင်ကအလေးအနက်ထားတယ်
ဆိုတာကို [၆]လူတွေဘယ်တော့မှ
သိလာမှာလဲ။[၇]ပညတ်တရားတွေ
ကိုသူတို့လိုက်လျှောက်ပြီးသန့်ရှင်းတဲ့
လူမျိုးဖြစ်ဖို့လိုအပ်တယ်။


အိုအဖ၊
သင့်လူမျိုးတို့အပေါ်သနားခြင်း
ဂရုဏာသက်ရောက်တော်မူပါ။
သူတို့ရဲ့အပြစ်တွေကို
ခွင့်လွှတ်ပေးပါ။
ကြေးဝါကို အသုံးပြုပြီး မြွေတစ်
ကောင်ရဲ့ အရုပ်သွန်းလုပ်ပါ။ လူတွေကို
ကိုက်တဲ့မြွေပုံစံမျိုးပေါ့။ အားလုံးမြင်သာ
အောင်တုတ်ပေါ်မှာချိတ်ထားပါ။ အဲ့ဒီကြေးဝါ
မြွေကို ကြည့်လိုက်တာနဲ့ သူတို့ရဲ့
မြွေကိုက်ထားတဲ့အနာတွေ
ချက်ချင်းပျောက်သွားလိမ့်မယ်လို့
သူတို့ကိုပြောလိုက်ပါ။

တောလည်ရာကျမ်း ၂၁း၇–၈


ဘုရားသခင် အဆိပ်ဖြေဆေး
ပေးထားတယ်။ အဲဒီကြေးဝါ မြွေရုပ်ကိုသာ
ကြည့်လိုက် ခင်ဗျားတို့ရဲ့ အနာတွေ
ပျောက်သွားလိမ့်မယ်။


သူသေတော့ မယ်။
မသေဘူး။ ဘုရားသခင် ဖြေဆေးပေးထားတယ်။ မျက်လုံးကိုသာဖွင့်ပြီးကြည့် လိုက်ပါ။ ကြည့်ရင် သင်အသက်ရှင် မယ်။


ဪ အံ့သြဖွယ်ရာဘဲ။
အခြားသူကို သွားပြောရမယ်။
ငါ့ရဲ့အနာတော့ ပျောက်သွားပြီ၊အခြား သူကိုငါသွားပြောမယ်။




တောလည်ရာကျမ်း ၂၁း၉


သူ့ကိုဘာ့ကြောင မမှန်တဲ့မျှော်လင့်ချက်တွေကိုရှင်လျှောက်ပေးနေရတာလဲ။
တခြားသူတွေကြည့် ပြီးအားလုံးပြန်ကောင်းသွားကြပြီ။
ကျုပ်သေတော့မယ်ဆိုတာကိုခင်ဗျားသိတယ်မဟုတ်လား။ ဘာ့ကြောင့်ကျုပ်ကို လိုလာစနေရတာလဲ။


သူသေသွားပြီရှင်။
သူမယုံတဲ့အတွက် ကျုပ်ဝမ်းနည်းပါတယ်။
သူတအား မာနကြီးခဲ့လို့ဘဲ။


ဘုရားသခင်ရဲ့ ဘုန်းတန်ခိုးအာနုဘော်တော်ကို လူတွေတဖန်မြင်တွေ့ရပြန်တယ်။ စခန်းဟာ မြေဆိုးရန်ကကင်း ဝေးသွားပြီး၊ဘဝဟာလည်း ပုံမှန်အခြေအနေကို ပြန်ရောက်လာတယ်။
တခါတရံ လူတွေဟာ ဘုရားသခင်ရဲ့ ပညတ်ထားချက်အတိုင်းမလိုက်လျှောက်ဘဲ သူတို့စိတ်ကြိုက် ဆက်လက နေထိုင်အသက်ရှင်ပြန်တယ်။




တောလည်ရာကျမ်း ၂၁း၉၊ ၃၂း၁၃


မောရှေ ခင်ဗျားကိုခင်ဗျား ဘုရားသခင်နဲ့ အနီးကပ်ဆုံးမှာရှိနေတယ်လို့ထင် နေတယ်။ ခင်ဗျားလို ကျုပ်တို့လည်း ဖြူစင်ပါတယ်။ တကယ်တမ်း ၆ကလူတွေအားလုံး ဖြူစင်သန့်ရှင်းကြတယ်။ ကျုပ်တို့ကြားမှာ အပြစ်သားတစ်ယောက်မှ မကျန်တော့ဘူး။ ပြီးတော့ ကျုပ်တို့နဲ့အတူ ဘုရားရှင်ကရှိနေတယ်။ ခင်ဗျားနဲ့အာရုန် နေရာတကာ သွားပြီး ကျုပ်တို့ကိုဘာလုပ်ဘာကိုင်ရမယ်ပြောပြီး စီရင်ချက်တွေချမှတ်နေစရာ မလိုဘူး။
ဟုတ်တယ်။ ကျုပ်လဲ ၆ကန္တာရထဲမှာ တဝဲလည်လည်နဲ့ ဘာမဟုတ်တဲ့ကိစ္စရပ်လေးနဲ့ ဘုရားသခင်က ကျုပ်တို့ ကို ညှင်းပြီး သတ်နေတဲ့အဖြစ်ကို စိတ်ကုန်လှပြီ။
မှန်တယ်။ ၇ မောရှေရဲ့ အမှားဘဲ။ သူ့ရည်မှန်းချက်က တအားမြင့်လွန်းတယ်။


မောရှေဟာ ဝတ်ပြုရာနေရာကိုသွားပြီး ဘာဆက်လုပ်ရမလဲဆိုတာဘုရားသခင် ဆီမှာအမိန့်တောင်းခံတယ်။


ဘုရားသခင်ကပြောတယ် "လေဝိ အမျိုးသားတို့
သင်တို့ဟာလိုတာထက်ပိုတဲ့ တာဝန်တွေကို ထမ်းဆောင်နေတယ်။
ဘုရားသခင်ကမပြုဘဲ သင်တို့ကလူအပေါင်းတို့ကို
ယဇ်ပုရောဟိတ်နေရာတင်မြှောက်ကြတယ်။ မနက်ဖြန် ဘုရားသခင်
ဟာအားလုံးကိုစီရင်မှာဖြစ်ပြီး ဘယ်သူက ဘုရားသခင်ရဲ့
ယဇ်ပုရောဟိတ်ဖြစ်တယ်၊ ဘယ်သူ
ကဖြူစင်ပြီး၊ ဘယ်သူကမသန့်ရှင်းသလဲဆိုတာကို
အားလုံးသိရလိမ့်မယ်။ မနက်ဖြန်မနက
ဝတ်ပြုရာနေရာကို လာကြပါ။ လောဗန် နဲ့ မီး
ကိုလည်းတခါတည်း ယူလာပါ။"
တောလည်ရာကျမ်း ၁၆း၂–၆


နောက်တနေ့မှာ ...
ကိုယ့်ကိုယ်ကို ဖြူစင်တယ်လို့ ခံယူပြီး အများအပေါ်စီရင်အုပ်ချုပ်မယ့် ယဇ်ပုရောဟိတ်များ [၆] အနီးကိုလာကြပါ။


◕နေ့ ◕နေရာမှာ ဘုရားသခင်ကျုပ်တို့ကို
လာတွေ့ပြီး ရွေးချယ်ခြင်းအမှုကို ပြုလိမ့်မယ်။
သူ့ရဲ့ ဘုန်းတန်ခိုး အာနုဘော်တော်က
ကျုပ်တို့ရှုမြင်ရလိမ့်မယ်။


[၆]ကောက်ကျစ်တဲ့ လူတွေဆီက ခွာပါ။
သူတို့ကို တမိနစ်အတွင်းငါသတ်ပစ်မယ်။




တောလည်ရာကျမ်း ၁၆း၁၉–၂၄


မှာ အစမ်းသပ်ခံရချိန်ရောက်ပြီ။ လူတွေရိုးရိုးလေးသေသွားရင်ကျုပ်ဟာပရောဖက်အတုသာဖြစ်ပြီး၊ ကျုပ်နဲ့ ဘုရားသခင်ဘယ်တော့မှ စကားမပြောခဲ့ဘူးလို့လည်း မှတ်ယူနိုင်တယ်။
ါပေမယ့် နေ့အသစ်သောအရာကို မြင်တွေ့ရရင်၊ မြေကြီးကပွင့်လာပြီး လူတွေအားလုံးနဲ့ သက်ဆိုင်ရာတွေကို ငရဲတွင်းထဲကျသွားမယ် ဆိုလို့ရှိရင် လူတွေဟာ ဘုရားသခင်ကိုပစ်မှားပြီး ကျုပ်လည်းဘုရားရဲ့ပုရောဟိတ်အစစ်ဖြစ တယ်ဆိုတာကို ...




တောလည်ရာကျမ်း ၁၆း၂၈–၃၃



ယဇ်ပုရောဟိတ်ဖြစ်ဖို့ ကြံစည်သူတွေအားလုံး
မာရ်နတ်နဲ့ သူ့အပေါင်းပါတွေအတွက
ပြင်ဆင်ထားတဲ့ ငရဲမီးထဲ ကိုကျသွားတယ်။


သူတို့ရဲ့ နာမည်ပါတဲ့ ကြေးမီးခွက် ကိုယူပြီး ယဇ်ပလ္လင်အတွက် အဖုံးကိုသွန်းလုပ်ပါ။
ယဇ်ပလ္လင်ပေါ်က ဒီအဖုံးကိုမြင်ရင် လူတွေဟာ ဘုရားသခင်ရဲ့ ပညတ်တော်ကို မျက်ကွယ်ပြုပြီး ကိုယ့်ကိုယ်ကို ယဇ်ပုရောဟိတ်ခံယူလိုတဲ့ ဒီနေ့ ကိုသတိရလိမ့်မယ်။
အဲဒီနေ့ကို ဣသရေလတွေ ဘယ်တော့မှ မေ့မှာမဟုတ်။ မောရှေဟာ သူ့ရဲ့ပရောဖက်ဖြစ်ပြီးသူခွင့်ပြုသောသူသာ လျှင် ယဇ်ပုရောဟိတ်ဖြစ်ပိုင်ခွင့်ရှိတာကို ဘုရားသခင်က ပြသလိုက်တာဘဲ။


ဘုရားသခင်ရဲ့ ဂုဏ်တော်ဟာ ကျုပ်တို့နဲ့ အတူတည်ရှိပြီး စားစရာကိုလည်း ကောင်းကင်ကချပေးတယ်။
ဘုရားသခင်ရဲ့ ဂုဏ်တော်ဟာ ဝတ်ပြုရာနေရာပေါ်မှာဘဲတည်ရှိပြီး တောကြီးမြက်မည်းထဲမှာ နောက်ထပ်အနှစ် (၄၀) ခန့် တဝဲလည်လည် မောရှေ နောက်သို့စိတ်ပါလက်ပါ လိုက်ကြတယ်။
ဘုရားသခင်ဟာ ကောင်းကင်ပေါ်မှမုန့်ကို ဆက်လက်ချကျွေးပြီး သောက်စရာအဖို့ရေကို ကျောက်ကနေတဆင့် ယိုထွက်လာစေတယ်။ သူတို့ကို ညဘက်မှာ မီးတိမ်တိုက်အားဖြင့်လည်းကောင်း၊ နေ့ဘက်မှာတိမ်တိုက်အားဖြင့် ကာကွယ်စောင့်ရှောက်တယ်။ သူတို့ဟာ အခြေချပြီး ဘုရားသခင်ရဲ့ပညတ်တော်တို့ကိုလည်း လိုက်လျှောက် ထိမ်းသိမ်းတယ်။
တောလည်ရာကျမ်း ၁၆း၃၇–၃၈



မောရှေညွှန်ကြားတဲ့အတိုင်း ယဇ်ပုရောဟိတ်တွေဟာ ဝတ်ပြုရာနေရာမှာနေ့တိုင်း ယဇ်ပူဇော်ကြတယ်။



တောကြီးမြက်မည်းထဲမှာ နှစ် (၄၀) လောက်ကြာပြီး
အားလုံးက ကတိတော်ခံထားရာနယ်မြေသို့
မဝင်သွားခင်လေးမှာ ဘုရားသခင်ဟာ မောရှေ
ကိုတောင်ပေါ်သို့ဆင့်ခေါ်လိုက်တယ်။ ဘုရားသခင်နဲ့
နောက်ဆုံးအကြိမ် စကားပြောအပြီး
မောရှေဟာလဲလျှောင်းရင်းငြိမ်သက်စွာ
အသက်ကုန်ဆုံးသွားတော်မူတယ်။





(ဘီစီ ၁၄၅၁ ဝန်းကျင်) တရားဟောရာကျမ်း ၃၄:၄-၅


ဘုရားသခင် အာဗြဟံ ကိုခေါ်ပြီးသူ့လူတွေကို
ချန်ရစ်စေကာ ကတိတော်ပေးထားတော်မူသော
နယ်မြေမှာ သွားလာခွင့်ပေးမယ်လို့
စကားခံထားတာနှစ် (၅၀၀) နီးပါးလောက်ရှိပြီ။။
ဘုရားသခင်က အာဗြဟံ နဲ့ စာရာတို့ရဲ့
သား ဣဇာက်မှတဆင့် ကြီးမြတ်
တဲ့တိုင်းပြည် တည်ပေးမယ်ဆိုတဲ့
ကတိစကားပြီးပြည့်စုံလာတယ်။
ဣသရေလရဲ့သား ၁၂ ယောက်ကနေပြီး
မျိုးနွယ်စု ၁၂ စုဖြစ်လာကာ ထိုမှတဆင့်
လူပေါင်းများစွာပွားများလာခဲ့တယ်။


သူတို့ဟာ ကျွန်အဖြစ်မှလွတ်မြောက်ပြီး မောရှေ နဲ့အတူကန္တာရထဲမှာ
တဝဲလည်လည်ဖြစ်ကာ ဘုရားသခင်ရဲ့ပညတ်ချက်တွေကို
လက်ခံရရှိပြီး၊ အခုနောက်ဆုံးမှာတော့ ကတိပေးထားတော်မူသော
ပြည်တွင်းသို့ဝင်ရောက် လာတယ်။ တောကြီးမြက်မည်း ခရီး
စဉ်တစ်လျှောက် မောရှေ ရဲ့နံဘေးမှာ ဣသရေလပြည်ကို
ဘယ်လိုဦးဆောင် ရမလဲဆိုတာကိုအမြဲတမ်းလေ့လာနေတဲ့
လူငယ်လေးတစ်ယောက်ရှိတယ်။


[၆]လူငယ်လေးဟာ ယောရှု
ဆိုတဲ့စစ်သူရဲကောင်းအဖြစ်
ကြီးပြင်းလာတယ်။


မောရှေဟာ ဘုရားသခင်နဲ့ အတူပြန်နေပြီး
နောက်ပိုင်း ဣသရေလတွေကို ဘုရားသခင်က
အာပြဟံကို ကတိ ထားတော်မူတဲ့ နယ်မြေထဲကို
ဦးဆောင်ခေါ်လာဖို့ ယောရှုကို ဘုရားသခင်က
ရွေးချယ်လိုက်တယ်။
အခြားတပါးသော တိုင်းပြည်မှာ နှစ် (၄၀၀) လောက်
သူစိမ်းလိုနေထိုင်ပြီးမှ သူတို့ရဲ့ဘိုးဘေးတွေကို
ဘုရားသခင် ကတိထားတော်မူတဲ့ပြည်သို့ဝင်ရမယ့်
ဗျာဒိတ် ကိုလူအများသတိရကြတယ်။


သူတို့ ဂျေဝ်’နိမြစ် ကိုဖြတ်ကျော်တဲ့နေ့မှာဘဲ ကောင်းကင်မှ မန္နမုန့် ကျလာခြင်းက ရပ်သွားပြီး၊ မြေပေါ်မှာ လတ်ဆတ်တဲ့ စားသောက်စရာတွေကို စားသောက်ကြတယ်။
ရှင်ရေ– ‘ပါဟာဘုရားသခင် ကျွန်မတို့ကိုပေးထားတဲ့ အင်မတန်မှ ကောင်းမြွတ်တဲ့မြေဘဲ။
မှန်တယ်။ ‘နေရာဟာ ငါတို့ကလေးတွေဖြူစင်စွာနဲ့ အေးချမ်းစွာကြီးပြင်းလာဖို့ ဆိုဆုံးမဖို့ကောင်းတဲ့နေရာ လည်းဖြစ်တယ်။
တရားဟောရာကျမ်း ၁၄း၈။ ရောရှူမှတ်စာ ၅း၁၂



# အခန်းကြီး – ၅

# ပရောဖက်များ


ဗာလ အတွက ကလေးကိုယဇ်ပူဇော်ပါတယ်။ ဤယဇ်အားဖြင သင့်အမျက်ပြေစေပါ။
ကျွန်မ စိတ်ဝိညာဉ်ရဲ့ အပြစ်အတွက ကလေးကိုကျွန်မ ဆက်ကပ်ပါတယ်။
ဣသရေလလူမျိုးတွေဝင်ရောက်လာတဲ့ ဖိလိတ္တိပြည်ရှိလူများဟာ ဆိုးယုတ်ကြတယ်။ သူတို့ကို ခါနာန်လူမျိုးလို့ခေါ်ပြီး ဣသရေလနဲ့ သဘာဝကွားမတူဘူး။ သူတို့ဟာ လူကိုယဇ်ကောင်အဖြစ် ပူဇော်ပြီး၊ ရွှေ၊ ငွေ၊ ကြေး၊ သစ်ဖြင့်ထုလုပ်သော ဘုရားရှေ့မှာ ဦးချရှိခိုးကြတယ်။


သူတို့နောင်တရကြဖို့ ဘုရားသခင်က ယဇ်ပုရောဟိတ်နဲ့ ပရောဖက်တွေကိုလွှတ်လိုက်တယ်။ ဒါပေမယ့် သူတို့ အပြစ်ထဲမှာ သူတို့နစ်မွန်းနေကြတယ်။ နောခေတ်တုန်းကနဲ့ သောဒုံနဲ့ ဂေါမောရခေတ် ကလူတွေကို ဘုရားသခင်စီရင်သလို၊ ခါနာန်ပြည်က လူတွေကိုလည်း ဘုရားသခင်စီရင်လိမ့်မယ်။
တနေ့နေ့ ငါတို့လည်း ယဇ်ပုရောဟိတ်မင်းကြီးဖြစ်လာပြီး ဒီယဇ်တွေကိုလည်း ပူဇော်ရလိမ့်မယ်။
ဒါကိုမကောင်းပေမယ့် လုပ်နေရတယ်။ ကောင်းတာလုပ်ရင် ကောင်းရာစံပြီး မကောင်းတာလုပ်ရင မကောင်းရာစံပါ။
တရားဟောရာကျမ်း ၁၈း၉–၁၁



ကတိပေးထားတော်မူသောပြည်မှာရှိတဲ့
ရုပ်တုဆင်းတုကို ကိုးကွယ်သူတွေက
ဣသရေလလူမျိုးတွေကို ခုခံ တိုက် ထုတ်ပေမယ့်
ဣသရေလလူမျိုးအတွက် သူတို့ကိုအောင်နိုင်တဲ့
စွမ်းအားကို ဘုရားသခင်က ဖြည့်ဆည်းပေးတယ်။


မင်းမြင့်မြတ်တဲ့နေရာကို ဘာ့ကြောင့် ဝင်လာတာလဲ။
ကလေးတွေကို ခင်ဗျားထပ်မသတ်ရတော့ဘူး။


သွေးထွက်သံယို စစ်ပွဲကြီးပြီးနောက် ဟေဗြဲတွေဟာ သူတို့ရဲ့ ရန်သူကိုချေမှန်းပြီး သူတို့ရှေ့က မြေတွေကို သိမ်းပိုက်ပစ်တယ်။ ပြီးတော့ ယောရှု ကလူထုနဲ့ စကားပြောတယ်။
ကျုပ်တို့ရဲ့ အဘိုးကြီးဖြစ်တဲ့ အာဗြဟံ ဟာရုပ်တုဆင်းတုကိုးကွယ်သူကနေတဆင့် ပေါက်ဖွားလာတာဖြစ်တယ်။ ဘုရားသခင်က သူနဲ့စကားပြောပြီး ကြီးမြတ်တဲ့သူ့ရဲ့ နိုင်ငံကို တည်ပေးမယ်လို့လည်းကတိပေးတယ်။


သူ့ လူမျိုးတွေ အဲဂုတ္တုပြည်မှာ နှစ် (၄၀၀) လောက်သွား နေရပြီးနောက် အခုသင်တို့ရပ်နေတဲ့မြေပေါ်ကို ဦးဆောင် ခေါ်ထုတ် လာလိမ့်မယ်လို့လည်း ဘုရားသခင်က သူ့ကိုပြောတယ်။ ‘ါတွေဖြစ်ပြီး နှစ် (၅၀၀) လောက်ကြာပြီးတဲ့အခါ ဘုရားသခင် အာဗြဟံက ကတိပေးထားခဲ့တဲ့အတိုင်း အခု မြေပေါ်မှာ ကျုပ်တို့ရပ်နေရပြီ။
အခု မြေပေါ်ရှိ နေရာအသီးသီးမှာ ဝင်ရောက်အခြေချနေထိုင်ကြပါ။ မြေပေါ်မှာ နေခဲ့တဲ့လူတွေလို အပြစ်တွေ မကျူးလွန်ပါနဲ့။ သူတို့ကိုစီရင်သလို ဘုရားသခင် သင်တို့ကို စီရင်လိမ့်မယ်။

ရောရှမှတ်စာ ၂၄း၂-၁၄


နယ်မြေသစ်မှာ သူတို့ငြိမ်းချမ်းစွာ
နေထိုင်ကြတယ်။လူတိုင်းကိုယ်ပိုင်လယ်မြေရှိပြီး၊
စားသောက်စရာတွေ ပေါကြွယ်ဝလှတယ်။
တခြားသူတွေထက် ဘုရားသခင်သူတို့ကို
ကောင်းချီးပေးတယ်။
ညနေစာ
အဆင်သင့်ရှိပြီ။
ကျောက်ကို
ကော်ထုတ်လို့ပြီးပြီးချင်း
လာမယ်ဟော့။


ဘုရားသခင် ကတိပြုထားခဲ့တဲ့အတိုင်းဘဲ ယောဖြဲ လူမျိုးတွေပွားများလာပြီး တနယ်လုံးပြည့်သွားတယ်။ မြို့တွေမှာလဲဖြောင့်မတ်တဲ့ တရားစီရင်မတို့ကို ပြုကြတယ်။ လူမျိုးသစ်ကိုလည်း ဣသရေလလူမျိုးလို့ သမုတ်ကြတယ်။
မင်္ဂလာပါညီမ၊ နေ့ငါးဘယ်လိုနေသေးလဲ။
ခါတိုင်းလို ပင်လယ်ထဲက လတ်လတ်ဆတ်ဆတ် လေးရထားတယ်ရှင့်။



ယေဟောဝါ ကသင်တို့ရဲ့ရန်သူကို ချေမှုန်းခဲ့သော်ငြား လည်း ◉မြေပေါ်မှာ ရုပ်တုဆင်းတုကိုးကွယ်မှုတွေရှိသေးတယ်။ သင်တို့ကိုးကွယ်လိုတဲ့အရာ ◉နေ့ရွေးချယ်ကြပါ။ ◉မြေက လူတွေရဲ့မဟုတ်မမှန်သော ဘုရားကိုလား၊ အာဗြဟံရဲ့ စစ်မှန်တဲ့ ဘုရားကိုလား။ ကျုပ်နဲ့ ကျုပ်ရဲ့အိမ်သားတွေကတော့ ဘုရားသခင်အတွက် ဆက်ကပ်မယ်။
ဘုရားသခင်က သူ့ကိုမျက်ကွယ်ပြုပြီးတခြားသောဘုရား အား ရှိခိုးတာကို လုံးဝမကြိုက်ဘူး။ သူ့ရဲ့ကြီးမြတ်တဲ့ ဘုန်းတန်ခိုးတော်နဲ့ ယေဟောဝါ ဟာကျွန်တော်တို့ကိုအဲဂုတ္တုပြည်မှာ ရှိတဲ့ကျွန်အဖြစ်မှ ရွေးနုတ်ပြီး တောကြီး မြက်မည်းထဲမှာ ကြည့်ရခဲ့တယ်။
ဘုရားသခင်ရဲ့ နောက်ကိုဘဲလိုက်ဖို့ ကျုပ်တို့ကတိပေးပါတယ်။



ပြီးတော့ လူတွေအားလုံးနဲ့ [၆]မြေပေါ်က အာမောရိ လူမျိုးတွေကိုတောင် ငါတို့ကိုယ်စား ဘုရားသခင်က မောင်းထုတ်ပစ်တယ်။ [၇]ကြောင့် ဘုရားသခင်ဟာ ငါတို့ရဲ့ အရှင်ဖြစ်တဲ့အတွက် ငါတို့သူ့နောက်ဘဲလိုက်မယ်။
ဘုရားသခင်ဟာ သန့်ရှင်းတဲ့ဘုရား၊ မနာလိုခြင်းကြီးတဲ့ဘုရားဖြစ်တယ်။ ခင်ဗျားတို့သူ့ကို မျက်ကွယ်ပြုပြီး ရုပ်တုဆင်းတုကို ကိုးကွယ်ရင် သူဟာ ခင်ဗျားတို့ကို တိုက်ခိုက် ချေမှုန်းမှာ မုချဘဲ။


ခင်ဗျားတို့ ဘုရားနောက်လိုက်မယ်လို့ ကိုယ့်ကိုယ်ကို တိုင်တည်ပြီးပြီ။
ကျုပ်တို့ အားလုံးဟာ သက်သေဘဲ။
နေ့ ဘုရားသခင်ကို ခင်ဗျားတို့ ကတိပြုခဲ့တာတွေကို ပဋိညာဉ် စာအုပ်ထဲမှာကျုပ်ရေးချမယ်။
မောရှေကို ကျွန်တော်တို့နာခံသလို သင့်ကိုလည်း ကျွန်တော်တို့ နာခံမယ်။ ဘုရားသခင်ဟာ မောရှေနဲ့အတူ ရှိခဲ့သလို သင်နဲ့လည်းအတူရှိပါစေ။ ဘယ်သူမဆို ဘုရားသခင်ရဲ့ပညတ်ချက်ကို ဖောက်ဖျက်ရင်သတ်ခြင်း ခံရပါစေ။




ထွက်မြောက်ရာကျမ်း ၂၁:၂၈–၂၉။ ရောရမှတ်စာ ၂၄:၁၅–၂၄


မောရှေနဲ့ယောရှု အုပ်ချုပ်မှုအောက်က ဘုရားသခင်ပြုခဲ့တဲ့ ထူးဆန်းဖွယ်ရာများကိုလူအများ အခိုက်အတန့် တော့အမှတ်ရကြတယ်။ အဲဂုတ္တုတို့ဖိစီးမှုအောက်က လွတ်ခြင်းခံရတဲ့ကျေးဇူးကိုလည်း သတိရကြတယ်။ အမိန့် တော်အတိုင်း ယေဟောဝါ ဘုရားရှင်ကိုကိုးကွယ်ပြီး သူ့ကိုဘဲယဇ်ပူဇော်ကြတယ်။
အဘ၊ ဘာဖြစ်လို့ ယဇ်ပုရောဟိတ်ကြီးက သားတို့ရဲ့သိုးကို သတ်မှာလဲ။ အဲဂုတ္တုမှာတုန်းက သားတို့ဘိုးဘေး တွေမှာဖြစ်ခဲ့သလို သားတို့ရဲ့အိမ်ပေါ်ကို ဘုရားသခင်က ကျော်သွားမှာလား။
မဟုတ်ဘူးသား။ ဖျက်ဆီးခြင်း တမန်တော်မလာတော့ဘူး။ ’ါပေမယ့် ‘သိုးသူငယ်ရဲ့ အသွေးက အဘတို့ရဲ့ အပြစ်ကို ဖုံးအုပ်ပေးပြီး ဘုရားသခင်အား အဘတို့အပြစ်သားတို့ကို လက်ခံလာစေတယ်။



လူအပေါင်းတို့ဟာ ဘုရားသခင်ကို
ကိုးကွယ်ပြီး သူ့ရဲ့ပညတ်တရားတွေကို
လိုက်လျှောက်ဖို့ ကတိပေးထားပေမယ့်
အားလုံးကတော့မလုပ်ကြပါဘူး။
အံ့ဖွယ်အမအရာတွေ ရပ်ဆိုင်းသွားတော့
မျိုးဆက်သစ်တွေက အသက်ရှင်တဲ့ဘုရားသခင်ကို
မေ့သွားပြီး သက်မဲ့ရုပ်တုတွေကို ရှိခိုးကြတယ်။
သူတို့ရဲ့ ဘိုးဘေးဘီဘင် တို့ကိုလည်းရှိခိုးကြတယ်။


ယောရှု သတိပေးထားခဲ့တဲ့အတိုင်း
ဣသရေလတွေကို ဖျက်ဆီးပစ်ဖို့
ဘုရားသခင်က မိဒျာတွေကို လွှတ်လိုက်တယ်။
အား–ဗာလ အရှင်ရေ
ကယ်ပါအုံး။
ယား ယား…
တရားသူကြီးမှတ်စာ ၃း၇–၈၊ ၁၂–၁၃၊ ၄း၁–၂၊ ၁၀း၆–၇


လူတွေအပေါ်ဘုရားသခင်ရဲ့ စီရင်ချက်ကျတော့ သူတို့ဟာ ဥပဒေ’ကိုအမှတ်ရပြီး၊ မိမိအပြစ်တွေကို ဝန်ခံကြတယ်။
ယေဟောဝါ ဘုရားရှင် ကျွန်တော်မျိုးတို့ရဲ့ အပြစ်ကိုဖြေလွှတ်ပြီး၊ ငြိမ်သက်ခြင်းကိုရစေပါ။
သူတို့အပြစ်ကို ဝန်ခံခြင်းဖြင့် ခွင့်လွှတ်ခြင်းခံရပြီး သူတို့ရဲ့နယ်မြေတွေကိုလည်းပြန်လည်ပေးအပ်တယ်။


ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို လေ့လာပြီး လူတွေကိုလမ်းညွှန်ပေးနေတဲ့ တရားသူကြီးတွေရဲ့ ဦးဆောင်မှုက လူတွေကငြီးငွေ့လာတဲ့အတွက်၊ လူတွေဟာ သူတို့ရဲ့ဘုရင်ကိုတင်မြှောက်ဖို့ဆုံးဖြတ်လိုက်ကြတယ်။
တိုင်းပြည်ကောင်းစားရေးအတွက် သင့်မြေကိုသိမ်းပိုက်မယ်။ သင်တို့ရဲ့ သမီးတွေကို မှာချန်ထားပါ။ ငါတို့ ကောင်းကောင်းကြည့်ရှုပေးမယ်။


ရှမွေလ လို့ခေါ်တဲ့ ပရောဖက်နဲ့ တရားသူကြီးက
ဘုရင်ကိုတင်မြှောက်ခြင်းဖြင့် ဘုရားသခင်ဟာ သူတို့ရဲ့အရှင်
အဖြစ်ငြင်းပယ်ရာရောက်ကြောင်းကို သတိပေးသော်လည်း
လူတွေကယုံကြည်ခြင်းနဲ့အညီ အသက်မရှင်လိုကြဘူး။
ရှောလုဘုရင်ဟာ သူတို့ကိုဖိနှိပ်တယ်၊ သူတို့ရဲ့ငွေကိုယူတယ်၊
ပစ္စည်းကိုသိမ်းတယ်၊ သူတို့ရဲ့သားတွေကို ကျွန်ပြုပြီး
သူတို့ရဲ့သမီးတွေကို စော်ကားတယ်။
“မွရာဇဝင် (ပ) ၈


ရှောလုဘုရင် အသက်ကြီးလာတော
သူ့ကိုနတ်ဆိုးစီးပြီး သူ့ဒေါသက
တအားထန်တယ်။
တနေ့ သူ့အတွက် စောင်းတီးဖျော်ဖြေပေးတဲ့
သူငယ်လေး ဒါဝိဒ်ကိုသူလှံနဲ့ပစ်လိုက်တယ်။
ရှောလုဟာ အပြစ်တွေတခုပြီးတခု လုပ်တယ်။ သူဟာအားလုံးကို
မနာလိုဖြစ်ပြီးသူတို့ကိုလည်းကြောက်တယ်။သူ့ကိုဂုဏ်နဲ့ပကာသနတွေဖြည့်ဆည်းပေး
ဖို့နတ်ဆိုးက ကတိပြုပေမယ့် သူ့မှာရှိနေတာက နွမ်းလျကြေကွဲ နေတဲ့စိတ်ဘဲ။


ရှောလုဟာအသက်ရှင်တဲ့ဘုရား
ကို လျစ်လျူရှုပြီးမှော်အတတ်
တွေကို အားကိုးတယ်။
အမှောင်ကို ငါတွေ့ရတယ်။ ဒါဟာမကောင်းဘူး။ သင်တိုက်ပွဲမှာ ကျပြီး အခြား တစ်ယောက်က သင့်နေရာက တက်ယူလိမ့်မယ်။
ရှောလုဟာ တိုက်ပွဲမှာကျပြီး
သူ့ဝိညာဉ်ဟာငရဲထဲကို
ရောက်သွားတယ်။



ဘုရားသခင်ဟာ လူငယ်လေးတစ်ယောက်ကို ဘုရင်အဖြစ် ရွေးလု နေရာမှာခန့်အပ်တယ်။ သူဟာ ဘုရားသခင်ကို ချစ်ပြီး သူ့ရဲ့ ပညတ်ချက်တွေကို နာခံတဲ့ သိုးထိန်းလေးဘဲ ဖြစ်တယ်။ ရှောလု ကြိုးစားလိုက်သတ်ခြင်း ခံခဲ့ရသူ တစ်ယောက်လည်းဖြစ်တယ်။
ထာဝရဘုရားသည် ငါ၏သိုး ထိန်းဖြစ တော်မူ၏။ ငါသည်ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ ငါ့ဝိညာဉ်ကိုလည်း အားဖြည့်၏။
‘ဒါဝိဒ်’ ဟာဖြောင့်မတ်ပြီး ဘုရားသခင်ရဲ့ ချစ်ခြင်းကိုခံရတယ်။ သူဟာအပြစ်နဲ့ သေခြင်းကိုအောင်နိုင်ပြီး လူသား ကိုကယ်တင်မယ့်သူလား။ ဘုရားရဲ့ ကတိစကားအရ ဖော်ပြထားခဲ့တဲ့သူလား။
“မွရာဇဝင် (ပ) ၁၈း၁၀–၁၁၊ ၃၁း၄၊ ၁၆း၁–၁၃။ ဆာလံ ၂၃း၁–၃




မတရားသောသူတို့၏တိုက်တွန်းခြင်းသို့မလိုက်၊
လူဆိုးတို့၏လမ်းတွင် မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့၏
အစည်းအဝေး၌ မထိုင်၊ ထာဝရဘုရား၏တရားတော်၌
မွေ့လျော်၍ တရားတော်ကို နေ့ညမပြတ်ဆင်ခြင်စဉ်းစား
သောသူသည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူသည်
မြစ်နားမှာစိုက်၍ မိမိအချိန်တန်မှ အသီးကိုသီးပြီး
အရွက်မညီးနွမ်းတတ်သောအပင်နှင့် တူ၏။ ပြုလေသမျှတို့၌
အောင်လိမ့်သတည်း။ မတရားသောသူတို့သည်
ထိုကဲ့သို့မဟုတ်၊ လေတိုက်၍လွင့်သောဖွဲနှင့်တူ၏။
ထို့ကြောင့်တရားဆုံးဖြတ်တော်မူရာ ကာလ၌မတရားသော
သူတို့သည်မနေရကြ။ ဖြောင့်မတ်သောသူတို့၏
အစည်းအဝေးတွင်းသို့ လူဆိုးတို့သည် မဝင်ရကြ။ အကြောင်း
မူကား ဖြောင့်မတ်သောသူတို့၏ လမ်းကိုထာဝရဘုရား
သိကျွမ်းတော်မူ၏။ မတရားသောသူတို့၏လမ်းသည်
ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။



“မှရာဇဝင် (၂) ၂း၄။ ဆာလံ ၁။ တမန်တော် ၁၃း၂၂–၂၃


ဘုရားသခင်ဟာ ဒါဝိဒ်နဲ့စကားပြောပြီး
အနာဂတ်အတွက် ဗျာဒိတ် တွေပေးတယ်။ ဒါကို
ဒါဝိဒ် မင်းကြီးက ဆာလံဆိုတဲ့ စာအုပ်ထဲမှာ
ရေးထားပြီး အဲဒါတွေကို ယနေ့ထက်တိုင်
လူတွေက ရွတ်ဖတ်သီဆိုကြတယ်။
မေရှိယ နဲ့ပတ်သက်ပြီး
ဒါဝိဒ်မင်းကြီး
ရေးထားတာကတော့၊
ထိုမင်းသည် ကိုယ်တော်၏လူတို့ကို ဖြောင့်မတ်စွာစီရင်၍
ကိုယ်တော်၏ဆင်းရဲသားတို့ကို တရားပေးပါလိမ့်မည်။
ကိုယ်တော်၏လူတို့တွင် ဆင်းရဲသားတို့ကိုတရားစီရင်လျက်
ငတ်မွတ်သူတို့၏ သားသမီးများကိုကယ်မ၍၊ ညှဉ်းဆဲသော
သူကိုလည်း နှိပ်စက်ပါလိမ့်မည်။ လသည် ပပျောက်ခြင်းသို့
မရောက်မီတိုင်အောင် တရားသောသူသည် ပွင့်လန်း၍
ချမ်းသာများပြားလိမ့်မည်။ ပင်လယ် တပါးမှတပါးတိုင်အောင်၊
မြစ်မှသည် မြေစွန်းတိုင်အောင်ဝှင်း အစိုးရတော်မူလိမ့်မည်။
ရှင်ဘုရင်အပေါင်းတို့သည် ရှေ့တော်၌ ပျပ်ဝပ်၍
ခပ်သိမ်းသောလူမျိုးတို့သည် အမှုတော် ကိုထမ်းကြလိမ့်မည်။
သူတို့အသက်ကို လှည့်စားခြင်းနှင့် ညှဉ်းဆဲခြင်း၏လက်မှ
ရွေးနှုတ်၍ သူတို့၏အသွေးကို နှမြောတော်မူလိမ့်မည်။
ကိုယ်တော်အဖို့ နေ့တိုင်းထောပနာပြုချီးမွမ်းခြင်း၊
အစဉ်မေတ္တာပို့ခြင်းတို့ကို ပြုလုပ်ကြ လိမ့်မည်။ နာမတော်သည်
အစဉ်အမြဲတည်လိမ့်မည်။ နေသည် တည်သမျှကာလပတ်လုံး
နာမတော်တိုးပွား လိမ့်မည်။ ကျေးဇူးတော်အားဖြင့်
လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြ၍
မင်္ဂလာရှိတော်မူသည် ဟုချီးမွမ်းကြလိမ့်မည်။


"သင့်ရဲ့ တိုင်းပြည်ကို သင့်ရဲ့ သားကတဆင့် တည်ဆောက်ပေးမယ်" လို့ ဘုရားသခင်က ဒါဝိဒ်မင်းကိုပြောတယ်။ "သင့်ရဲ့သားဟာ ငါ့ကိုဝတ်ပြုအိမ်တော်ကို ဆောက်လိမ့်မယ်။ သူထိုင်သော ရာဇပလ္လင်တော်ကို အစဉ်အမြဲငါတည်စေမယ်။"
ဒါဝိဒ် မင်းကြီးသေဆုံးပြီးနောက် သူ့သား ရှောလမုန ဘုရင်ဖြစ်လာတယ်။ ဘုရားသခင်က ဒါဝိဒ်မင်းကြီးကို မှာကြားခဲ့တဲ့အတိုင်း တောကြီးမြက်မည်းထဲမှာ အသုံးပြုခဲ့တဲ့ ဝတ်ပြုရာနေရာဟောင်းကို အစားထိုးဖို့ ဗိမာန်တော်ကို တည်ဆောက်တယ်။ ပြည်သို့ လူအပေါင်းတို့ကို ခေါ်လာပြီး သူတို့ကိုကောင်းချီးပေးမယ်ဆိုတဲ့ ဘုရားသခင်ရဲ့ ကတိတော်ကပြည့်စုံလာတယ်။




[၇]ဒါပေမယ့် ဘုရားသခင်ရဲ့ ကတိတော်တစ်ခု
မပြည့်စုံလာသေးဘူး။ စာတန်မာရ်နတ်ရဲ့ လုပ်ငန်းတွေကို
ဖျက်ဆီးပစ်မယ့် ကယ်တင်ရှင် မပေါ်လာသေးဘူး။
လူတွေဟာ အပြစ်တွေဆက်လုပ်ကြပြီး [၈]အပြစ်တွေကို
ချေဖျက်ဖို့ တိရစ္ဆာန်ရဲ့ သွေးနဲ့ယဇ်ပူဇော်ကြတယ်။
[၇]ဒါပေမယ့် လူတွေဟာ တနေ့နေ့ကယ်တင်ရှင်ပေါ်လာပြီး
သူတို့ရဲ့ အပြစ်တွေကို ထာဝစဉ် ယူနုတ်သွားမယ့်
ကာလတိုင်အောင် အပြစ်ဖြေခြင်းနည်းလမ်းကို
ပေးထားတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ကြတယ်။


အကျွန်ုပ်သည် ရေကဲ့သို့ သွန်ခြင်း ခံရ၍၊
အရိုးအဆစ်ရှိသမျှတို့သည် ပြုတ်ကျပါ၏။
အကျွန်ုပ် နှလုံးသားသည် ဖယောင်းကဲ့သို့ဖြစ်၍၊
ရင်ထဲမှာအရည်ကြိုလျှက်ရှိပါ၏။ အကျွန်ုပ်ခွန်အားသည်
အိုးခြမ်းကဲ့သို့ ခန်းခြောက်၍၊ လျှာလည်းပါးရိုး၌
ကပ်လျှက်ရှိပါ၏။ အကျွန်ုပ်ကို သေမြေတိုင်အောင်
ချတော်မူပါ။ ခွေးတို့သည် အကျွန်ုပ်ကို ဝိုင်းလျှက်၊
စုဝေးသောလူစုတို့သည် ဝန်းရံလျှက်နေ၍ အကျွန်ုပ်၏
လက်ခြေတို့ကိုထိုးဖောက်ကြပါပြီ။ ကိုယ့်အရိုး ရှိသမျှ
တို့ကို အကျွန်ုပ် ရေတွက်နိုင်ပါ၏။ သူတို့သည်
အကျွန်ုပ်ကို ကြည့်မြင်၍အားရလျှက်နေကြပါ၏။
အကျွန်ုပ် အဝတ်ကို အချင်းချင်းဝေဖန်၍၊
အကျွန်ုပ်အင်္ကျီကို စာရေးတံချပါ၏။

“မ္ဗရာဇဝင် (၄) ၇း၁၂–၁၆။ ဆာလံ ၂၂း၁၄–၁၈၊ ၇၂း၁–၂၀


လူတွေဟာ ဘုရားသခင် နှုတ်ကပတ်တော်ပို့ချမှုတွေကို ကြားနာဖို့
ဗိမာန်တော်ကိုလာကြတယ်။ သူတို့ဟာ ထွက်ပေါ်လာမယ့် ကယ်တင်ရှင်နဲ့
ပတ်သက်တဲ့ ဗျာဒိတ်တော်ကို တော်တော်စိတ်ဝင်စားကြတယ်။




ပေါ်လာမယ့် ကယ်တင်ရှင်နဲ့ပတ်သက်ပြီး ဒါဝိဒ် မင်းကြီးအများကြီး
ရေးထားခဲ့တယ်။
ဆာလံ ၁၁၀း၁
ထာဝရဘုရားသည် သင်၏ရန်သူကို သင်၏ခြေတင်ရာ၊
ငါမချထားမီတိုင်အောင်
ငါ့လက်ျာဘက်၌ ထိုင်နေလော့ ဟုငါ၏ သခင်အားမိန့်တော်မူ၏။
ဆာလံ ၁၁၀း၄
ထာဝရဘုရားက သင်သည် မေလခိဇေ’က်
နည်းတူထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊ နောက်
တဖန်စိတ်ပြောင်းလဲခြင်းရှိတော်မမူ။
ဆာလံ ၄၅း၆–၇
အိုဘုရားသခင်၊ ကိုယ်တော်၏ပုလ္လင်သည် နိစ္စထာဝရပုလ္လင်ဖြစ်ပါ၏။
ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့်စီရင် သောနိုင်ငံ ဖြစ်ပါ၏။
ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကိုနှစ်သက်၍
မတရားသောအမကို
မုန်းတော်မူ၏။ ထို့ကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏
ဘုရားသခင်သည်
ကိုယ်တော်၏အပေါင်းဘော်တို့ထက်၊ ကိုယ်တော် ကိုချီးမြှောက်၍
ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူပြီ။




ပေါ်လာမယ့် ကယ်တင်ရှင်နဲ့ပတ်သက်ပြီး
နားလည်ရခက်တဲ့အကြောင်းအရာတွေကိုလည်း ‘၇ဌ’
မင်းကြီးရေး ထားတာရှိတယ်။
ဆာလံ ၂၂း၆
အကျွန်ုပ်မူကား လူမဟုတ် ပိုးကောင်မျှသာဖြစ်ပါ၏။
လူများ၏ကဲ့ရဲ့စရာ၊ အရှက်ခွဲစရာတို့ဖြစ်ပါ၏။
ဆာလံ ၂၂း၁၄–၁၆
အကျွန်ုပ်သည် ရေကဲ့ကိုသွန်ခြင်း ခံရ၍၊
အရိုးအဆစ်ရှိသမျှတို့သည် ပြုတ်ကျပါ၏။ အကျွန်ုပ်
နှလုံးသားသည် ဖယောင်းကဲ့သို့ဖြစ်၍၊
ရင်ထဲမှာအရည်ကြိုလျှက်ရှိပါ၏။ အကျွန်ုပ်ခွန်အားသည်
အိုးခြမ်းကဲ့သို့ ခန်းခြောက်၍၊ လျှာလည်းပါးရိုး၌
ကပ်လျှက်ရှိပါ၏။ အကျွန်ုပ်ကို
သေမြေတိုင်အောင်ချတော်မူပါပြီ။ဆာလံ ၂၂း၁၆
အကျွန်ုပ်၏လက်ခြေတို့ကို ထိုးဖောက်ကြပါပြီ။




“မ္ဗရာဇဝင် (တ) ၁၂း၂၀၊ ၂၈–၂၉။ ဆာလံ ၂း၇၊ ၁၂၊ ၂၂း၆၊ ၁၄–၁၆၊ ၄၀း၈၊ ၇၈း၂၊ ၄၅း၆–၇၊ ၈၉း၂၆–၂၇၊ ၁၁၀း၁၊ ၄၊ ၁၃၂း၁၁


လွန်စွာကွာဝေးလှတဲ့အတွက် သူတို့ရဲ့ဆုတောင်းရာနေရာတွေကို အဲ့ဒီနေရာမှာ ဆောက်လုပ်ကြပြီး နွားရုပ်အဆင်းသဏ္ဍာန်ရှိ ရွှေဖြင့်ထုလုပ်ထားတဲ့ရုပ်တုတွေကို တည်ထားကိုးကွယ်ကြတယ်။
ဘုရားသခင်ထံ ချဉ်းကပ်လို့ရတဲ့ နည်းပေါင်းများစွာရှိတယ်။ တချို့သူတွေက သူ့ကို ယေဟောဝါလို့ခေါ်တယ်။ တချို့က အာလာလို့ခေါ်ပြီး၊ အချို့က ချဲမောရှ် လို့လည်းခေါ်တယ်။ ဒါပေမယ့် ကျုပ်တို့ ကတော့ ဗာလလို့ခေါ်တယ်။
ဒါပေမယ့် ဘုရားသခင်က သူ့ရဲ့ပရောဖက်တွေကိုပေးထားတဲ့ သူ့ရဲ့ သန့်ရှင်းတဲ့ နှုတ်ကပတ်တော်တွေရော ...အဲ့ဒီမှာပညတ်ထားတာက အခြားသောဘုရားကို မရှိခိုးရဘူးတဲ့။ ပြောထားသေးတယ် – စစ်မှန်တဲ့ဘုရား တစ်ပါးတည်းသာရှိပြီး သူ့ကိုချဉ်းကပ် နိုင်တဲ့နည်းလမ်းတစ်လမ်းဘဲရှိတယ်။


ဘုရားသခင်ဟာ အမြင်ကျဉ်းတယ်လို့ ခင်ဗျားထင်နေလား။
ဒါကို ကျုပ်ထပ်မကြားချင်တော့ဘူး။ ဗာလကိုရှိခိုးမှုဟာ ဤမြေရဲ့တရားဝင်ဘာသာရေး ဖြစ်သွားပြီ။ သူ့ကို မကိုးကွယ်ရင် သေဒဏ်ခံရမယ်။


ယဇ်ပုရောဟိတ်တွေဟာ သူတို့ကိုးကွယ်ဖို့ နွားရုပ်ကိုရွေးချယ်တဲ့အခါ မာရ်နတ်ဆိုးတမန်တော် လူစီဖာရဲ့ရုပကိုရွေးချယ်မိသားဖြစ်နေတာ သူတို့ကိုယ်၌က မသိလိုက်ဘူး။ သူတို့ဟာ မာရ်နတ်ဆိုးကို ကိုးကွယ်နေကြပြီး မာရ်နတ်ဆိုးကလည်း သူတို့ကိုဘုရားသခင်ကတိတော်ထားခဲ့တဲ့ ပေါ်လာမယ့် ကယ်တင်ရှင်ဆီကနေ လမ်းလွဲပစ်လိုက်နိုင်ခဲ့တာကို လွန်စွာအားရကျေနပ်မိတယ်။
အို–ဗာလဘုရား၊ ကျွန်ုပ်တို့ရဲ့ ဆက်ကပ်ပူဇော်မှုကိုလက်ခံယူတော်မူပါ။
ကောင်းကင်ဘုရင်မ၊ ဘုရား၏မိခင်မင်္ဂလာရှိပါစေသော်။ ကျွန်ုပ်တို့၏ အပြစ်ကိုဖြေလွှတ်တော်မူပါ။



[၆]သန့်ရှင်းရာမြေပေါ်မှာ မင်းတို့ဘာလုပ်ကြတာလဲ။
သင်တို့စွန့်ခွာခဲ့တဲ့ ယေဟောဝါ ရဲ့ နာမတော်အားဖြင့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို နားထောင်ကြပါ။ [၁၀]မျိုးနွယ်မှ သားတော်တပါး ဖွားမြင်တော်မူမယ်။ [၆]မျိုးနွယ်မှတဆင့် ကယ်တင်ရှင်ဟာ ထွက်ပေါ်လာမယ်။ သူ့နာမည်ဟာ ယောရှိ ဖြစ်ပြီး[၅]ယဇ်ပလ္လင်ပေါ်မှာ သူဟာ ဗာလ ယဇ်ပုရောဟိတ်တွေ အားလုံးကိုမီးရှို့သတ်လိမ့် မယ်။
“မှရာဇဝင် (က) ၁၂း၂၈၊ ၁၃း၁–၂


ခင်ဗျား
‘ါကိုဘယ်လိုပြောနိုင်တာလဲ။
ဘုရားတွေကလွဲပြီး ဘယ်သူမှ
အနာဂတ်ကိုမသိနိုင်ဘူး။
ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင
သင်တို့ကိုငါပြောတာကတော့
‘ယဇ်ပုရောဟိတ်တွေရဲ့အရိုးတွေကိုယောရှိက
‘ပလ္လင်ပေါ်မှာ ပြာချပစ်မှာဖြစ်တယ်။


ကျုပ်ဟာ ဘုရားကိုယ်စား
ပြောနေတယ်ဆိုတာ
ခင်ဗျားတို့ကိုသူနိမိတ်ပေးလိမ့်မယ်။ အဲ နေ့မှာ
သင်တို့ ဘာမဟုတ်တဲ့ ရုပ်တုတွေက
တင်ထားကိုးကွယ်တဲ့ ယဇ်ပလ္လင်ဟာကွဲထွက်ပြီး
အထဲကနေပြာတွေပန်းထွက်လာလိမ့် မယ်။


ဟား ဟား ဟား။ ပေါက်တတ်ကရကောင်ကြီးပြောတာနားထောင်ကြည့်စမ်းပါအုံး။ အများက မှားပြီး သူ့ကိုယ်သူဘဲမှန်တယ်ထင်နေတယ်။
ငါ့လက်မောင်းကြောတွေသေကုန်ပြီ။ ယေဟောဝါငါ့ကို’ဏ်ခတ် လိုက်ပြီ။ ငါ့ကိုကုသဖို့ ဆုတောင်းပေးပါ။


သူ့ကိုဖမ်းပြီးသတ်လိုက်။ တပါးသူရဲ့ ဘာသာတရား ဤလောက်တောင်မ စော်ကားဝံ့တဲ့ကောင်။


အိုအဖဘုရား၊ နေ့ဘုရားသခင်ရဲ့ ဘုန်းတော်ကို ထင်ရှားစေတော်မူပါ။ ဘုရင်ကြီးရဲ့လက်မောင်းကို ကုသပေးပါ။




“မ္ဘရာဇဝင် (တ) ၁၃း၂–၆



အိုး ...
ခရက် ... ဒိုင်း
ကယ်ပါဦး ...
ယေဟောဝါ ဘုရား၊
မြန်လှချည်လား ...


သင်ဟာ ဘုရားသခင်ရဲ့ လူအစစ်ဘဲ။ ဗာလရဲ့ ပရောဖက်တွေ ‘မျိုးတခါမှမလုပ်နိုင်ခဲ့ဘူး။ ကျုပ်နဲ့အတူလာပါ။ ကျုပ်နဲ့စားသောက်ပြီးရင် ဘုရားသခင်ရဲ့ ကြီးမြင့်တဲ့ ဂုဏ်တော်ကို ●နေ့သင်စွမ်းဆောင်ခဲ့တဲ့အတွက်သင့်ကိုဂုဏ် ပကာသနတွေ ကျုပ်ချီးမြှင့်မယ်။
ကျွန်တော်မသွားပါဘူး။ ●ဣသရေလတိုင်းပြည်မှာ ရှိစဉ်အတွင်း ဘုရားသခင် ကျွန်တော့်ကို ဘာမှမစားမသောက်ခိုင်းဘူး။ လာရာလမ်းကနေလည်း ပြန်မလှည့်ခိုင်းဘူး။


သူငါ့ရဲ့ ဘုရားတွေကို ဖျက်ဆီးပစ်ပြီ။ ဘာမှ မကျန်တော့ဘူး။
‘ါပေမယ့် ယဇ်ပလ္လင်ပေါ်မှာ ယဇ်ပုရောဟိတ်အရိုးတွေ မီးရှို့ခြင်းခံရမယ်လို့ သင်ပြောခဲ့တယ်။ ပလ္လင်သာပျောက်သွားတယ်၊ ဘယ်သူမှမသေသေးပါလား။
‘ါဟာ ဘုရားသခင်ပြောတာပါ။ ကျွန်တော့်စကား မဟုတ်ပါဘူး။
“မ္မရာဇဝင် (တ) ၁၃း၅၊ ၇–၉



ဘုရားသခင်မိန့်မှာခဲ့တဲ့အတိုင်း ဘုရားရဲ့ပရောဖက်ဟာ
တခြားလမ်းကနေပြန်လာခဲ့တယ်။ မစားမသောက်ရတာ
နှစ်ရက်ရှိပြီဖြစ်တဲ့အတွက် သူဟာဆာလောင်မွတ်သိပ်လျှက်ရှိတယ်။
သူဘယ်ကိုသွားနေသလဲဆိုတာ အဲ့ဒီနေ့မှာနွားရုပ်ကို
ကိုးကွယ်တဲ့လူနှစ်ယောက်က နောက်ယောင်ခံလိုက်တယ်။


အဖေ၊ သားသာမမြင်ခဲ့ရရင် ယုံမှာမဟုတ်ဘူး။ ဟိုးအရင်ခေတ်က ဣသရေလပရောဖက် အတိုင်းဘဲ။
အမြန်လုပ်၊ မြင်းကုန်းနှီးကိုပြင်ထား။ သူ့ကိုငါတို့ရှာရမယ်။
အဖေ၊ သူပြောတာမှန်တယ်လို့ထင်လား။ ယေဟောဝါ ဟာအသက်ရှင်တဲ့ တစ်ဆူတည်းသောဘုရားလား။ သားတို့ရဲ့ဘုရားဟာ ဘာမဟုတ်တဲ့သစ်သားနဲ့ ရွှေတွေဘဲလား။


ယေဟောဝါရဲ့ ပရောဖက် သစ်ပင်အောက်မှာထိုင်နေတာက
တွေ့ရတယ်။ [၆]လိုစွမ်းအားကြီးတဲ့သူနဲ့ သူရင်းနှီးချင်တယ်။
တခါကသူလည်း ယေဟောဝါရဲ့ပရောဖက်ဖြစ်ခဲ့ပေမယ့်
တိုင်းပြည်ကြီးနှစ်ခြမ်းကွဲတဲ့အခါ သူဟာသူ့တိုင်းပြည်ရဲ့
ရုပ်တုဆင်းတုကိုးကွယ်မှုနောက်ကို လိုက်မိလျှက်သားဖြစ်နေတယ်။
သူ့ရဲ့ဆင်ခြေကတော့ "ဘာသာရေးအားလုံး
ကအတူတူဘဲမဟုတ်လား"


ခင်ဗျားဟာ ယု’က ဘုရားသခင်ရဲ့ ပရောဖက်ဖြစ်မှာဘဲ။ ခင်ဗျားနွမ်းနယ်နေတယ်။ ခင်ဗျားကို စားသောက်စရာနဲ့ ဧည့်ခံဖို့ ကျုပ်အိမ်ကိုလာပါလား။
ကျွန်တော်မလာနိုင်ဘူး။ ၆နေရာမှာ ဘာမှမစားမသောက်ဖို့ ဘုရားသခင် ကျွန်တော့်ကို မှာထားခဲ့တယ်။
ကျေးဇူးတော်ဘဲ ဘုရားသခင်၊ ကျွန်တော်လည်း ရေငတ်နေတယ်။
ဒါပေမယ့် တွေ့လား၊ ကျုပ်လည်းပရောဖက်တပါး ဖြစ်ခဲ့တာဘဲ။ ၆နေ့မနက်ဘ ယေဟောဝါ ရဲ့တမန်တော်က ခင်ဗျားကိုစားသောက်စရာနဲ့ ဧည့်ခံဖို့ကျုပ်ကိုမှာထားခဲ့တယ်။


စားလို့အင်မတန်ကောင်းလှပါတယ်။ ‘ပေမယ့် ကျွန်တော်လည်း ယု’ပြည် ကိုပြန်စရာရှိသေးတယ်။
“ငါ့ရဲ့မှာထားချက်ကို သင်မနာခံဘဲ၊ အဲ့ဒီနေရာမှာ သင်စားသောက်ခဲ့တဲ့အတွက် သင့်ရဲ့ခန္ဓာဟာ ယု’ရှိသင မိသားစုရဲ့ ဂူသင်္ချိုင်းမှာ သဂြိုဟ်ခံရခွင့်ရတော့မှာမဟုတ်ဘူး” လို့ ယေဟောဝါကပြောတယ်။
ပါးပါး နိမိတ်ဖတ်နေတာဘဲ။ ဘုရားသခင်က ပါးပါးကို စကားပြောခဲ့သလား။
ဟုတ်တယ် ငါ့သား။ နှစ်များအတွင်း ‘ပါအရင်ဆုံးဘဲ။


ဒါဆိုသူသေရမှာ
ပေါ့နော်။
ငါကြောက်တယ်၊
ဒါငါ့အမှားပဲ။
“မ္မရာဇဝင် (တ) ၁၃း၁၀–၂၂


ဘုရားသခင်ဟာ အမြဲတမ်းကတိတည်တာကို သိလိုက်ရပြီး၊
ယဇ်ပုရောဟိတ်ကြီးဟာ စိတ်နှလုံးနာကျင်စွာနဲ့ ထွက်ခွာသွားတယ်။
သူသေရမှာကို သူသိတယ်။ "ပုံစံနဲ့" လောက်မြန်မြန်ကြီး
သေရလိမ့်မယ်ဆိုတာကိုဘဲ သူမထင်မှတ်ထားဘူး။




သူဟာ ယု’ပြည်က ပရောဖက်ဘဲ။
ခြင်္သေ့နဲ့ မြည်းအတူ ထိုင်ပြီးနေတာထက်တောင်မှ ပိုထူးဆန်းနေသေးတယ်။ အလောင်းကို စောင့်ရှောက်ပေးနေတဲ့အတိုင်းဘဲ။
ါမျိုးကျုပ်တခါမှ မတွေ့ဖူးဘူး။ ခြင်္သေ့ကသူ့ကို သတ်ပစ်ပြီး သူ့ကိုမစားဘဲ၊ အဲ့မှာဘဲထိုင်နေတယ်။




“မှရာဇဝင် (တ) ၁၃း၂၃–၃၁။ “မှရာဇဝင် (စတုတ္ထ) ၂၁း၂၄၊ ၂၂း၈–၁၁၊ ၁၃း၁–၃


နောက်ဆုံး ယု’ပြည် မှာ ယောရှိမင်း နန်းစံတယ်(ဘီစီ ၆၄၀)။ သနိဗာန်တော်ကိုသွားတော့ ကျမ်းစာမိတ္တူတစ်စောင်ကို ရှာတွေ့တယ်။ လူတွေဟာ အသက်ရှင်တဲ့ဘုရားသခင်ကိုမေ့ပျောက်ပြီး ရုပ်တုဆင်းတုကိုးကွယ်နေတာကို တွေ့ရတော့ လူကြီးတွေ၊ ပရောဖက်တွေ၊ ယဇ်ပုရောဟိတ်တွေနဲ့ ယေရှုရှလင်မှာရှိတဲ့ လူအားလုံးကိုဆင့်ခေါ်ပြီး ကျမ်းတရားကိုကြားနာစေတယ်။ သူဟာ လူအပေါင်းကိုဦးဆောင်ပြီး ဘုရားရဲ့နှုတ်ကပတ်တော်ကို နာခံဖို့ ပဋိညာဉ်ပြုတယ်။
လူအပေါင်းတို့ဟာ သူတို့ရဲ့ အပြစ်တွေအတွက် အရှက်ရကြပြီး ကျမ်းစာထဲမှာပါတဲ့သွန်သင်ချက် အားလုံးတို့ကို နာခံဘို့ ဆုံးဖြတ်လိုက်ကြတယ်။


မယ်တော်ရယ်၊ငါတို့ကို ကယ်တော်မူပါ။
လူအပေါင်းတို့ဟာ ဘုရားသခင်ရဲ့ ဥပဒေ’ကိုနာခံပြီး ပြည်တွင်းမှာရှိတဲ့ ရုပ်တုဆင်းတုတွေကို ဖျက်ဆီးပစ်တယ်။ နေ၊ လနဲ့ ကောင်းကင်ဘုရင်မကို အမွှေးနံ့သာပူဇော်တဲ့ ယဇ်ပုရောဟိတ်တွေအားလုံးကိုလည်း သတ်ပစ်တယ်။


ဘုရားသခင်ရဲ့ ဥပဒေတော်က လိင်တူဆက်ဆံခြင်းကို ခွင့်မပြုတဲ့အတွက် သောဒုံ ပြည်သားတွေဟာ ပြည်တွင်း ကနှင်ထုတ်ခြင်းကို ခံခဲ့ရတယ်။
ခံရခက်တယ်။


ဝိညာဉ်တွေ၊ ပေ’င်တွေနဲ့ မှော်အတတ်တွေကို
ကိုးကွယ်တဲ့နယ်မြေအားလုံးကိုလည်း
ရှင်းလင်းသန့်စင်ပစ်တယ်။
သူ့ရဲ့ဖန်လုံးကိုခွဲပစ်ပြီး၊
သူ့အိမ်ကိုမီးရှို့ပစ်လိုက်။
“မွေရာဇဝင် (စတုတ္ထ) ၂၃း၅၊ ၇၊ ၁၀


လွန်ခဲ့တဲ့နှစ် (၃၀၀) က ဣသရေလရဲ့ပထမဦးဆုံးဘုရင် ယေရောဗောင်မင်းကြီးကို ပရောဖက်တွေ့ခဲ့တဲ့ကုန်းမြင့် ပေါ်ကိုတက်သွားတယ်။
ဘုရားဟာ တစ်ဆူတည်းရှိပြီး သူ့ကို ရုပ်တုဆင်းတုအားဖြင့်ကိုးကွယ်လို့မရဘူး။ ပရောဖက်အတုတွေဟာ လူတွေကို ယေဟောဝါနဲ့ဝေးရာဆီ ခေါ်ဆောင်သွားကြတာဖြစ်တယ်။
သူတို့ဟာ ယဇ်ပလ္လင်ကိုဖြိုချတယ်၊ ရုပ်တုတွေအားလုံးက ဖျက်ဆီးပစ်ပြီး သစ်ပင်အားလုံးကို ခုတ်ပစ်ကာ ရှိသမျှ အားလုံးကိုအမှုန့်ချေပစ်တယ်။


မင်းသေရမယ်။
တဖန်ယဇ်ပလ္လင်ဟာ
အက်ထွက်ပြီးပြာမှုန့်တွေ
ပန်းထွက်လာတယ်။





“မ္မရာဇဝင် (စတုတ္ထ) ၂၃း၁၅–၁၆


ဘုရားသခင်ရဲ့လူ ပြောခဲ့တဲ့အတိုင်း *နှစ် (၃၀၀) ကြာတဲ့ ဗျာ*တ်ဟာပြီးပြည့်စုံခဲ့တယ်။
အရိုးတွေအားလုံး ကိုမီးရှို့ပစ်လိုက်။
‘ဒါဆို သူတစ်ယောက်တည်းရဲ့ အရိုးကိုချန်ထားပြီး၊ အခြားအရိုးတွေကို မီးတိုက်ပစ်။ ဘုရားသခင်ရဲ့ ကောင်းချီးခံစားရဖို့ *ရုပ်တုဆင်းတုကိုးကွယ်မှုတွေ ချုပ်ငြိမ်းဖို့လိုတယ်။
‘ဒါပေမယ့် အရှင်၊ *အုတ်ဂူဟာ *နေ့ဖြစ်လာမယ့်အခြေအနေကို ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၃၀၀) တုန်းကပရောဖက်ပြုခဲ့တဲ့ယု’ပြည်က ဘုရားသခင်ရဲ့ လူရဲ့အုတ်ဂူဘဲ။ *နေ့အရှင်မင်းကြီးလုပ်ခဲ့တဲ့ အရာအားလုံးကို ယောရှိမင်းက လုပ်လိမ့်မယ်လို့ ပရောဖက်ပြုခဲ့ပါတယ်။


◕လိုနဲ့ ရုပ်တုဆင်းတုကိုးကွယ်မှုတွေ ချုပ်ငြိမ်းတော့ ယောရှိမင်းကြီးဟာ လူအပေါင်းတို့ကို ဘုရားသခင်က သူတို့ ရဲ့ဘိုးဘေးတွေကို အဲဂုတ္တုပြည်က ကယ်နုတ်ပြီး ◕မြေကိုပေးအပ်ခဲ့တဲ့နေ့ကို အမှတ်ရစေဖို့ ပသခါပွဲကိုပြုလုပ်စေတယ်။
ဘုရားတကာတို့ရဲ့ ဘုရား၊ စကြဝဠာရဲ့အရှင် ကမ္ဘာမြေကြီးကိုပိုင်စိုးသော ဘုရားရှင်၌ မင်္ဂလာရှိစေသတည်း။


အဖေ၊ [၆]နေ့ဟာ
အခြားနေ့တွေနဲ့ဘယ်လ
ိုကွာခြားသလဲ။
[၆]လိုနဲ့ ဖခင်ကြီးဟာ သူ့သားကို ဘုရားသခင်က သူတို့အား
အဲဂုတ္တုပြည်ထဲကကယ်ထုတ်လာပုံ၊ လိုက်လျှောက်ရမယ့်ဥပဒေ’နဲ့
ဝတ်ပြုရာနေရာပေးခဲ့တာတွေကို ရှင်းပြတယ်။ တံခါးဘောင်ပေါ်က
သွေးတွေဟာ သားဦးတွေကိုဖျက်ဆီးခြင်းတမန်ရဲ့
လက်က ကင်းဝေးစေတာကို ဆက်လက်ပြောပြတယ်။ ‘ါဟာ
ပြုခဲ့သမျှသောပသခါထဲက အကြီးမြတ်ဆုံးဘဲ။
“မွရာဇဝင် (စတုတ္ထ) ၂၃း၁၇–၁၈၊ ၂၁–၂၂



# အခန်းကြီး – ၆

## သူဟာ


လိုနဲ့ အာဟပ်ဆိုတဲ့သိမ်ဖျင်းတဲ့လူတစ်ယောက်ဟာ ဣသရေလတိုင်းပြည်ရဲ့ ဘုရင်ဖြစ်လာတယ်(ဘီစီ ၉၁၈)။ သူဟာ ဇိ'ုန်ပြည်သားတွေနဲ့နီးတဲ့ ရှမာရိငေ'သမှာနေတယ်။ ဇိ'ုန်ပြည်သားတွေဟာ ဗာလကိုကိုးကွယ်ကြတယ်။ အာဟပ်မင်းဟာ ဗာလယဇ်ပုရောဟိတ်တစ်ယောက်ရဲ့ သမီးနဲ့ချစ်ကျွမ်းဝင်ခဲ့တယ်။


ယေဇဗေလဟာ ဘာသာရေးကို တဇောက်ကန်း သက်ဝင်ယုံကြည်သူဖြစ်တယ်။ သူမဟာ ဣသရေလရဲ့ဘုရားကိုအလွန်မုန်းတီးပြီးဗာလကိုးကွယ်မှုကိုတပြည်လုံးပြန့်နှံ့စေတယ်။


ယေဟောဝါ
ရဲ့ပရောဖက်အားလုံးရှာပြီး
သတ်ပစ်လိုက်။ ဗာလ
သာလျှင်ဘုရားဖြစ်ရမယ်။
ဘုရင်မှာ ယေဟောဝါကို ကိုးကွယ်တ
ဩဗဒိဆိုတဲ့ မင်းအမှုထမ်း
တစ်ယောက်ရှိတယ်။
ဘုရားသခင်ရဲ့
ပရောဖက်တွေကိုရှာပြီးသ
တိပေးရမယ်။




“မ္မရာဇဝင် (တ) ၁၆း၂၈၊ ၃၁၊ ၁၈း၄


ါပေမယ့်အသက်ရှင်တဲ့
ဘုရားရဲ့ပရောဖက်တစ်ပါး
ကတော့ပုန်းမနေဘူး။
သူဟာ ဧလိယဘဲ။


အိုး – အာဟပ်မင်းကြီး
သင်ဟာသင့်ဘိုးဘေးများရဲ့ဘုရားကို
မျက်ကွယ်ပြုပြီး သင့်မယား ယေဇဗေလရဲ့အလို
အတိုင်း ကောက်ကျစ်သည့်အမအရာကို
ပြုတဲ့အတွက်သင်လျစ်လျူရထားတဲ့ယေဟောဝါက
ဣသရေလ ပြည်ထဲမှာသူ့အမိန့်မကျမချင်း
ယခုမှစပြီးမိုးရေတစက်မကျစေရကြောင်း
ပြောထားတယ်။
ဟာ–ဟာ–ခင်ဗျားကိုခင်ဗျား ပရောဖက်လို့
ထင်တယ်ပေ့ါလေ၊ ဟုတ်လား။ ကောင်းပြီ၊
ကျုပ်မှာရှိတဲ့ ပရောဖက် အပါး (၁၀၀၀) မိုးခေါင်
ရေရှားဖြစ်မနဲ့ပတ်သက်ပြီး ဘာမှမပြောထားပါလား။
ဤနှစ်များအတွင်းလည်း မိုးများ နေတာဘဲ။ ခင်ဗျားဟာ
အလကားအသုံးမကျတဲ့သူဘဲ။
ကျုပ်ရှေက အခုထွက်သွားစမ်း။


ငတ်မွတ်ခေါင်းပါးမှုဟာ ဆိုးလာတာနဲ့အမျှ လူတွေဟာငတ်ပြတ်လာတယ်။ ပရောဖက်အတုအယောင်တွေက ဗာလကိုအကူအညီတောင်းခံပေမယ့် ဗာလဘာမှမတတ်နိုင်ဘူး။ ခြောက်သွေ့မှုဟာလွန်ကဲလာပြီး၊ မိုးတစ်စက်ဆိုစလောက်မကျဘူး။ ဘုရားသခင်ဟာ ဧလိယကို မိုးပြန်ရတဲ့အထိ နေစရာနဲ့ စားစရာတောင်းခံဖို့ရန် မုဆိုးမတစ်ယောက်အိမ်ကို စေလွှတ်လိုက်တယ်။
ကျွန်တော့်ကို ရေတပေါက်နဲ့ မုန့်တစ်ချပ်လောက်ပေးလို့ ရမလားခင်ဗျာ။
အမှန်အတိုင်းပြောရရင် ကျွန်မမှာ ပေါင်မုန့်လေး ၂ လုံးစာလောက်ဘဲ ဖုတ်လို့ရတဲ့ဂျုံနဲ့ ဆီဘဲကျန်ပါတော့တယ်ရှင်။ ကျွန်မသားလေးနဲ့ ကျွန်မအတွက်ဖုတ်ဖို့ စီစဉ်နေတုန်းပါဘဲရှင်။ ‘ဒါတွေကို စားပြီးရင် ကျွန်မတို့သေရမယ့် အချိန်ကို လဲလျောင်းရင်းစောင့်စားမလို့ပါဘဲရှင်။ ကျွန်မတို့မှာဘာမျှော်လင့်ချက် မှမရှိဘူး။ ကျွန်မတို့ရဲ့အပြစ်တွေကြောင့် ဘုရားသခင် ကျွန်မတို့ကို’ဏ်ခတ်တာပါဘဲရှင်။


မကြောက်ကြပါနဲ့။ဘုရားသခင် သင်တို့ကို ကြည့်ရပါလိမ့်မယ်။ အခုနက သင်တို့ပြောတဲ့မုန့်ကို ဖုတ်ပြီး ကျွန်တော့်ကိုအရင်ပေးပါ။ ပြီးမှသင်တို့စားပါ။
ဣသရေလတို့ရဲ့ဘုရား ယေဟောဝါရဲ့ပြောကြားချက်အရ “ဣသရေလမြေပေါ်ကို ဘုရားသခင်မိုးရွာပေးတဲ့ နေ့အထိ သင်တို့ရဲ့အိုးထဲမှာရှိတဲ့ ဂျုံနဲ့ဆီ ဘယ်တော့မှခမ်းသွားမှာ မဟုတ်ဘူး” တဲ့။




“မ္မရာဇဝင် (တ) ၁၇း၁၊ ၁၀–၁၆


ကုန်အောင်လုပ်လို့
လည်းမရဘူး။ သူ့ဖာသာ
သူပြန်တက်လာတယ်။
ါအံ့ဩဖွယ်ရာဘဲ။
ဘုရားသခင်ဟာ
ကောင်းမြတ်တော်မူတယ်။
နောက်ထပ်နှစ်နှစ်အထိ
သူတို့သုံးယောက်ဟာ
အိုးထဲမှာရှိတဲ့ ဂျုံနဲ့ဆီနဲ့ဘဲ
အသက်ဆက်ကြတယ်။


တနေ့ လေိယဟာသူနေတဲ့
မုဆိုးမအိမ်ရဲ့အခန်းထဲကိုပြန်လာ
တော့သူမရဲ့သားလေးအသက်မ
ရှိတော့တာကို တွေ့ရတယ်။
သူဟာကိုယ်ပူ
တက်လာပြီး၊ အသက်
ထွက်သွားတော့တာဘဲ။


ကျွန်မရှင့်ကိုဘာများနစ်နာအောင် လုပ်မိလို့လဲ။ ရှင့်မှာလာနေတာ ဘုရားသခင်က ကျွန်မသားလေးကိုသတ် လောက်အောင်၊ ကျွန်မရဲ့အပြစ်တွေကို လာပြီး အမှတ်ရစေတာလား။
ဣသရေလပြည်ထဲမှာ ဘုရားသခင် ကိန်းဝပ် တော်မူပါသေးတယ်။


အို – ယေဟောဝါဘုရား၊ ဤကလေးရဲ့ အသက်ဝိညာဉ် သူ့ရဲ့ခန္ဓာထဲပြန်လာစေပါ။


ဧလိယ ရဲ့ဆုတောင်းသံကို
နားညောင်းတော်မူတဲ့
ဘုရားဟာ သူငယ်လေးရဲ့
ခန္ဓာကိုယ်ထဲကို သူ့အသက
ဝိညာဉ်ပြန်ဝင်လာစေတယ်။




“မ္မရာဇဝင် (က) ၁၇:၁၇-၂၄


ငတ်မွတ်ခေါင်းပါးမှု သုံးနှစ်လောက်ကြာသွားတယ်။ လူတွေဟာငတ်ပြတ်ကြပေမယ့် အတုအယောင် ဗာလ ဘုရားကိုဘဲ ဆက်ကိုးကွယ်ကြတယ်။
ဘာ့ကြောင့် ဗာလ ကျုပ်တို့ကိုမကြားဘဲ၊ မိုးမပေးရတာလဲ။
ဗာလဟာ စကားမပြောနိုင်သော ရုပ်တုသာ ဖြစ်နိုင်တယ်၊ သူ့မှာ ကြားနိုင်တဲ့နား မရှိဘူး။


ယေဇဗေလနဲ့အာဟပ်မင်းက ငတ်မွတ်ခေါင်းပါးခြင်း
ကပ်ဆိုးအတွက် ဧလိယကိုအပြစ်တင်တယ်။ စစ်သည
တော်တွေကို တစ်ပြည်လုံးနဲ့အိမ်နီးချင်းတိုင်းပြည်တွေဆီ
တိုင်အောင်စေလွှတ်ပြီး ဧလိယကိုရှာစေတယ်။ သူတို့
ရဲ့အမိန့်ကတော့ တွေ့ရာအရပ်မှာသတ်ပစ်ဖို့ဘဲ။
ဧလိယကိုထုတ်ပေးပါ။
သူ့ကိုဖွက်ထားရင်
မင်းတို့လည်းအသေဘဲ။


အာဟပ်မင်းခင်ဗျား၊ ကျွန်တော့်ကိုရှာ နေတာလား။
ခင်ဗျားဟာ၊ ဒီဣသရေလပြည်ကို ငတ်မွတ်ခေါင်းပါးခြင်းဘေး တွန်းပို့နေတဲ့သူလား။
သင်ဟာ ဣသရေလပြည်သား တွေကို ရုပ်တုဆင်းတုတွေအားဖြင့် ဒုက္ခရောက်စေတယ်။ ယေဟောဝါနဲ့ဗာလ အကြားပြိုင်ပွဲကျင်းပရအောင် သင့်ရဲ့ ပရောဖက် (၈၅၀) ယောက်ကို ခေါ်လာပြီး ကျွန်တော့်နဲ့ ကရမေလ တောင်မှာလာတွေ့ပါ။
ပြိုင်ပွဲဟုတ်လား၊ စိတ်ဝင်စားစရာဘဲ။ ကောင်းပြီ ခင်ဗျားကို အဲဒီနေရာမှာတွေ့မယ်။


ရက်အနည်းငယ်ကြာပြီးနောက်
ကရမေလတောင်ပေါ်တွင် ...
ယုံကြည်မှုနှစ်ခုအကြားသင်ဘယ်လို
ရပ်တည်မှာလဲ။ ဘုရားတစ်ဆူတည်းရှိတယ်။ ယေဟောဝါ
ဟာဘုရားဖြစ်ရင် သူ့ကိုဘဲကိုးကွယ်ပါ။ ဗာလဟာ
ဘုရားဖြစ်ရင်သူ့ကိုဘဲကိုးကွယ်ပါ။
သင်ဆုံးဖြတ်ဖို့လိုတယ်။
ဗာလရဲ့ ပရောဖက်တို့ပြိုင်ပွဲ
အတွက် သင်တို့ကိုကျုပ်စိန်ခေါ် တယ်။
ဘယ်သူဟာစစ်မှန်တဲ့
ဘုရားဖြစ်ကြောင်းကိုသင်တို့
သိရလိမ့်မယ်။
ကောင်းပြီ၊ ဘုရား
ပြိုင်ပွဲထဲ ကျုပ်ပါမယ်။
ကျုပ်တို့ဘာလုပ်ကြမလဲ။
“မ္မရာဇဝင် (တ) ၁၈း၁၊ ၄း၁၇–၂၁


ဗာလ အတွက်ယဇ်ပလ္လင်တစ်ခုကိုဆောက်ပါ။ ကျုပ်က ယေဟောဝါ အတွက်ဆောက်မယ်။ ယဇ်ပလ္လင်ပေါ် ထင်းတွေတင်ပြီးရင်၊ ထင်းတွေအပေါ် ယဇ်ကောင်ကိုတင်ကြမယ်။ ါပေမယ့် လုံးဝမီးမရှိဘူး။
ခင်ဗျားက ဗာလ ကိုဆုတောင်းပါ။ ကျုပ်က ယေဟောဝါ ကိုဆုတောင်းမယ်။
ယဇ်ပူဇော်ဖို့ မီးကိုချပေးမယ့် ဘုရားသာလျှင် စစ်မှန်တဲ့ဘုရားဖြစ်တဲ့အတွက် သူ့ကိုသာလျှင်ကိုးကွယ်ရမယ်။ ခင်ဗျားတို့က လူအုပ်ကြီးတဲ့ အတွက်၊ ခင်ဗျားတို့အရင်စလုပ်ပါ။


အိုး – ဗာလ နေ့ကျွန်ုပ်ကို နားညောင်းပါ။ သင့်ရဲ့ကြီးမြတ်တဲ့ နာမတော်အားဖြင့် ယဇ်ကို ကျွန်ုပ်တို့ပူဇော်အပ်ပါတယ်။



အိုး – ကြီးမြတ်တဲ့ ဗာလ ဘုရား ....
အိုး – ကောင်းကင်ရဲ့ အရှင်သခင်မ၊ ကနေ့ ဗာလကို လာရောက် ကူညီတော်မူပါ။



ဗာလသာဘုရားဖြစ်ရင်၊ သူဟာခင်ဗျားတို့ကိုလည်း အရေးမစိုက်ပါလား။ အခန့်မသင့် သူဟာစကားပြောနေပြီး ခင်ဗျားတို့ကိုမကြားတာဖြစ်မယ်။ ဒါမှမဟုတ် ခရီးထွက်ရင်ထွက်၊ မဟုတ်ရင် အိပ်နေတာဖြစ်ရမယ်။
အသုံးမကျတဲ့ ကောင် --ဘာမှလည်း မလုပ်တတ်ဘူး။


“မွရာဇဝင် (တ) ၁၈း၂၂-၂၇
ရှင်းနေတာဘဲ။
သူအိပ်နေတာဖြစ်ရမယ်။
သူကြားအောင်
ကျယ်ကျယ်လေး
အော်ကြ။
ကိုယ့်လူတွေ အရှုံးမပေးပါနဲ့။
ငါတို့အသားနဲ့ ပူဇော်ရင်
ဗာလ ကျေနပ်မှာပါ။


ဗာလ ပရောဖက်တွေဟာ ထူပူလာ
ကြပြီးမြေကြီးပေါ်မှာ လူးလိမ့်နေကြတယ်။
ဗာလကြားအောင်လည်း သူတို့ရဲ့
အသားတွေကို လှီးဖြတ်ပြီးအော်ကြတယ်။
အီး
ယီး ...
အိုင်း အီး ...
ကျုပ်ရဲ့သွေးကို ပူဇော်အပ်ပါတယ်
ဗာလဘုရား။ ကျုပ်တို့ကိုနားညောင်းပြီး
မီးကိုချပေးသနားတော်မူပါ။ သင့်
ကိုယ်သင်ပြန်ကယ်နုတ်ပါ။


ဟာ–ဟာ၊ ကြည့်ပါအုံး။ ကိုးနာရီလုံးလုံး ခင်ဗျားတို့ အော်ခေါ်နေတဲ့ဘုရားက ခင်ဗျားတို့ကိုပြန်မထူးဘူး။ သူသာ ဘုရားဖြစ်ရင် သူဟာကျိန်းသေပေါက် ဘုရားဖြစ်ကြောင်း သက်သေထူမှာဘဲ။
အခု ကျုပ်အလှည့်ဘဲ။ ကျုပ်ဘာလုပ်သလဲဆိုတာကို ၆မှာသေသေချာချာလာကြည့်။
အို – ဗာလအရှင် ဘာ့ကြောင့် သင်ပြန်မထူးတာလဲ။
“မ္မရာဇဝင် (တ) ၁၈း၂၈–၃၀


ဘာ့ကြောင့်သူ တွင်းနက်နက်တူးနေရတာလဲ။
အမှောင်ကိုစောင့်ရင်း၊ သူလျှောက်လုပ်နေတာပါ။
ခင်ဗျားဘယ်တော့ ဝတ်ပြုမှာလဲ။ ဒါဟာတွင်းတူးပြိုင်ပွဲမဟုတ်ဘူး။
ရေ ၄၀ ပုံးလောက် ယူလာပြီး၊ ထင်းတွေနဲ့ ယဇ်ကောင်တွေပေါ်ကို လောင်းချလိုက်ပါ။
ရေ – ဟုတ်လား။ ရေစိုရင်ဘယ်လိုလုပ်ပြီး မီးလောင်မှာလဲ။



မစိုသေးဘူး။ နောက်ထပ်ရေ ၄၀ ပုံးထပ်လောင်းပါ။
ယဇ်ပုရောဟိတ်က အရူးဘဲ။ နေဝင်တဲ့အထိ သူနေရမှာ မဟုတ်ပါဘူး။
သူတော့ပေါက်နေပြီ။ ဂါကိုဘုရင်ကြီးက ဘာ့ကြောင့် သည်းခံနေရတာလဲ။
“မ္မရာဇဝင် (တ) ၁၈း၃၂–၃၄


ဟား – ဟား – အသက်ရှင်တဲ့ဘုရားအတွက် ခက်ခဲတာဘာရှိလို့လဲ။ နောက်ထပ်ရေ ၄၀ ပုံး ထပ်လောင်းလိုက်ပါ။ ဣသရေလမြေပေါ်မှာ ဘုရားသခင်ရှိပြီး သူ့နာမည်ဟာ ဗာလ မဟုတ်ဘူးဆိုတာကို သင်တို့သိရလိမ့်မယ်။
အာဟပ်သူ့ခေါင်း ကိုဖြတ်လိမ့်မယ်။


နောက်ဆုတ်ကြပါ။
ထပ်ဆုတ်ပါ။
နောက်တစ်လှမ်း ထပ်ဆုတ်ပါ။


ယေဟောဝါ၊ အာဗြဟံ၊ ဣဇာက်နဲ့
ဣသရေလတို့အရှင်။ ကနေ့ဟာဆိုရင် အရှင်ဟာစစ်မှန်သော
တစ်ဆူတည်းသောဘုရားဖြစ်ပြီး၊ကျွန်ုပ်သည်လည်းအရှင့်ရဲ့အမှုဆော
င်ဖြစ်ကြောင်း သူတို့အားသိမြင်စေပြီး သူတို့ရဲ့ ယုံကြည်မှုတွေကို
အရှင့်ထံသို့ပြန်လှည့်စေတော်မူပါ။




ဝရုန်း ...
အိး
ရဲ ...
အား ...
“မ္ဗရာဇဝင် (တ) ၁၈း၃၅–၃၈


အာဗြဟံရဲ့ဘုရား
ပူလိုက်တာ
မိုးကောင်းကင်က မီးပဟော့
ကူပါဦး ...


မီးအားဖြင့် အာပြဟံနဲ့ ဣဇာက်တို့ရဲ့ဘုရား အဖြေပေးပြီ။
ကျောက်နဲ့မြေမှုန့် တွေကိုတောင်ကျွမ်းသွား စေတယ်။
အဆင်းသဏ္ဌာန်မရှိဘဲ ါတွေကိုလုပ်နိုင်တာဘာ ဘုရားလဲ။





“မ္မရာဇဝင် (တ) ၁၈း၃၈–၄၀


၈၅၀ လုံးကို သတ်ပစ်။
ါပေမယ့် ကျုပ်တို့မှမသိဘဲ။
သူတို့ကိုအခ ခုတ်သတ်ပစ်။
ဗာလ ရဲ့ပရောဖက်အားလုံး အသတ်ခံရတယ်။


အိုအရှင်မင်းကြီး၊ စားသောက်ပြီးနန်းတော်သို့အမြန်ပြန်သွားပါ။မိုးအများကြီးကျလာတော့မယ်ဆိုတာကျွန်ုပ်ကြားနေရတယ်။


လွန်ခဲ့တဲ့ သုံးနှစ်ခွဲတုန်းက၊ ဧလိယဟာ သူအမိန့်မပေးမချင်းမိုးမရွာဘူးလို့
အာဟပ်ကိုပြောခဲ့တယ်။ ဗာလရဲ့ ပရောဖက်အားလုံးသေဆုံးကုန်ပြီး၊
လူအပေါင်းတို့ဟာလည်း စစ်မှန်တဲ့ဘုရားကို ပြန်လည်ကိုးကွယ်လာပြီး
နောက် မိုးရွာဖို့ ဧလိယက အမိန့်ပေးလိုက်တယ်။
မိုးကြီးဟာ မြစ်တွေကိုလျှံစေမှာဖြစ်တဲ့အတွက်
လူအပေါင်းတို့ကိုမတားဆီးစေဖို့ သူတို့ဟာ
အိမ်အမြန်ပြန် ရမယ်။
ဘုရားသခင်ရဲ့ စွမ်းအားဖြင့် ဧလိယဟာ
ဘုရင့်နန်းတော်အရောက်မိုင် ၂၀လောက်၊
မြင်းတွေရဲ့အရှေ့ကနေ
အပြေးပြန်လာနိုင်ခဲ့တယ်။


ကောင်းပြီ။ ဧလိယကို သတ်ပစ်လိုက်။ ဗာလက အခုမိုးကိုပို့ပေးပြီ။
မဟုတ်သေးဘူးရှင်မ။ ဧလိယ အပြင်မှာရှိနေတယ်။ ကရမေလ တောင်ကနေ အထိသူခြေလျင် ပြန်ပြေးလာတာ။
မဖြစ်နိုင်ဘူး။ ဘယ်သူမ စစ်မြင်းလှည်းထက်မြန်အောင် မပြေးနိုင်ဘူး။ ဗာလရဲ့ယဇ်ပုရောဟိတ်တွေရော။ မိုးအတွက် ကျွန်မတို့အောင်ပွဲခံရမယ်။
“မ္မရာဇဝင် (တ) ၁၈း၄၀–၄၁၊ ၄၄–၄၆၊ ၁၉း၁


သူတို့အားလုံးကို မောင်းသတ်လိုက်ပြီ။ သူတို့ဟာ လူလိမ် လူကောက်တွေဘဲ။


ရှင်–ဘာ။ ရှင်သေဘာက်ရူးဘဲ။
လေိယကို ရှင်သတ်ပစ်ရမှာ။


‘ါပေမယ့်မီးအားဖြင့်သူ့
ဘုရားအဖြေပေးခဲ့တယ်။
တအားအံ့သြဖို့ကောင်းတယ်။
မောင်တို့ရဲ့ယဇ်ပုရောဟိတ်
တွေအားလုံးဘာမှမတတ်နိုင်
ဘူး။ လူတွေအားလုံး
ယေဟောဝါကိုပြန်
ကိုးကွယ်ကြတယ်။


‘ါပေမယ့်လည်းရှင်မရယ်။
မောင် ဘာများလုပ်နိုင်မှာလဲ။
လူအုပ်ကြီးကို
မောင်ကြောက်တယ်။
ရှင်ကျွန်မရဲ့ယဇ်ပုရော
ဟိတ်တွေကို
သတ်ပစ်တယ်။
ရှင်အရူးဘဲ။


ဗာလရဲ့ ’ကာ်ခတ်မှုအောက်မှာ ဘယ်ဟာမှ ဧလိယကို ကယ်နိုင်မှာမဟုတ်ဘူး။
ဤအတွက် ဧလိယကို မသတ်ရရင်၊ နတ်ဘုရားတွေ ကျွန်မကို ဤထက်ပြုပါစေသား။
ငါတော့ ဤကနေထွက်သွားမှာဘဲ။




“မ္မရာဇဝင် (တ) ၁၉း၁–၄


အဖဘုရား၊ သည့်ထက်ပို၍ ကျွန်ုပ်မှာခံနိုင်ရည်မရှိတော့ပါ။ ယေဇဗေလ ကျွန်ုပ်ကိုမတွေ့မီ ကျွန်ုပ်ကိုသေခွင့်ပြုပါ။
ဘုရားရှင်ကိုယုံကြည်ရ မေ့လျော့ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကို ရှက်လိုက်တာ။ ကျွန်ုပ်ဟာ အပြစ်တွေ ကျူးလွန်တဲ့၊ကျွန်ုပ်ရဲ့ဘိုးဘေးတွေနဲ့မခြားတဲ့ အတွက် ကျွန်ုပ်ကိုသေခွင့်ပြုပါဘုရား။။


တောကြီးမြက်မည်းထဲက ဂူထဲမှာ လေးယရက်ပေါင်း (၄၀)
လောက် ပုန်းအောင်းနေတယ်။ မောရှေပညတ်တော
လက်ခံရရှိခဲ့တဲ့သိနာတောင်ကိုရောက်လာတယ်။ အဲ့ဒီမှာ
ဘုရားသခင်သူနဲ့စကားပြောတယ်။


ဧလိယ၏နေရာမှာ သင်ဘာလုပ်တာလဲ။
ကျွန်ုပ်မှလွဲပြီး အားလုံးဟာ ကိုယ်တော့်ရဲ့ဥပဒေကိုမျက်ကွယ်ပြုကြတယ်။ ကိုယ်တော့်ရဲ့ ပရောဖက်တွေ အားလုံးလည်း အသတ်ခံရပြီ။ ကိုယ်တော့်က ကိုးကွယ်ဖို့တစ်ဦးတည်းသာကျန်တော့တဲ့ ကျွန်ုပ်ကိုသူတို့က ရှာသတ်ကြတယ်။
တောင်ပေါ်ကိုသွားပြီး၊ ဘုရားရှေ့မှာသွားရပ်ပါ။


လေဝိယတောင်ပေါ်မှာရပ်
တယ်ဆိုရင်ဘဲ၊လေပြင်းဟာ
တိုက်ခတ်လာတယ်။
ဒါပေမယ့်ဘုရားသခင်
လေထဲမှာမပါဘူး။
ပြီးတော့ငလျင်လှုပ်ပေမယ့်၊
ဘုရားသခင်ဟာ
ငလျင်ထဲမှာမရှိဘူး။
နောက်ဆုံးမှာတော့ ကောင်းကင်က
မီးတွေကျလာတယ်။ ဒါပေမယ့်
ဘုရားသခင် မီးထဲမှာလည်းမရှိဘူး။
ယေဇဗေလထက် သူ့ကပိုပြီးဆိုးတာကို
ဘုရားသခင်က ဧလိယကိုပြတာဘဲ။
“မှရာဇဝင် (တ) ၁၉း၄၊ ၈–၁၂


၎လိုနဲ့ လေပြင်း၊ လျှောင်နဲ့မီးတွေအားလုံးငြိမ်းသတ် သွားတဲ့အခါ ဘုရားသခင်ရဲ့ တိုးညှင်းတဲ့အသံတော်ကို ဧလိယကြားရတယ်။ စောစောက ဧလိယကို မေးခဲ့တဲ့မေးခွန်းကိုဘဲပြန်မေးတယ်။
ဧလိယ ၎နေရာမှာ သင်ဘာလုပ်တာလဲ။
ဧလိယ ဘာမှသဘောမပေါက်သေးဘူး။ သူ့ကိုယ်သူဘဲပြန်သနားနေပြီး စောစောက အတိုင်းဘဲပြန်ဖြေတယ်။
ကျွန်ုပ်မှလွဲပြီး အားလုံးဟာ ကိုယ်တော့်ရဲ့ ဥပဒေ’ကို မျက်ကွယ်ပြုကြတယ်။ ကိုယ်တော့်ရဲ့ ပရောဖက်တွေအားလုံးလည်း အသတ်ခံရပြီ။ ကိုယ်တော့်ကို ကိုးကွယ်ဖို့တစ်ဦးတည်းသာ ကျန်တော့တဲ့ ကျွန်ုပ်ကိုသူတို့က ရှာသတ်ကြတယ်။


ကောင်းပြီ။ သင်’ါကိုဘဲ လက်ခံ ထားမယ်ဆိုရင် လေဝိရဲကိုသွားရောက် ဘိသိက်ပေးပြီး သင့်နေရာကို ဆက်ခံစေပါ။
သင်မသိသေးသော်လည်း ဣသရေလပြည်မှာ ဗာလကိုဦးမချတဲ့၊ သူ့ခြေတော်ကိုမနမ်းတဲ့ ပရောဖက်အပါး (၇၀၀၀) ရှိပါတယ်။ အခုသင့်လမ်းသင်ဆက်သွားပါ။ အာဟပ်ရဲ့မိသားစုအားလုံးသေစေရမယ်။


နွားနဲ့လယ်ထွန်နေတဲ့ ဧလိရှဲကို ဧလိယ ရှာတွေ့ပြီး ပရောဖက်အနေနဲ့ ဘိသိက်ပေးလိုက်တယ်။
သင်ဟာ ဘုရားသခင်ရဲ့ ပရောဖက်ဖြစ်ကြောင်း သူက မှာလိုက်တယ်။
ကျွန်ုပ်ရဲ့ နွားထီးကို ဘုရားသခင်ကို ဆက်ကပ်ပြီး သင့်နောက် ချက်ချင်းလိုက်လာပါမယ်။
“မ္မရာဇဝင် (တ) ၁၉း၁၂–၂၁


အာဟပ် ရဲ့နန်းတော်နံဘေးမှာ
နာဗုတ်ရဲ့စပျစ်ခြံရှိတယ်။ တခါတရံ
အာဟပ်နန်းတော်ပြူတင်းပေါက်ကနေ
အပြင် ကိုမျှော်ကြည့်လိုက်တိုင်း
စပျစ်ခြံရဲ့လှပမှုကိုသူနှစ်သက်ပြီး၊
သူ့ဥစ္စာအဖြစ်တက်မက်စိတ်ဝင်လာ
တယ်။ ၊ ါကိုသူတွေးမိလေလေ
ပို၍တက်မက်လေလေဘဲ။
ပညတ်တော်က “ကိုယ်နှင့်
စပ်ဆိုင်သောသူ၏ပစ္စည်းကို
တပ်မက်လိုချင်စိတ်မရှိစေရ”
ဟုပြောထားသော်လည်း အာဟပ်က
ယေဟောဝါကိုဂရုမစိုက်ပေ။


အာဟပ်မှာ
ငွေမြောက်များစွာရှိတဲ့အ
တွက် အဲ့ စပျစ်ခြံကို
ဝယ်ဖို့သူဆုံးဖြတ်လိုက်တယ်။
စပျစ်ခြံဟာ
ကျုပ်ရဲ့နန်းတော်နံဘေးမှာတည်ရှိ
တဲ့အတွက်ကျုပ်ကိုရောင်းလိုက်ပါ။
ထက်ပို၍ကောင်းသော
စပျစ်ခြံကိုသင့်အား
ကျုပ်ပေးပါ့မယ်။
ဘုရားသခင်ဟာ
မျိုးကိုအဖြစ်မခံနိုင်ဘူး။



၆ခြိကိုကျွန်ုပ်ဘိုးဘွားတွေ ထိန်းသိမ်းလာတာ နှစ်ပေါင်း (၅၀၀) လောက်ရှိပါပြီ။ ကိုယ့်မြေကို ကိုယ့်မျိုးနွယ် အပြင်သို့ မရောင်းရန် ဥပဒေက ဆိုထားပါတယ်။


မောင်၊ ရှင်ဘာဖြစ်နေတာလဲ။ ရှင်ဘာ့ကြောင့် အစာမစားဘဲ ၍လောက် ပူဆွေးနေရတာလဲ။
နာဗုတ်ဟာ သူ့ရဲ့ စပျစ်ခြံကို မောင့်ကို မရောင်းလို့ဘဲ။




ထွက်မြောက်ရာကျမ်း ၂၀း၁၇။ “မှရာဇဝင် (တ) ၂၁း၁–၇


ဒါကိုမင်းလုပ်ပေးနိုင်ရင် မင်းကို
ငါ့ထက် ထိုက်တန်တာတွေက
ဆောင်းပေးမယ်။ လောလောဆယ်တော့
ပါးစပ်ပိတ်ထား၊ ဒါမှမဟုတ် မင်းလည်း
သူ့လိုဘဲဖြစ်လိမ့်မယ်။


မောရှေ ဥပဒေ’ ကဖော်ပြချက်အရ’ ကိုယ်နှင့်စပ်ဆိုင်သော သူအပေါ် မတရားသက်သေမထူရဘူး’ တဲ့။
ချင်…


ဟုတ်ပြီ၊ ဒါ သူဘဲ ...
ဟုတ်၊ သူက ဘုရင်သေသင့်တယ် လို့ပြောတယ်။
ဘုရားသခင်က မာရ်နတ်ကိုစေလွှတ်ပြီး ဘုရင့်ကိုဝင်ပူးစေတယ်လို့ လည်းပြောတယ်။
ဒါဆိုသူ သေရလိမ့်မယ်။
သူတို့ဟာ နာဗုတ်ကိုဆွဲထုတ်ပြီး သတ်ပစ်လိုက်တယ်။




ထွက်မြောက်ရာကျမ်း ၂၀:၁၆။ “မ္မရာဇဝင် (တ) ၂၁:၁၀–၁၆


ဧလိယ၊ အာဟပ်ဟာ
နာဗုတ်ရဲ့စပျစ်ခြံကိုသွားရောက်
အပိုင်စီးတော့မယ်။
သူ့ကိုအဲဒီမှာသွားတွေ့ပါ။ သူ့ကို
ဒါတွေသွားပြောပေးပါ။


မင်းကြီးအာဟပ်၊ သင့်အားပြောဖို့ရန် ဘုရားသခင်ကျွန်ုပ်ကို မှာထားတာကတော့ သင်ဟာအပြစ်မဲ့တဲ့သူကို သတ်ပြီးသူ့ပစ္စည်းက သိမ်းပိုက်တယ်။ ‘ဒါအပါအဝင်သင့်ရဲ့ အခြားအပြစ်များအတွက် နေရာမှာ နာဗုတ်ရဲ့သွေး တွေကိုခွေးတွေလျက်သလို သင့်သွေးကိုလည်း ခွေးတွေလျက်လိမ့်မယ်။
ကျုပ် ရန်သူတွေ ကျုပ်ကို မှာ တွေ့ပြီလား။


ဘုရားသခင်ဆီက သင်ပုန်းလို့ရမှာ မဟုတ်ဘူး။ သူ့ပစ္စည်းကိုပိုင်ဆိုင်ရဖို့ သူ့အသက်ကို သင်သတ်တဲ့အတွက် သင့်မိသားစုအပေါ်ဘုရားသခင် မာရ်နတ်ဆိုး ကိန်းဝပ်စေမယ်။ ကလေးငယ်များအပါအဝင် သင့်မိသားစုနဲ့ ဆွေမျိုးအားလုံးသေရလိမ့်မယ်။
ဘုရားသခင် အမျက်ထွက်အောင် သင်လုပ်ခဲ့တယ်။ နန်းတော်နံဘေးမှာ ယေဇဗေလ ကိုခွေးတွေစားလိမ့်မယ်။ သင့်မိသားစုဝင် တွေမြို့ထဲမှာ သေရင်၊ သူတို့ကိုခွေးတွေ စားလိမ့်မယ်။ သူတို့တောထဲမှာသေရင် လင်းတတွေသူတို့ကိုစားလိမ့်မယ်။ ဘယ်သူမှ တင့်တယ်စွာသင်္ဂြိုဟ်ခြင်းခံရမှာမဟုတ်ဘူး။


ါဟာဘုရားရဲ့စကား တွေဘဲ။ ါတွေအားလုံး ပြီးပြည့်စုံလာလိမ့်မယ်။
မလုပ်ပါနဲ့ အုံး။ ယေဟောဝါကို ကျွန်တော် အခုကစပြီး ပူဇော်ပါတော့မယ်။
“မှရာဇဝင် (တ) ၂၁း၁၇–၂၆



ဒါဟာ လေိယဘဲ။
သူပြောတာတွေဟာမှန်
လာတာချည်းဘဲ။
အခုတော့ အာဟပ်ဟာ
ယေဟောဝါ ကိုပူဇော်တယ်။
ဒါပေမယ့်စိတ်ရော
ကိုယ်ပါမဟုတ်ဘူး။


အချိန်များစွာဖြတ်သန်းခဲ့ပြီးနောက် ပရောဖက်အတုအယောင်များဟာ အာဟပ်မင်းကို စစ်ရေးစစ်ရာတင်ပြတယ်။
ဂိလတ်ပြည် ရာမုတ်မြို့က စစ်ထိုးပါ။ အရှင့်ကိုဘုရားသခင် ကြီးမြတ်တဲ့အောင်မြင်မှုကို ပေးလိမ့်မယ်။
ပရောဖက်အားလုံးရောသဘောတူရဲ့လား။


ယေဟောဝါ ကျွန်ုပ်နဲ့စကားပြောခဲ့တယ
အာဟပ်မင်း။ သင် ဂိလတ်ပြည်ရာမုတ်မြို့ကို
စစ်သွားထိုးရင် ဘုရင်ကြီးသေရလိမ့်မယ်။
မိက္ခာ ကိုသွားအရေးမစိုက်နဲ့။ သူဟာ
ယေဟောဝါရဲ့ တစ်ဦးတည်းသောပရောဖက်
မဟုတ်ဘူး။ ကျုပ်တို့ ပရောဖက်အပါး (၄၀၀)
သိထားတာကတော့ ဂိလတ်ပြည်ရာမုတ်မြို့
စစ်ပွဲမှာဆိုရင် ကျုပ်တို့ဘက်ကအောင်ပွဲ
အကြီးအကျယ်ရလိမ့်မယ်။
မိက္ခာ ကိုကျုပ်မုန်းတယ်။
သူဘာဘဲပြောပြောမကောင်းတာချည်းဘဲ။


အာဟပ်မင်းကြီး၊ ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာ သင်ဟာလွဲမှားစွာအသက်ရှင်နေထိုင်တယ်။ သူတို့ရဲ့ လုပ်အားအတွက်ငွေယူတာ ပရောဖက်အတုအယောင်တွေကို သင်ချဉ်းကပ်တယ်။ သူတို့ဟာလိမ်လည်ပြောဆိုတယ်။


ဘုရားသခင်ရှေ့မှာကောင်းကင်
တမန်တွေရပ်နေပြီးရာဇပလ္လင်ပေါ်မှာသူထိုင်နေတာ
ကျွန်ုပ်တွေ့ရတယ်။ သူကမေးတယ် ‘ဧလိယဟာ အာဟပ်
သေရလိမ့်မယ်လို့ပြောထားကတည်းကသူ့ကိုယ်သူမထိခိုက်
အောင်သတိထားတယ်။သူ့ကိုစစ်ထွက်အောင်စည်းရုံးရမယ်။
သူသေရမယ့် ဂိလတ်ပြည် ရာမုတ်မြို့မှာ စစ်သွားတိုက်ဖို့
ဘယ်သူစည်းရုံးပေးနိုင်မလဲ။’
တစ်ယောက်တစ်ပေါက်စီအဆိုတင်သွင်းကြ
တယ်။’ါတွေကိုဆွေးနွေးပြီးတော့ကောင်းကင်တမန်
တစ်ပါးဟာအရှေ့ကိုထွက်လာပြီးပြောတယ်။



“မွရာဇဝင် (တ) ၂း၂၇၊ ၂၂း၆–၂၂


မင်းထင်တာကတော့၊ ယေဟောဝါရဲ့ ဝိညာဉ်က ကျုပ်ကနေခွာပြီး မင်းနဲ့စကားပြောတယ်ပေါ့။
ဖြန်း...



သင်ဟာ ကြောက်’ူးတုန်စွာနဲ့ ကိုယ့်အသက်အတွက် အတွင်းခန်းထဲမှာ ပုန်းနေရတဲ့အချိန်မှ ယေဟောဝါ ရဲ့ ဝိညာဉ်ဟာ ဘယ်သူနဲ့အတူရှိတယ် ဆိုတာကို သင်သိရလိမ့်မယ်။
ါကဘာလဲ။ နောက်ထပ် ဗျာိတ်တော်လား၊ ဟာ


၉လူကိုအချုပ်ထဲထည့်ပြီး ငါတိုက်ပွဲက ပြန်လာတဲ့အထိသူ့ကို မသေရုံတမယ် အစာကျွေးထားပါ။ ပြီးရင်သူ့ကို ကျုပ်တို့သတ်ပစ်မယ်။
သင်သာတိုက်ပွဲက အသက်ရှင်လျှက်ပြန်လာရင် ကျုပ်ဟာ ပရောဖက်အတုဖြစ်ပြီး၊ သေ’ဏ်ကျခံထိုက်ပါတယ်။



‘ါဟာကောင်းတဲ့အကြံဘဲ။ အရှင်မင်းကြီး ကိုယ့်ကိုယ်ကို သာမန်စစ်သားလို ဘဲဝတ်ဆင်ပါ။ ကျွန်ုပ်တို့ရဲဘော်တွေ စွမ်းစွမ်းတမံစွမ်းဆောင်နေချိန်မှာအရှင့်ကို ဘုရင်ဖြစ်ကြောင်း ဘယ်သူမှသိမှာမဟုတ်ဘူး။ အရှင်မင်းကြီးပြန်ရောက်လာတဲ့အချိန်ကျရင် အဲ့ ပရောဖက်ရဲ့မျက်နှာကိုကျွန်ုပ်တွေ့ချင်လိုက်တာ။
မှန်တယ်။ ပြီးတော့ သံချပ်အင်္ကျီဟာ မြှားတွေရဲ့ ရန်ကကျုပ်ကို ကာကွယ်ပေးလိမ့်မယ်။
“မှရာဇဝင် (တ) ၂၂း၂၄–၃၀


စစ်သားတစ်ယောက်ဟာ မြှားကို
ရန်သူရှိတဲ့နေရာကိုသာ ရမ်းသမ်းချိန်လိုက်ပြီး
သူတို့ထဲက တယောက်ယောက်
ကိုထိပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့လေထဲကို
မြောက်ပြီး အမြင့်ကြီးပစ်တင်လိုက်တယ်။











တုင် ...
အု ...
ဒဒဒ ...




“မ္ဗရာဇဝင် (တ) ၂၂း၃၄


ဘုရင်ကြီးသေမယ်ထင်တယ်။
သံချပ်အင်္ကျီ မဖုံးထားတဲ့တနေရာလေးကိုမှ မြှားထိသွားတယ်။ သူသေနေ့စေ့လို့ဘဲထင်ပါတယ်ကွာ။
အိုး ... ဘုရား ... အမလေး


စီစဉ်ဆောင်ရွက်စရာ တွေပြုလုပ်ပြီးတဲ့အထိ၊ သူ့ကို နာဗုတ်ရဲ့စပျစ်ခြံထဲမှာ ကောင်းကောင်းထားပေးပါ။


ဧလိယပြောခဲ့သလိုဘဲ၊ယေဇဗေလရဲ့တံခါးအောက်တည့်တည့်မှာ
ခွေးတွေဟာ အာဟပ်ရဲ့သွေးတွေကို လျက်နေကြတယ်။
ဒါဟာသူ့မိသားစုဝင်ထဲမှာမှ အရင်ဆုံးဘဲရှိသေးတယ်။
နောက်လူတွေဆက်ဖြစ်ဦးမယ်။




“မှရာဇဝင် (တ) ၂၂း၃၇–၃၈။ “မှရာဇဝင် (စတုတ္ထ) ၉း၈–၁၀


ခင်ဗျားဟာသောက်ရူးဘဲ။ ခင်ဗျားဟာ ဘုရားသခင်ရဲ့ ပရောဖက်လည်း မဟုတ်ဘူး။ ခင်ဗျားဟာလူလိမ်ဘဲ။ ယေဟောဝါရဲ့ပရောဖက်ပြောခဲ့သလိုဘ အာဟပ်မင်းကျသွားပြီ။
ဒါမဖြစ်နိုင်ဘူး။ အားလုံးက သဘောတူ ထားခဲ့တာဘဲ။ အာဟပ်မင်း အောင်နိုင်ရမယ်။
အားလုံးမဟုတ်ဘူး။ ခင်ဗျား ပါးရိုက်ပြီး အချုပ်ထဲသွင်းထားတဲ့ မိက္ခာ မပါဘူး။ ဒါတွေကိုလူတွေသိတဲ့အခါ ခင်ဗျားခေါင်းကိုဖြတ်လိမ့်မယ်။


သင်သွားလိုရာ သွားနိုင်ပြီ။ အာဟပ်မင်း လည်းဆုံးပြီ။
ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်။ ဘုရားသခင်ပြောခဲ့သလို ခွေးတွေလည်းသူ့ရဲ့သွေးတွေကို လျက်စားနေမှာဘဲ။


ငါတော့ပုန်းရ
တော့မယ်။


ဟာ၊ မိက္ခာပြောခဲ့တယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ ဘယ်သူနဲ့ရှိသလဲဆိုတာကို အတွင်းခန်းထဲမှာ ငါပုန်းနေရတဲ့ အချိန်မှသိရလိမ့်မယ်တဲ့။


အာဟပ်သားဟာ ဘုရင်ဖြစ်လာပြီး(၁၂) နှစ်ကြာပြီးတဲ့နောက် ယေဇဗေလဟာ ဘုရင်မဆက်ဖြစ်နေတုန်းဘဲ။ ဣသရေလတွေဟာ ဘုရားအတုအယောင်တွေကို ဆက်လက်ကိုးကွယ်ပြီး၊ ပညတ်ချက်တွေကိုလည်း ချိုးဖောက်ဆဲဘဲ။
လေိယကသူ့ရဲ့ပရောဖက်နေရာကို ဆက်ခံဖို့ ဘိသိက်ပေးထားတဲ့ လေိရှဲက အာဟပ်ရဲ့အိမ်တော်နဲ့ပတ်သက်ပြီး ဆန့်ကျင ပြောကြားထားတာကတော့ "ဖကလေးငယ်များ အပါအဝင်၊ အာဟပ်ရဲ့မိသားစုဝင်အားလုံး ပျက်စီးခြင်းရောက်ဖို့ အချိန်တန်ပြီ။ ဘယ်သူမှအသက်ရှင်လျက် မကျန်ရှိရဘူး။ ယေဇဗေလဟာ ခွေးတွေရဲ့ စားခြင်းကို ခံရမှာဖြစ်ပြီး၊ ဘယ်သူမှသူမအတွက် ငိုကြွေးပြီး သူမကို သင်္ဂြိုဟ်ပေးမှာလည်းမဟုတ်ဘူး။"




“မ္မရာဇဝင် (စတုတ္ထ) ၉း၃၀။


ငါဒီမှာရပ်နေမယ်။
ဒါမှငါ့မှာအာဏာရှိတယ်
ဆိုတာသူတို့သိလိမ့်မယ်။


ဘယ်သူ့ငါ့ဘက်မှာရှိလဲ။


ဗိုလ်ချုပ်နဲ့အတူ ကျုပ်တို့ရှိပါတယ်။
ဒါဆိုရင် ယေဇဗေလ ကိုတွန်းချပစ်လိုက်။
ရှင် လိုလုပ်လို့မရဘူး။ ကျွန်မဟာဘုရင်မဘဲ။




“မ္မရာဇဝင် (စတုတ္ထ) ၉း၃၂-၃၃


သူ့အလောင်းကို [၆]အတိုင်း ထားထားလိုက်။


ဘုရားသခင်ရဲ့ပရောဖက်ပြောခဲ့သလိုဘဲ ခွေးတွေဟာ သူမလင်ရဲ့သွေးတွေကို လျှက်တဲ့နေရာမှာဘဲ၊ ယေဇဗေလရဲ့ အသားကိုစားပြီးသူမရဲ့သွေးကိုလျှက်စား ကြတယ်။
ဂီး ...


ါပေမယ့်
ခွေးတွေဟာကောက်ကျစ်မှုပေါင်း
များစွာကို ကျူးလွန်ခဲ့တဲ့သူမရဲ့
လက်ကိုတော့မစားကြဘူး။
ပရောဖက်တွေ ပြောထားခဲ့တဲ့အတိုင်းဘ
အာဟပ်မင်းရဲ့ကလေးတွေအားလုံးကိုမြို့ထဲကလူတွေသတ်
ပစ်ကြကုန် တယ်။ သူ့မိသားစုဝင်တစ်ယောက်မှ မကျန်တော့ဘူး။
ကွင်းထဲမှာသေတဲ့သူတွေကို လင်းတတွေ
ကစားပြီး၊ မြို့ထဲ မှာသေတဲ့သူတွေကို
ခွေးတွေကစားတယ်။ မြေမြှုပ်ဖို့
ဘာတစ်ခုမှမကျန်ဘူး။ အပြစ်ရဲ့
အဖိုးအခကသေခြင်းဆိုတာအစစ်အမှန်ဘဲ။
“မ္မရာဇဝင် (စတုတ္ထ) ၉း၃၃-၃၇


ဧလိယ ဘုရားဆုတောင်းနေစဉ်မှာဘဲပရောဖက်
လုလင်ယ်လေးတွေဟာ ဧလိရှဲထံသို့လာပြီးသတင်းပို့ကြတယ်။
ဘုရားသခင်ဟာ
အချို့သောပရောဖက်လုလင်ယ်တွေနဲ့
စကားပြောခဲ့တယ်။ “နေ့ခင်ဗျားရဲ့ဆရာ
ဧလိယကို ဘုရားသခင် ကောင်းကင်ဘုံပေါ်
ပင့်ဆောင်သွားမှာကို ခင်ဗျားသိပြီလား။
ဟုတ်ကဲ့၊
ဘုရားသခင်ကျုပ်ကိုလည်း
ပြောထားတယ်။တိတ်တိတ်
နေကြ၊ ‘ါကိုလျှောက်
မပြောကြနဲ့တော့။



လေိရဲ့ သင် မှာနေရစ်ပါ။
ငါ ယေရိခေါကို သွားမယ်။
ဘုရားသခင်ရှိသ၍
ဆရာ့ကိုကျွန်ုပ်မျက်စိအောက်က
အပျောက်မခံနိုင်ပါ။
ဆရာသွားရာနေရာကို
ကျွန်ုပ်သွားမယ်။


ခင်ဗျားရဲ့ဆရာ ဧလိယ ကောင်းကင်ပေါ်ကို နေ့ပင့် ဆောင်ခြင်းခံရမှာကို ခင်ဗျားသိပြီလား။
ကျုပ်သိပါတယ်။ သိရင်လည်းကိုယ့်ဘာသာကိုယ်နေပါ။ ကျုပ်တို့ကိုအနှောင့်အယှက်မပေးပါနဲ့။ သူ့ကို ကျုပ်မျက်စိအောက်က နေအပျောက်ခံလို့မဖြစ်ဘူး။


၎ ယေရိခေါ မှာနေခဲ့ပါ။ ကျုပ် ဂျော်’န်မြစ်ကို ခဏဆင်းလိုက်ဦးမယ်။
ဘုရားသခင်နဲ့ ဆရာရှိသမျှ၊ ဆရာ့ကိုကျွန်တော်မချန်ထားဘူး။


တချို့ပရောဖက်တွေ ငါတို့နောက်ကို လိုက်လာပြန်ပြီ။
မြစ်ကို ငါတို့ ဘယ်လိုဖြတ်ရမလဲ။ နေ့ရေကြီးတယ်။
ကုန်းပေါ်ကနေ ဖြတ်မှာပေါ့။
“မ္ဗရာဇဝင် (စတုတ္ထ) ၂း၃–၇


ဖြန်း ...
ဟယ် ...
ရေတွေကွဲထွက်သွားပြီး အဲ့ဒီကြားထဲကသူတို့ဖြတ် လျှောက်သွားတာကို ခင်ဗျားတွေ့လား။
အေးတွေ့တယ်။ မောရှေ တုန်းကလိုဘဲ။
ဒါကိုတွေ့လိုက်ရတာ ငါကျေနပ်ပြီ။
ဗာလ ရဲ့ပရောဖက်တွေကို ကျုပ်မြင်စေချင်ပါဘိ။


ဒီကနေငါမထွက်ခွာသွားမှီ၊ မင်းငါ့ကိုဘာလုပ် စေချင်သလဲ။
ဆရာ့အပေါ်မှာကိန်းဝပ် နေတဲ့ဘုရားသခင်ရဲ့ဘုန်းတော် နှစ်ဆကို ကျွန်တော့်အပေါ် ကိန်းဝပ်စေပါ။
တယ်ပြီးခက်တဲ့အရာဘဲ။ ဒါပေမယ့် ငါကောင်းကင်ပေါ်ကို ပင့်ဆောင်ခြင်းခံရစဉ် ဒါတွေကိုမင်းရရှိပါလိမ့်မယ်။

“မွရာဇဝင် (စတုတ္ထ) ၂း၈–၁၁




ဝီုး ...
မြင်းရထားဟာ ဧလိယနဲ့ ဧလိရှဲကို ခွဲလိုက်တယ်။


လေပွေထဲကနေ ဧလိယဟာ ကောင်းကင်ပေါ်ကို ပင့်ဆောင်ခြင်းခံရတယ်။




“မ္မရာဇဝင် (စတုတ္ထ) ၂း၁၁–၁၃


ဧလိယရဲ့ဘုရားက ဘယ်မှာလဲ။


လေိယရဲ့တန်ခိုးတွေကို
လေိရှဲ ရသွားပြီ။
ဝှစ် ...
ကိုယ့်လူတွေ၊
နေ့တော့
တကယ့်နေ့ဘဲ။



လေဝိရဲ့ဟာ လေဝိယထက်နှစ်ဆတိုးပြီး
အံ့ဩဖွယ်ရာတွေကို ဆက်လက်စွမ်းဆောင်
တယ်။ သူဟာ ဘုရားသခင်အပေါ်
သစ္စာစောင့်ပေမယ့် လူတွေကတော့
ရုပ်တုဆင်းတု ကိုးကွယ်မှုပြုဆဲဘဲ။
လေဝိယ ရဲ့တန်ခိုးတွေကို လေဝိရှဲ ရသွားပြီ။
သူ့ကိုငါတို့ သွားရှာရမယ်။
ရှာလည်းမတွေ့ဘူး။ သူကောင်းကင်ဘုံကို ရောက်သွားပြီဘဲ။
“မွရာဇဝင် (စတုတ္ထ) ၂း၁၄–၁၆



## အခန်းကြီး – ၇


# ခရစ်တော်နှင့်ပတ်သက်၍ တင်ကြိုဟောကြားချက်များ

ဘုရားသခင်သည် လေဝိရဲ့ ပြီးနောက် အခြား ပရောဖက်များကိုလည်း
ပေါ်ထွန်းစေတော်မူ၏၊ ထိုပရောဖက်တို့မှာ ဟေရှာယ၊ ယေရမိ နဲ့
အာမုတ်တို့ဖြစ်ကြ၏။ ဣသရေလလူမျိုးတွေကို သူတို့၏ အပြစ်နှင့် ရုပ်တု
ကိုးကွယ်ရာမှ ပြန်လှည့်စေဖို့ရန် ဘုရားသခင်သည် ထိုပရောဖက်များ
အားဖြင့် စကားပြောတော်မူပြီး ဖြစ်ပျက်လာမယ့်
အကြောင်းအရာများကိုလည်း ရေးမှတ်စေတော်မူခဲ့၏။







ဟေရှာယ ၁း၂–၄၊ ၇၊ ၁၆၊ ၂၀၊ ၃၉း၇။ ယေရမိ ၂၁း၈–၁၀





ယေရမိပြောထားတာကတော
“ထာဝရဘုရားမိန့်မှာထားတော်မူသည်ကား သင်တို့ရှေ့၌ရှင်ခြင်းနှင့်
သေခြင်း လမ်းတို့ကိုငါပြပြီ။ ဤမြို့မှာနေသောသူသည် စားဘေး၊
မွတ်သိပ်ခြင်းဘေးနှင့် နာခြင်းဘေးဖြင့်သေရလိမ့်မည်။
မြို့ပြင်သို့ထွက်၍ မြို့ပြင်မှာစွဲကပ်လျှက်ရှိနေသော ခါလ်
လူတို့ဘက်သို့ဝင်စားသောသူသည် အသက်ချမ်းသာ၍၊
လုယူရသောဥစ္စာကဲ့သို့ကိုယ့်အသက်ကိုရလိမ့်မည်။
ထာဝရဘုရားမိန့်မှာတော်မူသည်ကား ဤမြို့ကိုကျေးဇူးမပြု၊
အပြစ်ပြုခြင်းငှာငါသည် မျက်နှာထားသည်ဖြစ်၍ ဤမြို့က
ဗာဗုလုန်ရှင်ဘုရင်လက်သို့ ငါအပ်သဖြင့် သူသည်မီးရှို့လိမ့်မည်။




ပရောဖက် ယေရမိ အားဖြင့် ထာဝရဘုရား
မိန့်မှာတော်မူသည်မှာ “ငါကိုယ်တိုင်လည်း
အလွန်ပြင်းစွာ ထွက်သောအမျက်အရှိန်အားကြီး၍
ဆန့်သောလက်၊ သန်စွမ်းသောလက်ရုံးဖြင
သင်တို့ကိုတိုက်မည်။ ဤမြို့၌နေသော လူ၊ သတ္တဝါနှင့်
တိရိစ္ဆာန်တို့ ကို ငါသည်’ဏ်ခတ်၍ ပြင်းစွာ
သောကာလနာဖြင့် သေရကြလိမ့်မည်။ ထိုနောက်
နာဘေး၊ စားဘေး၊ မွတ်သိပ်ခြင်းဘေးနှင့်ကင်းလွတ်၍
ကျန်ကြွင်းသောမြို့သားတည်းဟူသော ယု’ဘုရင်
ဇေ’ကိမှစ၍ သူ၏ကျွန်များ၊ သူ၏ လူများတို့ကို
ဗာဗုလုန်ရှင်ဘုရင် နေဗုခ’်နေဇာ
အစရှိသောရန်သူများ၊ သတ်ချင်သောသူများ
လက်သို့ငါအပ်၍ ထိုမင်းသည်သနားခြင်းဂရုဏာမရှိ၊
မစုံမက်၊ မနှမြောဘဲ “ားနှင့်ကွပ်မျက်လိမ့်မည်။ ငါ၏
အမျက်သည် မီးကဲ့သို့ တောက်လောင်၍
ဘာနှင့်မျှငြိမ်းသတ်၍ မရ၊ သင်တို့ကို ဗာဗုလုန်သို့
ကျွန်အဖြစ် ခေါ်ဆောင်သွားပြီး
“ားဖြင့်ကွပ်မျက်လိမ့်မည်။ ထိုသို့သွားသောသူအများ
ထိုနေရာမှာ သေပြီး သင်္ဂြိုဟ်ခြင်းခံရမည်။

ယေရမိ ၂၁း၅-၁၀။ အာမုတ် ၁း၄-၇


အာမုတ်အားဖြင့် ဘုရားသခင်မိန့်မှာ
ထားတော်မူသည်မှာ “သင်အမျိုးသမီးတို့သည
နွားကဲ့သို့ သင်တို့အမျိုး သားများ
ဖြည့်ဆည်း ပေးသောသေရည်ကို
သောက်ကျူးကြ၏။ သင်တို့၏အမျိုးသားတို့
အပေါ်သင်တို့ အုပ်စိုးနိုင် တော့မည်မဟုတ်။
ဗာဗုလုန်၌ ကျွန်ပြုခြင်းခံရရန်အဖို့ ကြိုးဖြင့်ဆွဲပြီး
ခေါ်ဆောင်ခြင်းခံရမည်။”
“သင်သည်အဖိုးထိုက်သောကုလားထိုင်ပေါ်ထိုင်ပြီး
ဆီအီသောအစားကောင်းကိုစား၏။ သင်သည် ခွက်၌ပြည့်
လျှံသောစပျစ်ရည်ကိုသောက်သုံးစဉ် တေးသံစဉ်ကိုနားထောင်၏။
သင်တို့ဖြောင့်မတ်ခြင်းကို မြေပေါ်၌ချထားပြီး၊ ဆင်းရဲသားတို့ကို
ခြေဖြင့်နင်းကာ၊ ဖြောင့်မတ်သူတို့ကိုဖိနှိပ်ပြီး၊ ဆင်းရဲသားတို့၏
မတရားမှုတမှုတို့ကိုချိုးဖျက် ကြ၏။ သင်တို့စပျစ်ခြံကို စိုက်သော်လည်း
သင်တို့၏ရန်သူများက ထိုမှထွက်သောစပျစ်ရည်ကိုသောက်သုံးကြ
လိမ့်မည်။ သင်တို့၏တပ်အပေါင်းတို့ဖျက်ဆီးခြင်းခံရပြီး
သင်တို့သည်တိုင်းတပါးသို့ကျွန်အဖြစ် ခေါ်ဆောင်သွား
ခြင်းခံရလိမ့်မည်။”


အာမုတ် ၄–၆
“ဗေသလမြို့ရှိ ယဇ်ပလ္လင်တို့ကို ငါဖျက်ဆီးပြီး
သင်တို့၏အေးသောကာလနှင့်
ပူသောကာလတို့အတွက် ဆောက်လုပ်ထားသော
အိမ်တို့ကိုဖြိုချမည်။ သင်တို့သည်ဆင်းရဲသားတို့ကို
ဖိနှိပ်ပြီး၊ လာဘ်ပေးလာဘ်ယူမှုပြုကာ၊
အားနည်းသောသူတို့ကိုတိုက်ခိုက်၏။ ငါသည်
မိုးခေါင်စေခြင်း၊ ငတ်မွတ်စေခြင်းနှင့်
အနာရောဂါပြန့်ပွားခြင်းတို့ကို ဖြစ်စေသော်လည်း
သင်တို့နောင်တမရကြ။ စပျစ်ရည်တို့ကို ပိုမိုရရှိရန်
စပျစ်ခြံကိုသင်တို့စိုက်ပျိုးသော်လည်း၊ထိုမှထွက်သော
အရည်တို့ကိုသင်တို့သောက်ရလိမ့်မည်မဟုတ်”
ဟုဘုရားရှင်ကမိန့်မှာထားသည်။
မေမေ၊ သမီး
ဗိုက်ဆာလိုက်တာ။


ဘီစီ ၇၅၃
ပရောဖက်ဟောရှေ ရေးထားခဲ့သည်မှာ “ဣသရေလတို့”ားဖြင့်ခုတ်သတ်ခြင်းခံရပြီး’ ကလေးသူငယ်များ မြေ၌ ရက်စက်စွာဝပ်စင်းစေခြင်းခံရကာ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတို့၏ ဝမ်းတို့ကိုခွဲဖောက်ခြင်းခံရမည်။
လေလံဆွဲမည်။
“ဣသရေလတို့၏ အပြစ်တို့ကို ဘုရားရှင်ဖြေလွှတ်ပြီး၊ လွှတ်လပ်သောနေ့ရောက်လာလိမ့်မည်။ ဣသရေလတို့သည်ကြာပန်းကဲ့သို့ တဖန်ပွင့်လန်းလာလိမ့်မည်။ သံလွင်ပင်ကဲ့သို့ အသီးများစွာနှင့် လဘန္ဒန်ရှိ သစ်မွှေးပင် ကဲ့သို့ အနံ့သင်းလိမ့်မည်။


လေလံဆွဲမည်။
အနာဂတ်မှာ
ဗာဗုလုန်မှာနေပြီးနောက်
နှစ်များကြာတဲ့အခါ
တိုင်းပြည်အသီးသီး၌သင်တို့ပြန့်နှံ့
နေမည်ဖြစ်သည်။
ထိုပြည်၌ရှိသောသူတို့သည်
သင်တို့ကို သုတ်သင်ပြီး၊
သင်တို့၏ဥစ္စာပစ္စည်းကို ယူငင်ကာ
သင်တို့ အဖို့နားခိုစရာက
ရှာတွေ့မည်မဟုတ်ပေ။





ဟေရှာယ ၁၀း၂၁၊ အခန်းကြီး ၃၅၊ ၅၁း၁၁။ ယေရမိ ၃၀း၁၁။ ယေဇကျေလ ၁၇း၂၁။ ယောလ ၃း၂။ ဟောရှေ ၃း၁၆၊ ၁၄း၁–၆



၆စာအရတော့ ဂျူးတွေအားလုံး၇မြေက ထွက်ခွာရမှာဖြစ်ပြီးခင်ဗျားတို့နဲ့အတူ ဘာမှမယူဆောင်ရဘူးတဲ့။
၆နွားကို ငါလိုချင်တာကြာပြီ။
ဘုရားသခင်ရဲ့စကားကို ဣသရေလပြည်သားတွေ မနာခံတဲ့အတွက် ကမ္ဘာပေါ်ရှိတိုင်းပြည်အသီးသီး၌ ပျံ့နေလိမ့်မယ်။ ၁ပေမယ့် သူတို့ဘိုးဘေးတွေရဲ့မြေဆီကို ဘုရားသခင်သူတို့ကိုပြန်ခေါ်လာတဲ့အချိန်အထိ သူတို့ ဘယ်တော့မှငြိမ်သက်ခြင်းကို ရရှိမှာမဟုတ်ပေ။


ဣသရေလတပြည်လုံး ဆိတ်ငြိမ်ရာအံ့ဖွယ်ရာအရပ်ဖြစ
လိမ့်မယ်။ ဤလူမျိုးတို့သည် အနှစ် (၇၀) ပတ်လုံး
ဗာဗုလုန်ဘုရင်ရဲ့ အမှုတော်ကို ဆောင်ရလိမ့်မယ်။
နှစ် (၇၀)လွန်ပြီးသော် မမျှတစွာပြုခြင်းကြောင့် ဗာဗုလုန်ကို
ငါစီရင်ပြီး မြေကိုပြန်တည်ထောင်ဖို့ရာ ကြွင်းကျန်ရစ်သော
သူတို့ကို ငါပြန်ခေါ်ဆောင်လာမည်။
ယေရုရှလင်သည်
လယ်မြေ၌ထွန်ယက်ခြင်းခံရသည်သို့
လျစ်လျူရှုခြင်းခံရလိမ့်မည်။


ဗျာဒိတ်ဟာ ပြီးပြည့်စုံခဲ့တယ်။
ယေရုရှလင်မြေကို ရန်သူတွေက
လယ်တွေထွန်ယက်
စိုက်ပျိုးကြတယ်။
ဘုရားသခင်၏အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှာသ
ချီးမြှောက်၍တည်ကြလိမ့်မည်။ များပြားသောလူစုတို့ကလည်း လာကြ၊ လာကြ
ထာဝရဘုရား၏ တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင်၏ အိမ်တော်ကို
တက်သွားကြကုန်အံ့။ လမ်းခရီးတော်ကိုပြသသွန်သင်တော်မူ၍၊ ငါတို့သည်ခြေတော်ရာသို့
လိုက်သွားကြမည်ဟု ခရီးသွားလျှက်ပြောဆိုကြလိမ့်မည်။ တရားတော်သည်
ဇိအုန်တောင်မှလည်းကောင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ယေရုရှလင်မြို့မှလည်းကောင်း ပေါ်ထွက်လာလိမ့်မည်။


နောက်ဆုံးနေ့များ၌ ဗိမာန်တော်ကိုပြန်တည်ပြီး
လူအများပြန်လာကြလိမ့်မည်။
ထာဝရဘုရားသည် များပြားသောလူတို့တွင်
တရားစီရင်၍၊ ဝေးစွာနေလျက် အားကြီးသောသူတို့ကို
ဆုံးမတော်မူသဖြင့်၊ သူတို့”ားလက်နက်များကို
ထွန်သွားဖြစ်စေခြင်းငှာလည်းကောင်း၊ လှံများကို
တံစဉ်းဖြစ်စေခြင်းငှာလည်းကောင်း၊ ထုလုပ်ကြလိမ့်မည်။
တပြည်ကိုတပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း
နောက်တဖန်မသင်ရကြ။ လူအပေါင်းတို့သည
ကိုယ်ပိုင်သောစပျစ်ပင်၊ ကိုယ်ပိုင်သော
သင်္ဘောသဖန်းပင်အောက်မှာ ထိုင်ကြလိမ့်မည်။
ကြောက်စေသော သူတစ်ယောက်မျှမရှိရ။
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏
နှုတ်ထွက်တော်အမိန့်တော်ရှိ၏။



လူမျိုးအပေါင်းတို့သည် ကိုယ်ဆိုင်သောထာဝရဘုရား၏နာမကို
ခိုလှုံလျှက်ကျင့်နေတတ်ကြ၏။ ငါတို့ မူကားကိုယ်ဆိုင်သော
ဘုရားသခင်ထာဝရဘုရား၏ နာမတော်ကို ကာလအစဉ်အမြဲခိုလှုံလျှက်
ကျင့်နေကြမည်။ ထာဝရဘုရား၏အမိန့်တော်မူသည်ကား
ထိုကာလ၌ခြေဆွံ့သောသူကိုငါခေါ်မည်။ နှင်ထုတ်ခြင်းခံရသူကို ငါစုဝေးစေမည်။
ခြေဆွံ့သောသူကို ငါကျန်ကြွင်းစေမည်။ အဝေးသို့နှင်ထုတ်ခြင်းခံရသော
သူသည်ကြီးမားသော လူမျိုးဖြစ်စေခြင်းငှာ ငါစီရင်မည်။ ထာဝရဘုရားသည်
ဇိအုန်တောင်ပေါ်မှာ သူတို့ကိုယခုမှစ၍အစဉ်အမြဲ အုပ်ချုပ်စိုးစံတော်မူလိမ့်မည်။


ယေရမိ ၂၅း၁၁–၁၂။ မိက္ခာ ၃း၁၂ (ဘီစီ ၇၅၀–၆၈၆)၊ ၄း၁–၇



ယေရမိ ဗျာဒိတ်တော်ထားခဲ့သည်မှာ ...
ဇေဒကိမင်းသည် ထာဝရဘုရားရှေ့၌မကောင်းသော အမှုကို ပြုခဲ့ပြီ။ သူသည် သတ်ခြင်းကိုမခံရ။ သူ့လူအပေါင်းနှင့်အတူ ဗာဗုလုန်သို့သွားရောက် နေထိုင်ရလိမ့်မည်။ သူ့မျက်စိဖြင့် ဗာဗုလုန် သူကိုမမြင်ရ။ သူ့အမြင်ကိုကွယ်စေမည်။ ဗာဗုလုန်၌ သူနှစ်ပေါင်း (၇၀) ရှိနေရမည်။
နှစ် (၇၀) လွန်မြောက်သော်မြောက်ပိုင်း အင်အားကြီးသောတပ်၏ သိမ်းပိုက်ခြင်းကို ခံရမည်ဖြစ်ပြီး၊ ကြွင်းကျန်သော ငါ့လူမျိုးတို့သည် ဤမြို့နှင့် ဤဗိမာန်တော်ကို ပြုပြင်ရန်အတွက် ဤနယ်မြေသို့ပြန်လာရလိမ့်မည်။


စီရင်ခြင်းခံရပြီးနောက် သူတို့၏အပြစ်ကို
ငါဖြေလွှတ်ပြီး ယေရုရှလင်သည်လည်း
ကာလအစဉ်အဆက်
တည်နေခြင်းကိုခံရမည်။
‘စာအုပ်ကို ဗာဗုလုန်သို့
ယူဆောင်သွားပြီးလူအများ
ရှေ့မှာဖတ်ပြပါ။
သူတို့ပြန်မလာမှီဘာတွေက
သူတို့တွေ့ ကြုံခံစားရမလဲဆို
တာတွေကို သူတို့အားသိစေပါ။
‘၁၀’မင်း၏ပလ္လင်ကို ငါပြန်တည်စေပြီး
သင်တို့နယ်မြေတခုလုံးပြန်လည်
ပိုင်ဆိုင်ခွင့်ရလိမ့်မည်။




ယေရမိ ၃၄း၃၊ ၅၁း၆၀–၆၁၊ ၅၂း၁၁။ ယောလ ၃း၂၀–၂၁။ အာမုတ် ၉း၁၁–၁၅။ ယေဇကျေလ ၁၂း၁၅–၁၆


အဲဂုတ္တုကို ဗာဗုလုန်
ကစီရင်ပြီးအဲဂုတ္တုပြည်၌ နှစ်ပေါင်း (၄၀)ခန့်
လူသူကင်းမဲ့ခြင်း အဖြစ်ရောက်ရှိလိမ့်မည်။
ဗာဗုလုန် မှ လွတ်မြောက်ပြီးနောက်
အဲဂုတ္တုသည် ရှေးယခင်ကကဲ့သို့
ဘယ်သောအခါမှကြီးမားလာမည်မဟုတ်။
သို့သော်လည်း အဲဂုတ္တု၊ အာရှုရိတို့
ငါ့လူမျိုးဣသရေလတို့နှင့်
သုံးပွင့်ဆိုင်ငြိမ်းချမ်းရေးပြုသောနေ့
များတွင်မှ သူတို့အားငါကောင်းချီးပေးမည်။


ဖိလိတ္တိ ပြည်သည် ဖျက်ဆီးခြင်းခံရပြီး ဘယ်သောအခါမှတည်
မည်မဟုတ်။ ဤနိသာ ပြည်သည် ပစ်ထားခြင်းခံရမည်။
ဤပမန ပြည်သည် ဖျက်ဆီးခြင်းခံပြီး ယင်း၏သစ်နှင့်ကျောက်တို့ကို
ရေထဲမှာပစ်ချကြလိမ့်မည်။ ထိုမြေ၌မည်သူမျှနေထိုင်တော့မည်
မဟုတ်ဘဲ ကျောက်သားကဲ့သို့ချောမွေ့နေမည်ဖြစ်ပြီး၊
တံငါတို့ပိုက်ချရာအရပ်ကဲ့သို့တည်ရှိမည်။


‘ါပေမယ့် အီရန်၊ တူရကီ၊ အီသီယိုးပီးယား
နဲ့ လစ်ဗျားတို့အဆုံးထိတိုင်တည်မည်။
ဣသရေလကို သူတို့ကြိုးပမ်း
သိမ်းပိုက်တဲ့အခါ ဣသရေလရဲ့
တောင်ပေါ်မှာသူတို့သေရလိမ့်မယ်။




ယေဇကျေလ အခန်းကြီး ၂၅၊ ၂၆း၁၅–၁၉၊ ၂၉း၁၂–၁၆၊ ၃၀း၁–၈၊ ၃၈း၃၉။ ယေရမိ ၂၅း၁၅–၂၆။ အာမုတ် ၁


ဘီစီ ၆၀၅ လောက်မှာ ဣသရေလပြည်ဟာ ပရောဖက်တွေပြောထားခဲ့တဲ့ အတိုင်းဘဲ ဗာဗုလုန်ရဲ့ သိမ်းပိုက်ခြင်းကိုခံလိုက်ရတယ်။
အိုအဖ၊ ကျွန်ုပ်တို့ ဘိုးဘေး၏အပြစ်များကြောင့် ကျွန်ုပ်တို့စီရင်ခြင်းခံနေရပါတယ်။ ဤတပါးသူ၏ပြည်၌ပင်လျှင် အရှင့်ရဲ့ ဥပေ’သတွေကို လိုက်လျှောက်နိုင်ရန် ကျွန်ုပ်တို့အား ကူညီမစတော်မူပါ။


ဂျူးလူမျိုး (၅၀၀၀) ကျော်ဟာ ဗာဗုလုန်ကို စစ်သုံ့ပန်းအဖြစ်ဖမ်းဆီးခေါ်ဆောင်ခြင်းခံရတယ်။ လူငယ်နဲ့ ပညာရှိတွေကိုလည်း သူတို့တိုင်းပြည်ရဲ့အကျိုးကိုပြုနိုင်ဖို့ မျှော်မှန်းပြီးခေါ်ဆောင်လာတယ်။ သူတို့အထဲကမှ ‘ယေလ ဆိုတဲ့လူငယ်လေးတစ်ယောက်လည်းပါတယ်။ သူဟာ အာပြဟံကိုးကွယ်တဲ့ထာဝရဘုရားရဲ့ ပညတ်ချက်တွေကို အမြဲတမ်းနာခံလိုက်လျှောက်တယ်။


‘ယေလဟာတိုင်းတပါးမှာ အချုပ်သားဖြစ်ပေမယ
ဘုရားသခင်အပေါ်ဆက်လက်သစ္စာစောင့်သိဖို့
သူဆုံးဖြတ်လိုက်တယ်။ သူ့ရဲ့အရည်အချင်းတွေကို
သူကိုဖမ်းထားတဲ့သူတွေက သတိပြုမိတဲ့အတွက် ဗာဗုလုန်ရဲ့
ပညာရှိ တွေနဲ့တန်းတူသူတို့ကိုဆက်ဆံတယ်။
ကောင်းကင်နှင့် မြေကြီးအရှင်၊
စကြာဝဠာ၏ဘုရင်၊ ကောင်းကင်မှ
မုန့်တို့ကိုချကျွေးတော်မူသော
ဘုရားရဲ့ကျေးဇူးတော်ကို
ကျွန်ုပ်တို့ချီးမွမ်းပါတယ်။


ဗာဗုလုန်ဘုရင် နေဗုခဒ်နေဇာ
ဟာထူးဆန်းတဲ့အိပ်မက်ကြောင့်
လန့်နိုးလာတယ်။
ဒါဘာကိုဆိုလိုတာလဲ။
အနာဂတ်ကိုဖော်ပြဖို့ဘုရားသခင်က
ပေးတဲ့အိပ်မက်ဘဲ။




ဒံယေလ ၁း၂-၇၊ ၁၇း၂၁၊ ၂း၁-၁၁


မင်းတို့အားလုံးဟာအတုတွေဘဲ။
ဘုရားတွေမင်းတို့နဲ့စကားမပြောဘူး။ မင်းတို့နဲ့
မင်းတို့မိသားစုအားလုံး အသတ်ခံရမှာဖြစ်ပြီး
မင်းတို့ရဲ့အိမ်တွေအားလုံးကိုမစင်တွင်း
လုပ်ပစ်မယ်။


ဝမ်းနည်းပါတယ်၊ ‘ယေလ။ မနက်ဖြန်မှာသင်နဲ့အတူ ဗာဗုလုန်မှာ ရှိတဲ့ပညာရှိတွေအားလုံး အသတ်ခံရမယ်။ ဘုရင်ကြီးကသူ့ရဲ့ယဇ်ပုရောဟိတ်တွေကိုမယုံဘူး။
‘ါပေမယ့် ယေဟောဝါဘုရား ရှင်ဘုရင်ရဲ့ အိပ်မက်နဲ့ အ”ပွါယ်ကိုဖော်ပြပေးနိုင်ပါလိမ့်မယ်။ ကျုပ်တကိုယ်တည်း ဘုရားသွားရှိခိုးလိုက်ဦးမယ်။ သူ့ကိုတစ်ရက်လောက်ထပ်စောင့်ခိုင်းလို့ရမလား။


အိုအဖ၊ သင်သည်သာလျှင စကြာဝဠာ၏တစ်ဆူတည်းသော ဘုရားရှင်ဖြစ်ပါ၏။ ဖြစ်ပေါ်လာမယ အကြောင်းအရာတို့ကိုသင့်ရဲ့ကျွန် ကျွန်တော်မျိုးအားပြတော်မူပါ။ သင့်ကဲ့သို့အခြားဘုရားမရှိပါ။


ကျုပ်ကို ဘုရင်ကြီးဆီ အမြန်ခေါ်သွားပါ။
ဘုရင်ကြီးရဲ့ အိပ်မက်ကိုသင် မပြောနိုင်ရင်၊ သင့်ကိုသူ ချက်ချင်းသတ်လိမ့်မယ်။


ငါ့အချိန်ကို မဖြုန်းပါနဲ့။ ငါ့ရဲ့အိပ်မက်ကိုမင်းပြောနိုင်မလား၊ မပြောနိုင်ဘူးလား။
အရှင်မင်းကြီး၊သင်ဟာ ဘုရင်တကာရဲ့ဘုရင်ဖြစ်ပြီး ကောင်းကင်ရဲ့အရှင်ကလည်း သင့်ကိုဖန်ဆင်းထားပါတယ်။ နောက်ပိုင်းမှာဘာတွေဖြစ်မယ်ဆိုတာ သင့်ကိုသူဗျာဒိတ်ပေးပါတယ်။
စစ်မှန်သောအရှင်ဘုရား၊ စကြာဝဠာတို့ရဲ့အရှင်ထာဝရ ဘုရားက အရှင်မင်းကြီးရဲ့ အိပ်မက်ကို ကျွန်ုပ်အား ပြတော်မူခဲ့ပါတယ်။
ယေလ ၂း၁၂-၃၀


အရှင်မင်းကြီးဟာ မြင့်မြတ်တဲ့သဏ္ဍာန်တော်က ဖျာ၉တ်ရထားပါတယ်။ ၆သဏ္ဍာန်တော်ဟာ အရှင်မင်းကြီးရဲ့ တိုင်းပြည်နဲ့ အခြားတိုင်းပြည်သုံးခုကို ကိုယ်စားပြုပါတယ်။
၉မှန်တယ်။ ငါလည်း ဘယ်သူ့ကိုမှမပြောဘူး။ သင့်ဘုရားဟာတစ်ဆူတည်းသော ဘုရားဘဲ။


အရှင်မင်းကြီး၊ သင်ဟာ ဒီရုပ်တုရဲ့ ရွှေဦးခေါင်းတော်ဖြစ်ပြီး ဘုရင်တကာတို့ရဲ့ အရှင်ဖြစ်ပါတယ်။ သင် ယု’ကို မသိမ်းမှီက ကျွန်ုပ်တို့ပရောဖက်တွေက ဘုရားသခင်သည် ကျွန်တော်တို့ရဲ့ အပြစ်တွေကိုစီရင်ပြီး သင့်အား ဒီတိုင်းပြည်ကိုအပ်နှင်းမှာ ဖြစ်ကြောင်း ဗျာဒိတ်ပေးထားခဲ့ပါတယ်။ အခုသင့်ရဲ့အုပ်စိုးမှုဟာ အံ့ဖွယ်ရာ အတိရှိပါလိမ့် မယ်။



ငွေသားရင်ဘတ်ပိုင်းဟာ
အခြားတိုင်းပြည်များဖြစ်တဲ့ မေဒိနဲ့ ပေရသ
(အီရန်) ဖြစ်ပါတယ်။ သင်သေဆုံးပြီးနောက်
ထိုတိုင်းပြည်တို့သည်ဗာဗုလုန်ကို
သိမ်းပိုက်ပြီး ကမ္ဘာကြီးကိုသင့်အတိုင်း
အုပ်ချုပ်ပါလိမ့်မည်။




ʻယေလ ၂း၃၀-၃၃၊ ၃၉-၄၃


ါနဲ့အရှင်မင်းကြီး
လူ့လက်အားဖြင့်မဟုတ်တဲ့ကျောက်
တုံးတစ်တုံးကို တောင်ကဖြတ်ယူတာက
လည်းမြင်မက်ခဲ့ပါတယ်။ ကျောက်တုံးဟာတောင
ပေါ်ကနေလှိမ့်ဆင်းလာပြီးရုပ်တုရဲ့ခြေကိုရိုက်ချိုး
ကာတိုင်းပြည်အားလုံးကို တခဏချင်း
ချေဖျက်လိုက်ပါတယ်။


၆ကျောက်တုံးဟာ
လောကကိုဆင်းလာမယ့်
ဘုရားသခင်ရဲ့သားတော်ကို
ကိုယ်စားပြုပြီး သူဟာမြင့်မြတ်
အောင် မြင်တဲ့တိုင်းပြည်ကို
ထူထောင်ပါလိမ့်မည်။
ကာလကုန်ဆုံးချိန်၌
သေသူအားလုံးတို့သည် နိုးထလာပြီး
တရားစီရင်မှုကို စောင့်ဆိုင်းကြပါ
လိမ့်မယ်။ မတရားမှုပြုသောသူများ
အရှက်ရပြီး၊အသက်ထက်ဆုံးပြစ်
‘ဏ်ချခြင်းခံရမယ်။ကောင်းမှုပြုသူများ
က ထာဝရအသက်ကိုရရှိခံစား
ရပါလိမ့်မယ်။




‘ယေလဟာ ဗာဗုလုန်မှာ (၆၈) နှစ်ခန့်ဆက်နေထိုင်တယ်။ အိပ်မက်ပေါင်းမြောက်များစွာကိုသူဘာသာပြန်ပြီးလူ့အနာဂတ် ၌ဖြစ်မယ့်အရာကို နိမိတ်ဖတ်ခဲ့တယ်။ နေဗုခ်နေဇာ သေဆုံးပြီးနောက်သူ့သား ဗေလရှာဇာက နန်းဆက်ခံတယ်။

တစ်ည ဗေလရှာဇ တို့သောက်စားပျော်ပါးနေချိန်မှာ
ထူးဆန်းတဲ့လက်တစ်ဖက်ပေါ်လာပြီးနံရံပေါ်မှာစာရေး
ထားတယ်။ ‘ယေလက ’ါကိုအ ”ပ်ါယ်ဖွင့်ဖို့ဆင့်ခေါ်ခြင်း
ခံရတယ်။ဘယ်သူမှနားမလည်တဲ့ ‘ဘာသာကို
ဘုရားသခင်က ‘ယေလအားနားလည်ခွင့်ပေးတယ်။






ေ’သနာ ၁၂း၁၃–၁၄၊ ဟေရှာယ ၉း၆–၇၊ ၄၅း၁။ ‘ယေလ ၂း၃၄–၃၅၊ ၄၄–
၄၅။ ၅း၁–၂၉။ ဗျာဒိတ် ၂၀း၁၁–၂၁း၅


ဗာဗုလုန်ကို ပေရသိတို့သိမ်းပိုက်ပြီးနောက် ပရောဖက်ယေရမိ ရေးသား
ထားခဲ့သောစာအုပ်ကို ဒံယေလ ရှာဖွေတွေ့ရှိတယ်။ ဒီစာအုပ်ဟာကျမ်းစာ
ထဲမှာပါရှိတဲ့ စာအုပ်များထဲကတစ်အုပ်ဘဲ။ အဲ့ဒီစာအုပ်ထဲမှာပါတဲ့
ဗျာဒိတ်ဖြစ်တဲ့ ဗာဗုလုန်မှာအဖမ်းခံထားရမှုဟာ အနှစ် (၇၀) သာတည်
မည်ဖြစ်ပြီးနောက် ကြွင်းကျန်သော လူမျိုးတို့သည်ယေရုရှလင်မြို့သို့ ပြန်ပြီး
မြို့ရိုးနဲ့ ဗိမာန်တော်တို့ကိုပြန်လည်မွမ်းမံမည်ဖြစ်ကြောင်းကို
ဖတ်ရတော့ ဒံယေလ တော်တော်အံ့ဩသွားတယ်။
နောက်ပိုင်း သူဆက်တွေ့ရတာကတော့ သူတို့ကို
ပြန်ဖို့အမိန့်ပေးမယ့် ပေရသိဘုရင်ကြီးရဲ့ နာမည်အစစ်
အမှန်ကိုတောင် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀)က ပရောဖက
ဟေရှာယက ဗျာဒိတ်တော်ထားခဲ့တယ်။


အခုဆိုရင် (၆၉) နှစ်ရှိပြီး တနှစ်ဘဲ
ကျန်တော့တယ်။ ကုရုမင်းဟာ ဘုရားအလိုအတိုင်း
လိုက်တဲ့ဘုရားရဲ့လူလို့ တော့ပြောထားတယ်။
သူဟာကျွန်ုပ်တို့ကို အိမ်ပြန်ဖို့အမိန့်ပေးလိမ့်မယ်။
စကြါဝဠာရဲ့သခင်ကျွန်ုပ်တို့ဘုရားသခင်ရဲ့
ဂုဏ်တော်ကို ချီးမွမ်းပါတယ်။


အာဗြဟံ ကိုဘုရားသခင်ကတိပေးထားခဲ့သလိုဘဲ၊ ဘုရားသခင်ဟာ ကျွန်ုပ်တို့အမိမြေကို ထာဝရပိုင်ဆိုင်ခွင့်ရဖို့ ပေးထားခဲ့တယ်။ ကျုပ်တို့ရဲ့ဘိုးဘေးတွေအား အခြားဘုရားတွေကို ကိုးကွယ်ရင်ကျွန်ုပ်တို့ရန်သူရဲ့လက်တွင်း သက်ဆင်းရလိမ့်မယ်လို့လည်း သတိပေးထားတယ်။ ဒါပေမယ့် သူ့လူတွေကို ဘယ်တော့မှ မမေ့ဖို့ကိုတော့ ကတိပေးထားခဲ့တယ်။ ဘုရားသခင်ရဲ့စကားဟာတည်တယ်။ အခုကျုပ်တို့ပြန်လာရပြီ။ ကျုပ်တို့သူ့ကို နာခံရမယ်။
ကျမ်းစာမှာပါရှိတဲ့ ဗျာဒိတ်တော်အတိုင်းဘဲ ကုရုမင်းဟာ အနှစ် (၇၀) ပြီးနောက်ဂျူးလူမျိုးတို့ကို ဌာနေသို့ပြန်ခွင့်ပေးတဲ့အတွက် လူပေါင်း (၅၂၀၀၀) ဟာမြို့ကိုပြန်လည်တည်ဆောက်ဖို့ ပြန်သွားကြတယ်။




၆ ယေလ ၆း၁–၂။ ယေရမိ ၂၅း၁၁–၁၂၊ ၂၉း၁၀

‘ယေလ ဟာအသက်အလွန်ကြီးပြီဖြစ်တဲ့အတွက်
အခြားသူတွေနဲ့အတူသူမပြန်ဘူး။ လက်ရှိ ဗာဗုလုန်မြို့ မှာရှိတဲ့
မေဒိ–ပရေသိအင်ပါယာဘုရင်များရဲ့ အကြံပေးအရာရှိအဖြစ်
ဆက်လက်အမှုထမ်းဆဲဘဲ။ အနာဂတ်နဲ့ ပတ်သက်ပြီး၊
နောက်ဆုံးသောကာလတို့ကိုပင်လျှင် ဘုရားသခင်ကသူ့ကို
ဗျာဒိတ်တော်အချို့ပေးထားတယ်။ တနေ့
သူသတ္တုသားရဲတိရိစ္ဆာန်အကြောင်းကို အိပ်မက်ပြီး
ကောင်းကင်တမန်က အဓိပ္ပါယ်ကိုဖွင့်ဆိုပြတယ်။







‘ယေလ ၇း၁၇–၂၈။ မဿဲ ၂၄း၄–၂၅


စတုတ္ထမြောက်တိုင်းပြည်ဟာ သံထည်လိုဘဲ၊
ပေါ်ထွက်ပြီးခဲ့တဲ့နိုင်ငံတွေထက် ပိုစွမ်းအားကြီးပြီး ရက်စက်ကြမ်းကြုတ်တယ်။
သူဟာအားလုံးကို သိမ်းပိုက်လိမ့်မယ်။ ဒါပေမယ့် နောက်ဆုံးမှာ
ပြည်ဟာ ဆယ်ပြည်ထောင် လောက်ပြိုကွဲသွားပြီးတဲ့အချိန်မှာ
ငြိမ်းချမ်းရေးစကားကိုဆိုမယ့်သူတစ်ယောက်ပေါ်ထွက်လာလိမ့်မယ်။
သူဟာ အဲ့သားရဲရဲ့ ဦးခေါင်းပေါ်မှာပေါက်တဲ့ နောက်ဆုံးဦးချိုဘဲ။
နောက်ဆုံးသောနေ့ရက်တွေမှာ သူဟာငြိမ်းချမ်းရေး
စကားဆိုသယောင်ယောင်နဲ့ အားလုံးကို သိမ်းပိုက်ဖျက်ဆီးပစ်မှာဖြစ်တယ်။
သူဟာ သန့်ရှင်းရာမြေ၊ ဂျူးတွေရဲ့ ဗိမာန်တော်မှာ ညစ်ညမ်းခြင်းကြောင့်
ယဇ်ပူဇော်မှုတို့ကိုချုပ်ငြိမ်းစေမယ့်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့အရာ
တွေကိုသူတည်လိမ့်မယ်။ ဒါပေမယ့် ဖြောင့်မတ်သောသူတို့
လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိကြလိမ့်မယ်။

‘ယေလ၊ ဘာတွေက ဘယ်အချိန်မှာဖြစ်လာမလဲ ဆိုတာကို ဘုရားသခင်က သင့်အား အသိပေးလိုတယ်။ ပညတ်တော်တွေကို မွမ်းမံပြီး ဗိမာန်တော်ကို ပြန်လည် တည်ဆောက်ချိန်ပြီးနောက် (၄၈၃) နှစ်မှာ လူတွေရဲ့အပြစ်ကြောင့် မေရှိယ ဟာ အသတ်ခံရပြီး၊ ဗိမာန်တော်လည်း ဖျက်ဆီးခြင်း ခံရလိမ့်မယ်။ “ဗျာ”တ်ဟာ ပြီးပြည့်စုံ လာမှာဖြစ်ပြီး မေရှိယလည်း ဘိသိက်ခံရလိမ့်မယ်။ အပြစ် ဖြေလွှတ်ဖြေရှင်းခြင်း နည်းလမ်း နှင့် ထာဝရ ဖြောင့်မတ်ခြင်းတရားတို့ လူသားတို့ဆီ ရောက်လာလိမ့်မယ်။ ‘ယေလက မှတ်တမ်းတင်ထားခဲ့သလို ယေရုရှလင်မြို့သို့ မေရှိယသည် ဝင်၍ လူအပေါင်းတို့က ဝမ်းမြောက်ကြွေးကြော်ခြင်းဖြင့်ကြိုဆိုသော နေ့ရက်မှာဘဲ ၄၈၃ နှစ်ပေါင်း ပြီးပြည့်စုံခဲ့၏။



မိန်းမ၏ အမျိုးအနွယ်က ထိုဆိုးယုတ်ခြင်း(စာတန်မာရ်နတ်)လုပ်ရပ်ကို တခါတည်း ဖျက်ဆီးလိမ့်မည်ဟု ဘုရားသခင်က အာဒံနဲ့ဧဝကို ပြောခဲ့တယ်။ နောင်ကို ဘုရားသခင် ပြောထားတာက မေရှိယဟာ ဟာမနဲ့ ယာဖက်တို့မှ မဟုတ်ဘဲ ရှေမရဲ့ မျိုးဆက်မှတဆင့် ပေါ်ထွက်လာလိမ့်မယ်လို့ ပြောထားတယ်။ အာဗြဟံကိုတော့ ကယ်တင်ရှင်ဟာ သူ့ရဲ့သား ဣဇာက် ကတဆင့် ပေါ်ထွန်းလာမယ်လို့ ပြောထားတယ်။ ဣဇာက်ကိုတော့ ကတိထားတော်မူတဲ့သူဟာ ယာကုပ် ကနေတဆင့်လို့ ပြောပြီး ယာကုပ်ကိုတော့ ခရစ်တော်ဟာ ယုဒကနေ ပေါက်ဖွားလာမယ်လို့ ပြောထားတယ်။

ကတိပေးထားသော ကယ်တင်ရှင် အကြောင်းကို တိတိကျကျနှင့် တော်တော်များများသော ဗျာဒိတ်တော်ဖြင့် ဘုရားသခင်က ပရောဖက်များထံသို့ ပေးထားခဲ့တယ်။ ထိုသခင်သည် ရှေးကပ ကမ္ဘာမှစ၍ ပေါ်ထွန်းလာသော အရှင်ဖြစ်၏။ ထိုသခင်သည် ယုဒပြည် ဗက်လင်မြို့၌ ရှိသော အပျိုကညာမှ ဖွားမြင်ခြင်းကို ခံလိမ့်မည်။ သူသည် နှိမ့်ချသောအသွင်ကို ဆောင်၍ နှိမ့်ချလှစွာ မြည်းကို စီးပြီး ပေါ်လာလိမ့်မယ်။ ဘုရားသခင်၏ ဝိညာဉ်တော် သူ့အပေါ်မှာတင်၍ သူသည် လူအမျိုးမျိုးတို့က တရားပေးလိမ့်မည်၊ သူသည် လူအပေါင်းတို့၏ အလင်းဖြစ်လိမ့်မည်၊ သူသည် ကယ်တင်ခြင်းက ဤကမ္ဘာမှာ ရှိတဲ့လူအပေါင်းတို့အတွက် ယူဆောင်လာလိမ့်မယ်။ သူသည် ‘ကွဲဆင်းရဲရောက်တဲ့မေရှိယဖြစ်လိမ့်မည်၊ သူ့၏ လူမျိုးတွေရဲ့ ငြင်းပယ်ခြင်းကို ခံရပြီး သူ့လက်နှင့် ခြေတို့ကို သံဖြင့် ဖောက်၍ သတ်ခြင်းခံရမည်။ ကိုယ်လုံးတီးအဆွဲချခံထားရပြီး ရေငတ်သောအခါ ရေမရဘဲ ရှလကာရည်ကို ပေးလိမ့်မည်။ သူသည် သူခိုးနှစ်ယောက်အကြား၌ သေပြီး သဌေး၏ ဂူသင်္ချိုင်း၌ မြှုပ်နှံခြင်းခံရလိမ့်မည်။


‘ယေလ ပြောခဲ့တဲ့ပေါ်ထွက်လာမယ့် တိုင်းပြည်လေးပြည်ဟာ ဗျာ ိတ်တော် ရှိခဲ့သည့်အတိုင်း ပြီးပြည့်စုံလာခဲ့တယ်။ (ဘီစီ ၃၃၀) တုန်းက၊ ဟေလသပြည်ရှင်ဘုရင် မဟာအလက်ဇန္ဒားဟာ ကြီးမားလှသော မေ ိ–ပရေသိအင်ပါယာအပါအဝင် အဲ ိတုန်းက သိထားတဲ့ ကမ္ဘာကြီးကို သိမ်းပိုက်ဖို့ (၇) နှစ် ကြာအောင်ဆောင်ရွက်ခဲ့တယ်။ ဟေလသတိုင်းပြည်ရဲ့ဘုန်းတန်ခိုးဟာ ဘီစီ ၁၆၇ အထိအ””န့်ရှည်ခဲ့တယ်။ ပြီးတဲ့အခါ စတုတ္ထမြောက်နိုင်ငံ၊ ရောမနိုင်ငံက စတင် ကျူးကျော်သိမ်းပိုက်တော့တယ်။

ရောမဟာ နေဗုခ ိနေဇာရဲ့ အိပ်မက်ထဲမှာ ပါရှိတဲ့ ရုပ်တုရဲ့ သံခြေထောက်နဲ့ ခြေဖမိုး အသွင်ဆောင်ပြီး၊ ‘ယေလ ရူပါရုံရခဲ့တဲ့ သတ္တုသားရဲ အသွင်ဆောင်ပြီး၊ (ဘီစီ ၅) တုန်းက ပရောဖက် ဗျာ ိတ်ပေးထားတဲ့အတိုင်းဘဲ သူ့ရဲ့ အာဏာနဲ့ နယ်မြေကို ချဲ့ထွင်ခဲ့တယ်။ ဣသရေလကို တင်းကျပ်စွာအုပ်ချုပ်ခဲ့တယ်။

# နှစ်ပေါင်း (၅၀၀) ကြာပြီးနောက်

နှစ်ပေါင်း (၅၀၀) ကြာပြီးနောက်၊ (ဘီစီ ၆) တုန်းက ဒံယေလ တင်ကြိုဟောထားတယ် ရောမဟာ ဂျူးတွေကိုလွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးပေမယ့် အခွန်အတုပ်ကိုတော့ လွန်ကဲစွာ တိုးမြှင့်တောင်းခံတယ်။ ဗိမာန်တော်ကို ပြုပြင်ပြီး ဂျူးလူမျိုးများဘဝရဲ့ အဓိကအပိုင်းအဖြစ်ရပ်တည်တယ်။ လူအများစုဟာ ပေါ်ထွန်းလာမယ့် မေရှိယ နဲ့သက်ဆိုင်တဲ့ ဗျာဒိတ်ကို မေ့သွားကြတယ်။ ဒါပေမယ့် တချို့ကတော့ဥပဒေတွေကို ထိန်းသိမ်းထားပြီး ခရစ်တော်ကို မျှော်လင့်ဆဲဘဲ။ အဲ့ဒီအထဲမှာ ရှုမောင် ဆိုတဲ့အဖိုးကြီးလည်းပါတယ်။ သူဟာ သူတော်စင်ဖြစ်ပြီး ပရောဖက်တွေကပြောထားတဲ့သူကိုမြင်တွေ့လိုစိတ်တအားပြင်းပြတယ်။ ဒီဗျာဒိတ်တွေကို သူသည် နှစ်တော်တော်များများလေ့လာခဲ့ပြီးဖြစ်တဲ့အတွက် အချိန်ဟာနီးကပ်လာပြီဆိုတာကို သူသိတယ်။ ဒါပေမယ့် သူဟာ အသက်ကြီးနေပြီဖြစ်တော့ သိပ်ကြာကြာနေရတော့မယ် မထင်ဘူး။ မိန်းမ၏ အမျိုးအနွယ်သည် လာ၍ ဆိုးယုတ်ခြင်း၏ လုပ်ရပ်တွေကို ဖျက်ဆီးလိမ့်မည်ဟု ဧဝ ထံ၌ ဘုရားသခင် ပထမဆုံး ကတိတော်ဟာ  နှစ်ပေါင်း ( ၄၀၀၀) ခန့်ရှိနေပါပြီ။

ထိုကတိတော်ဟာ  ယခုအချိန်ဘဲပေ့ါ၊ တင်ကြိုဟောကိန်း  ၃၅၀ ကျော်ဟာ ပြီးပြည့်စုံရန် အချိန်အသင့်ရှိနေပြီ။



## အခန်းကြီး – ၈

# “မှသစ်၊ ခရစ်တော်၏ မွေးဖွားခြင်းနှင့် ဖျားယောင်း သွေးဆောင်ခြင်း


အို အာဗြဟံ၊ ဣဇာက်နဲ့ ယာကုပ်တို့ရဲ့ဘုရားသခင်၊ ကယ်တင်ရှင်ကိုကျွန်တော်မျိုး စောင့်နေပါသော်လည်း ကျွန်တော်မျိုး ကြာကြာနေရတော့မယ်မထင်ပါ။
သင်ကြာကြာမနေရဘူးဆိုတာ မှန်ပါတယ်။ သို့သော် ကတိထားတော်မူခြင်းခံရသူကို သင်မသေမီ တွေ့ရပါလိမ့်မယ်။


ရှမောင်ဟာ ဗျာဒိတ်တော်အတိုင်း ရေးသားထားတဲ့ကျမ်းချက်တွေကို လှန်လှောပြီး ခရစ်တော်နဲ့ပတ်သက်တဲ့ အကြောင်းအရာများစွာကို တွေ့ရတယ်။
ရှမောင် သင်ဟာဒီကို နေ့တိုင်းလာတယ်။ ယဇ်ပုရောဟိတ်တွေကိုလည်း ခင်ဗျားလိုဖြစ်စေချင်လိုက်တာ။
ခရစ်တော်အကြောင်း ဟောရှာယ နိမိတ်ဖတ်ချက်တွေကိုရေးသားချက်တွေကို ဘယ်လိုထင်လဲ။ ဒီမှာပြောထားတာက အပျိုကညာဟာ သားယောကျ်ားကို ဖွားမြင်လိမ့်မယ်တဲ့။ ဝေကိုပြောထားခဲ့သလို ဒါဟာအမျိုးသမီးရဲ့ သန္ဓေဆိုတဲ့အချက်နေမှာဘဲ။
ဟုတ်တယ်။ သူ့ကိုယ်၌တန်ခိုးရှင်ဘုရားလို့သမုတ်ထားခြင်းခံရမယ်လို့လည်း ပြောထားတယ်။ ဒါပေမယ့် ဗျာဒိတ်တွေဟာ နားလည်ရခက်လှတယ်။


မိက္ခာ ၅း၂ မှာပြောထား ချက်အရ ‘သားတော်သည ဘုရားသခင်ကဲ့သို့ထာဝရဖြစ်၏’ တဲ့။ ဆာလံ ၄၅း ၆ ဗျာဒိတ်အရ ဘုရားသခင်ဟာ သားတော်က ဘုရားလို့ခေါ်တယ်။
လူအနည်းစုလောက်ဘဲသင့်ကို ထောက်ခံကြလိမ့်မယ်။ ဒါတွေကို ပေါ်ပေါ်ထင်ထင်လျှောက်မပြောနဲ့။ ခင်ဗျားကိုကျောက်ခဲနဲ့ ပေါက်သတ်ကြလိမ့်မယ်။
ခင်ဗျားတို့သိရလိမ့်မယ်။ ကျုပ်မသေခင် မေရှိယ ဟာဗိမာန်တော်ကိုလာတဲ့အခါ သူ့ကိုကျုပ်မြင်ရလိမ့်မယ်။


သူပြောတာ မှန်နိုင်တယ်။
ါနဲ့ ခင်ဗျားကဘယ်သူလဲ။ ါတွေကိုခင်ဗျားဘာ့ကြောင့် လျှောက်သိနေရတာလဲ။




ကမ္ဘာဦးကျမ်း ၃း၁၅။ ဟေရှာယ ၇း၁၄၊ ၉း၇။ မဿဲ ၁း၁၈–၂၃။ လုကာ ၁း၃၂–၃၃


ကျွန်တော့်အဖေက ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်ပြီးကျွန်တော့်ကို ဗျာတ်ရေးသားချက်တွေပေးဖတ်တယ်။ ယေလပြောထားချက်အရ ဗိမာန်တော်ကို ပြန်လည်မွမ်းမံတဲ့အချိန်ကစပြီး မေရှိယ အသတ်ခံရတဲ့အချိန်အတွင်း နှစ်ပေါင်းက (၄၈၃) နှစ်တဲ့။
အခု (၄၄၉) နှစ်ရှိသွားပြီ။ အခု (၃၄) နှစ်ဘဲကျန်တော့တယ်။ အခန့်မသင့်ရင် မေရှိယက အခုလမ်းပေါ်မှာ လမ်းလျှောက်နေလောက်ပြီ။
မဟုတ်သေးဘူး။ သန့်ရှင်းသောဝိညာဉ်တော် ကျုပ်ကိုဖွင့်ပြထားတာက၊ ကျုပ်မသေခင်မှာ မေရှိယ ကလေးလေး ကို ဗိမာန်မှာ ကျွန်ုပ်တွေ့ရလိမ့်မယ်။
ါကိုအဘ ဘယ်လိုသိရတာလဲ။
မင်းသိလာ ပါလိမ့်မယ်။

ရမောင်ဟာအသက်ကြီး
လာတာနဲ့အမျှ ကတိထား
တော်မူခြင်းခံရတဲ့ယေရကို
ဗိမာန်တော်ကနေစောင့်မျှော်ရင်း
ဇာခရိဆိုသော ယဇ်ပုရောဟိတ်
တပါး ဗိမာန်တော်မှာ
လာဆုတောင်းတယ်။ သူနဲ့
သူ့မိန်းမဟာ အသက်ကြီးပေမယ့်
အခုထိ ကလေးတစ်ခါမှ
မရပါလားလို့ပြောတယ်။


ရုတ်တရက်ဆိုသလိုဘဲ ယဇ်ပလ္လင်ရဲ့ ညာဘက်မှာ ကောင်းကင်တမန်တပါး ပေါ်လာတယ်။
မကြောက်ပါနဲ့။သင့်ရဲ့ ဆုတောင်းသံကိုဘုရားသခင်က ကြားတော်မူပြီး၊ သင့်ဇနီး ဧလိရှဗက်မှာ သားယောကျ်ားလေးကိုဖွားမြင်လာမှာဖြစ်ပြီးတော့ သူ့ကိုယောဟန်လို့ အမည်ပေးပါ။
သူမွေးလာရင် လူအများဝမ်းမြောက်ကြပါလိမ့်မယ်။ အကြောင်းကတော့ သူဟာ ထာဝရဘုရားရှေ့မှာ ကြီးမြတ်တဲ့သူဖြစ်လိမ့်မယ်။ မေရှိယရဲ့လမ်းခရီးကိုလည်း ကြိုတင်ပြင်ဆင်လိမ့်မယ်။ သူဟာစပျစ်ရည်နဲ့ ယစ်မျိုးကို မသောက်ဘဲ ဧလိယရဲ့တန်ခိုးတွေကိုရရှိ လိမ့်မယ်။


သင်ပြောတာဟုတ်မှန်ကြောင်း
ကျုပ်ဘယ်လိုသိနိုင်မှာလဲ။ကျွန်တော်တို့ဇနီး
မောင်နှံနှစ်ယောက်လုံးကလေးရဖို့အသက်
ကြီးပြီး၊ ကျုပ်မိန်းမကလည်းတသက်လုံး
မြုံနေခဲ့တာဘဲ။
ကျုပ်ဟာဘုရားသခင်ရဲ့ဘေးမှာရှိနေတဲ့
တမန်တော်ဂါပြေလဖြစ်ပြီး ”ါတွေကိုသင့်ကိုလာ
ပြောဖို့ဘုရားသခင်ကစေလွှတ်လိုက်ခြင်းဖြစ်တယ်။
‘ါတွေပြီးပြည့်စုံတဲ့အထိသင်စကားပြောနိုင်
မည်မဟုတ်ပါ။


ဇာခရိ၊ ဤတွေကိုယုံရခက်တယ်။ ကျွန်မတို့ပြည်ရဲ့မိခင်ကြီး စာရာလိုဘဲပေါ့။ အခုကျွန်မတို့ရဲ့ ဆုတောင်းသံကို ဘုရားသခင် နားညောင်းပြီး ကျွန်မကို လည်းမြင့်မြတ်တဲ့ ပရောဖက်ရဲ့အမေ ဖြစ်ခွင့်ပေးတော့မယ်။
ဤတွေနဲ့ပတ်သက်ပြီး ရှင်နဲ့ဆွေးနွေးလို့ရတဲ့အခါ ကျွန်မတအားပျော်မှာဘဲ။ အခု ဤအိမ်ကြီးက တိတ်နေတာဘဲ။ ရှင်သိထားရမှာက ဘယ်တော့မှ ဘုရားရဲ့တမန်တော်တွေကို မသက်ာတဲ့မေးခွန်းမျိုးပြန်မမေးနဲ့။


ပေါ်ထွက်လာမယ့်မေရှိယနဲ့ပတ်သက်ပြီးပရောဖက်တွေ ကနှစ်(၄၀၀၀)စောပြီကြိုတင်နိမိတ်ဖတ်ထားခဲ့တယ်။လွန် ခဲ့တဲ့နှစ်ပေါင်း(၇၀၀)တုန်းကပရောဖက်ဟေရှာယပြော ထားခဲ့တာကတော့“အပျိုကညာဟာ သားယောက်ျား လေးကိုဖွားမြင်တော်မူပြီး၊သူ့ကိုအမြင့်ဆုံးသော သားဟု သမုတ်ခြင်းခံရလိမ့်မည်။”
မာရိဟာ ယောသပ်နဲ့စေ့စပ်ထားတယ်။ သူမဟာဘယ်သူ့နဲ့မှ လိင်ဆက်ဆံရလောက်အောင် ရင်းနှီးမမျိုးမရှိချေ။သူမဟာမောရှေရဲ့ဥပဒေ’သတွေအား လုံးကိုလည်းထပ်ကြပ်မကွာလေ့လာတဲ့သူဖြစ်တယ်။


ရုတ်တရက် မာရိ ရှေ့ကို ကောင်းကင်တမန်တပါး ပေါ်လာတယ်။
မာရိ "သင်အားမင်္ဂလာ ဖြစ်စေသတည်း"ဟုဘုရားသခင် မိန့်မှာခဲ့တယ်။ သင့်မှာကိုယ်ဝန်ရှိလာပြီး ဘုရားရဲ့သားယောကျ်ားလေးကို မွေးရလိမ့်မယ်။
ကျွန်မဘယ် ယောကျ်ားနဲ့မှ မဆက်ဆံဘဲ 'ါက ဘယ်လိုလုပ်ဖြစ်လာ နိုင်စရာအကြောင်းရှိလဲ။
ဘုရားသခင်ရဲ့သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကိုကာကွယ်ပေး ထားလိမ့်မယ်။ သင်လွယ်ထားရမယ့် သန့်ရှင်းတဲ့ သန္ဓေဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်။ မြို့နေတဲ့ သင့်ရဲ့တဝမ်းကွဲဧလိရှဗက်တောင်မှအခု ကိုယ်ဝန်ခြောက်လထဲမှာရှိနေပြီ။


ကျွန်မဟာအရှင့်ရဲ့
အစေခံသာဖြစ်ပါတယ်။
အလိုတော်အတိုင်းသာ
ဖြစ်စေတော်မူပါ။
ကျွန်မအခုဘုရားသခင်ရဲ့ ရင်သွေး
လေးကို လွယ်ထားရတော့မယ်။ ယောသပ်က
ကျွန်မကိုယုံပါ့မလား။ သူနားလည်နိုင်ပါ့မလား။
ငါ့မှာကိုယ်ဝန်ရှိနေတာ လူတွေသိရင်
ဘယ်လိုထင်ကြမှာလဲ။ ငါသိပြီ။
ဧလိရှဗက်နဲ့အတူငါသွားနေမယ်။

လုကာ ၁း၅–၂၀ ၂၆–၄၀


ဧလိရှဗက် ......
မာရိ၊
ငါ့သမီးလေး ...


သင်သည်မိန်းမတကာတို့ထက်မြတ်စွာသောမင်္ဂလာရှိ၏။သင်၏ဝမ်း၌ရှိသောသူငယ်သည်လည်းမြတ်စွာသော မင်္ဂလာရှိ၏။ကျွန်မဘုရားရဲ့မိခင်က ကျွန်မဆီလာရလောက်အောင်ကျွန်မကဘာမို့လဲ။ ရှင့်အသံကိုကြားရတာနဲ့ကျွန်မဝမ်းထဲကကလေးဟာဝမ်းမြောက်စွာခုန်မြူးတယ်။
ကျွန်မရဲ့စိတ်နှလုံးဟာထာဝရဘုရားသခင်ကို ချီးမွမ်းတယ်။ ကျွန်မကိုကယ်တင်တဲ့ ဘုရားသခင်ကိုအမှီပြုပြီးကျွန်မရဲ့ ဝိညာဉ်ဟာလည်းရွှင်လန်းတယ်။သူပြုခဲ့တဲ့ကြီးမြတ်တဲ့အဖြစ်ကြောင့်လူအပေါင်းတို့ဟာမင်္ဂလာရှိသောသူဟုခေါ်ကြလိမ့်မည်။
ဘုရားသခင်ဟာနှိမ့်ချတဲ့သူကိုအမြဲချီးမြှောက်တယ်။ ကျွန်မတို့ရဲ့အဘ အာဗြဟံကိုပြောခဲ့တဲ့အတိုင်းကျွန်မတို့ကို မေတ္တာပွားတယ်။
မာရိဟာ ဧလိရှဗက်နဲ့သုံးလခန့်အတူနေထိုင်တယ်။


◔လိုနဲ့ လေရှဗက် မီးဖွားဖို့အချိန်တန်လာတယ်။
ဇာခရိ ကိုကောင်းကင်တမန် ပြောထားတဲ့အတိုင်းဘဲသူ့မှာ သားလေးရလာမယ်ဆိုတာ သူကျိန်းသေသိတယ်။
သူသာသားလေးဖြစ်ရင် သူ့အဖေလိုဘဲသူ့ကို ဇာခရိ လို့အမည်ပေးလိုက်ပေ့ါ။
ဟိုမှာသူလာပြီ။ သူ့ကိုမေးရအောင်။


သူမယုံခဲ့တဲ့အတွက်ဘုရားရဲ့ တမန်တော်ကသူ့ကိုဆွံ့အသွားစေတယ် လို့ သူပြောတယ်။
ကလေးကိုရှင် နာမည်ဘယ်လို ပေးမှာလဲ။
သူသင်ပုန်းတောင်း နေတယ်။


ကောင်းကင်တမန်အမိန့်ပေးခဲ့သလို
ယောဟန်လို့နာမည်ပေးမယ်တဲ့။
ယောဟန်ဆိုတဲ့နာမည် မိသားစု
ထဲမှာ တစ်ယောက်မှမရှိဘူး။


ယောကျ်ားလေးတော့။
အမွေးလည်းထူတယ်။


ဘုရားသခင်မှာထားတဲ့အတိုင်း ယောဟန် လို့နာမည်ပေးတယ်။ သူဟာ ကျုပ်တို့တူသရေလအမျိုးသားတွေအတွက် မေရှိယကိုမိတ်ဆက်ပေးလိမ့်မယ်။
သူစကားပြောတယ်တော့။ လောက်ကြာပြီးမှသူစကား ပြန်ပြောတယ်။
ါဟာ လေိယ ဗျာ တ်ပေးခဲ့သလိုများ ဖြစ်နေမလားဘဲ။
လုကာ ၁း၄၁–၄၆


အမေ၊ ‘ဂါကိုကျုပ်မယုံနိုင်ဘူး။
သူဘယ်ယောက်ျားနဲ့မှသွား
တာလည်းကျုပ်မတွေ့ဘူး။အချိန်တိုင်း
သူ့မိသားစုဘေးမှာဘဲသူရှိနေတာ။’ဂါ
ကိုကျုပ်လည်းမလုပ်ဘူး။ ‘ဂါပေမယ့်
အကောင်အထည်ကပေါ်နေပြီ။
သူ့မှာကိုယ်ဝန်ရှိ နေပြီ။


အိုး ယောသပ် နင် ဘာဆက်လုပ်မလဲ။
သူ့ကိုကျုပ်အခုလက်မထပ်နိုင်ဘူး။ ါပေမယ့် လူသိရှင်ကြားလည်းမလုပ်ချင်ဘူး။ လူမရေးဖောက်ပြန်မကြောင့်ခဲနဲ့အပေါက်သတ် ခံရလိမ့်မယ်။စေ့စပ်ပွဲကိုတိတ်တိတ်လေး ဖျက်သိမ်းရင်လည်းရတာဘဲ။



သူပြောတာကတော့
ကလေးအဖေက ဘုရားသခင်တဲ့။
လူလူချင်းအားဖြင့်မဟုတ်ဘဲ၊
သန့်ရှင်းသောဝိညာဉ်တော်
အားဖြင့်သူသန္ဓေတည်
လာရတာတဲ့။


အိုး – သူရှုးနေပြီလား။
သူပြောတာကလေးက ဘုရားသခင်ရဲ့သားဖြစ်ပြီး ကမ္ဘာကြီးရဲ့ကယ်တင်ရှင် ဖြစ်လိမ့်မယ်တဲ့။
‘မိန်းကလေး တစ်ယောက် အနေနဲ့ဘုရားသခင်ကိုစော်ကား တဲ့စကားဘဲ။ သူ့ကိုဝေးနိုင်သမျှ ဝေးဝေးပထုတ်ရမယ်။


အဲ့ဒီ ည ယောသပ်အိပ်ပျော်စဉ်
ကောင်းကင်တမန်ဟာသူ့ကို
ကိုယ်ယောင်ပြတယ်။
ဒါဝိဒ် ရဲ့သားယောသပ်၊
မာရိကိုသင့်မယားအဖြစ်လက်ထပ်ယူဖို့
မကြောက်ပါနဲ့။ သူမအခုသန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့်ကိုယ်ဝန်ဆောင်ရခြင်း
ဖြစ်တယ်။သူမဟာသားတော်တစ်ပါးကိုမွေးဖွား
လာပြီးသူ့ကိုယေရှုလို့အမည်ပေးရမယ်။


သူဟာလူတွေရဲ့အပြစ်ကို ကယ်နုတ်မယ့်သူဖြစ်တယ်။ ယေရှာယက ဗျာဒိတ်ပေးထားတဲ့ “အပျိုကညာဟာ သန္ဓေစွဲပြီး သားတော်လေးကိုမွေးဖွားလာပြီးသူ့ကို မောန္နေလဟုအမည်ပေးမည်”ကိုပြီးပြည့်စုံစေတာဘဲ။ မောန္နေလရဲ့ အနက်က၊ ဘုရားသခင် ကျွန်ုပ်တို့နှင့်အတူရှိတယ်။


မာရိ မင်းကို သံသယဖြစ်မိတာကို ကိုယ့်ကိုဘယ်တော့မျှား မှခွင့်လွှတ်မှာလဲ။
